

http://www.dhammadownload.com

# ဘဝပင်လယ်ခရီးသည်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်


ဘဝပင်လယ်ခရီးသည်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ယော) ဆရာတော်

ဘဝပင်လယ်ခရီးသည်
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

# ဘဝပင်လယ်ခရီးသည်

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၂၅၂ / ၂၀၀၃ (၄)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၅၁ / ၂၀၀၃ (၉)

◆ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ−၁၀၀၀

တန်ဖိုး ရှစ်ရာကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၄ ခုနှစ်၊ ဇွန်လ

◆ အတွင်းသားပုံနှိပ်

ဦးကျော်ဖင် (၀၄၂၂၉) ခိုင်ရည်မွန်ပုံနှိပ်တိုက်
အမှတ် ၈၁၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်(၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)
ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊
ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

သိရိစိစဉ်သည်

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၄၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

## မာတိကာ

### ဘဝပင်လယ်ဝေရီးသည်

ရုပ်နာမ်တွေဖြစ်ပျက်ပြောင်းလဲနေတာ
သဲ့သရာ ... ၃
အဝိဇ္ဇာတဏှာအမှောင်တွေကင်းအောင်
အားမထုတ်နိုင်ကြသေးရင် ... ၅
ဖြစ်လာရင်လည်း ပျက်ရဦးမှာ ... ၇
အဝိဇ္ဇာကမိုက်တော့
တဏှာကကြိုက်တယ် ... ၉
လျှပ်စီးလေးခဏလက်သလို
ပေါ်လာသည့် ဗုဒ္ဓသာသနာရောင် ... ၁၁
ကိုယ့်သာသနာက ကိုယ့်တစ်သက် ... ၁၅
အဝိဇ္ဇာတဏှာဖြစ်ကြောင်းကြီးအတိုင်း
သွားလိုက်ကြတာ ... ၁၉
သက်သက်သာသာလာခဲ့ရတယ်မရှိ ... ၂၁
အခဲမကျေစိတ်တွေကျန်တယ် ... ၂၃
အပူတောမှာ အေးအောင်နေ
အရှုပ်ထဲမှာ ရှင်းအောင်နေ ... ၂၅
လောကလူသားနှင့် ဓမ္မလူသား
ကွဲပြားသွားတယ် ... ၂၇
လောကလူသားနှင့်
ဓမ္မလူသားတို့၏ အရေးအတင် ... ၂၉

http://www.dhammadownload.com

ဆက်သွယ်ရေးတရားက
ညှိနှိုင်းပေးတယ် ... ၃၁
တရားလှေသင်္ဘောလေးနှင့်
ကူးကြသည့်အခါ ... ၃၃
သဒ္ဓါတရားဝမ်းမိုက်ပေါက်တော့
အဝိဇ္ဇာတဏှာရေတွေ စိမ့်ဝင်ကုန်တယ်... ၃၅
လှေမှောက်တဲ့အထဲ
အကုန်ပါသွားတယ် ... ၃၇
ဟိုဘက်ကမ်းရောက်ဖို့
သေချာအောင် ... ၄၀
တစ်လှည့်စီအကန့်လိုက်အရေးကြီးမှ
ဖြစ်မယ် ... ၄၁
ဘာလုပ်လုပ်, နိဗ္ဗာန်ရောက်ကြောင်း
ဖြစ်အောင်လုပ် ... ၄၅
ဘာကြောင့်ကလေးထိန်းတာ နိဗ္ဗာန်
ရောက်ကြောင်းဖြစ်ရသလားဆိုတော့ ... ၄၇
မသုံးမိရင် ဘဝနာမယ် ... ၄၉
သတိလွတ်တဲ့သူဟာ အနာသည်ကြီးတဲ့... ၅၁
အချိန်ထိန်းရင် အပူငြိမ်းတယ် ... ၅၃
တရားစကားနဲ့ပြောရင် ရှုံးသွပ်ခြင်းတဲ့... ၅၅
စိတ်နဲ့အာရုံမတော်တဆ
တိုက်မှုတွေက သိပ်များတယ် ... ၅၇

http://www.dhammadownload.com

သံသရာခရီးရှည်ကြီးက
ကြောက်လန့်စရာကောင်းလို့ ... ၅၉
ကိုကြွယ်နှင့် မလယ် ... ၆၁
မွေးကင်းစသားငယ်လေး
ပျောက်သွားသည့် မလယ် ... ၆၃
ဖြစ်ချင်တာတွေတခြား
ဖြစ်လာတာတွေတခြား ... ၆၅
ဆက်သွယ်ရေးမရှိသော ကြိုသလို
ခရီးသွားရတဲ့ ဘဝသံသရာ
ခရီးသည်တွေ ... ၆၇
ကြိုလည်း ကြိုတတ်ကြတယ် ... ၆၉
သွေးကစကားပြောတာပေါ့ ... ၇၁
သံဝေဂကြီးစွာ ရကြတယ် ... ၇၃
ခန္ဓာကထုတ်လွှင့်တဲ့
သတင်းမှန်တွေ သိသွားပြီ ... ၇၅
အဆိုးထဲကအကောင်း ... ၇၇
တရားလက်ဦးဖို့ အထူးလိုအပ်တယ် ... ၇၉

http://www.dhammadownload.com

# ဘဝပင်လယ်ခရီးသည်

### တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
### အဂ္ဂမဟာပဏ္ဍိတ–(ယော)ဆရာတော်

*(သာသနာတော်နှစ် ၂၅၄၃–ခု၊ ကောဇာ သက္ကရာဇ် ၁၃၆၁–ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁–ရက်၊ ခရစ်နှစ် ၁၉၉၉–ခု ဒီဇင်ဘာလ ၃–ရက် သောကြာနေ့တွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ၅–ရပ်ကွက်တောင်ပိုင်း သုမနဓမ္မဝိဟာရကြီးအတွင်း၌ သုမနဓမ္မဝိဟာရ မလွန်ဆန်လှုအသင်း ထောက်ခံ (၃၄)ကြိမ်မြောက် ဆွမ်းဆန်တော်အလှူ တရားပွဲအတွက် ဓမ္မဒါန၊ ဓမ္မလက်ဆောင်အဖြစ်ဖြင့် အမှတ်ရှယ် အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်)*

ဘဝဆိုတာ ပင်လယ်ကြီးပါ၊ မိမိတို့တစ်တွေ အားလုံးဟာ ခရီးသည်တွေပေါ့၊ ဘဝပင်လယ်ကြီး ထဲမှာ ခရီးသည်တွေ ပုံစံနဲ့သွားနေလိုက်ကြတာ၊ ထောက်တည်ရာရှိသူတွေ၊ ထောက်တည်ရာ မရှိသူ

http://www.dhammadownload.com



တွေကို ဉာဏ်မျက်လုံးတပ်ကြည့်လို့ရှိရင် ကွဲကွဲပြားပြား ခွဲခြားပြီး သိမြင်ခွင့်ရကြပါလိမ့်မယ်။

**အပ္ပမာဒေန အဏ္ဏဝံ**

အပ္ပမာဒေန-မမေ့မလျော့ မပေါ့မတန် ထက်သန်ထူးခြားအပ္ပမာဒသတိတရားဖြင့်၊အဏ္ဏဝံ-ကမ်းလည်းမမြင်, လမ်းမမြင်ရ ကျယ်ဝန်းလှသည့် ဘဝပင်လယ် မြစ်ပြင်ကျယ်ကြီးကို၊ တရတိ-ဘဝပင်လယ်ခရီးသည်ဟု တကယ်ထူးကာ ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေတော့သတည်း။

http://www.dhammadownload.com

# ရုပ်နာမ်တွေဖြစ်ပျက်ပြောင်းလဲနေတာ သံသရာ

အပ္ပမာဒသတိတရားဖြင့် ကမ်းလည်းမမြင် လမ်းမမြင်ရ ကျယ်ဝန်းလှသည့် ဘဝပင်လယ်ကြီး ကို ကောင်းမွန်စွာ ကူးမြောက်နိုင်ကြပါတယ်။

ဘဝသံသရာဆိုရာမှာ သံသရာဆိုတာက ဘေးမှာမဟုတ်ဘူး၊ မိမိရဲ့ရုပ်နာမ်ခန္ဓာတွေ အစဉ် မပြတ် ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်, အဲသလို အဝိဇ္ဇာတဏှာ သံသရာကြိုး နှစ်ချောင်း မပြတ်သေးသမျှ ဆောင်ရွက်သမျှ ကံတရားတွေက ခန္ဓာတွေ ဖန်တီးပြီးတော့ အဲဒီ ရုပ်နာမ်ခန္ဓာတွေ အဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲ နေကြတာ၊ ဒါကိုပဲ သံသရာလို့ ခေါ်တာပါ၊ ဒါကြောင့်-

http://www.dhammadownload.com



* ခန္ဓာအာဓာတ်၊ ချားရဟတ်လို၊
မပြတ်ဖြစ်ပေ၊ ဆက်စပ်နေ
မှတ်လေသံသရာ။

ခန္ဓာတွေ အာယာတနတွေ, ဓာတ်တွေ, အားလုံးခြုံလိုက်တော့ ရုပ်နာမ်ပါပဲ၊ ခန္ဓာဟာ ချားရဟတ်များလိုပဲ တလည်ထဲ လည်ပြီးတော့ နေတာ။

အဆုံးဆိုတာ ရှာလို့မတွေ့, ရပ်မယ့်အချိန်လည်းမရှိ, တရားအလုပ်ကို မလုပ်ဘူးဆိုရင် လမ်းဆုံးလည်း မျှော်လို့မရ, ရပ်မယ့်အချိန်ဆိုတာ မျှော်လို့မရ၊ ချားရဟတ်လိုပဲ တလည်ထဲလည်ပြီးတော့ ဖြစ်ပျက်ပြောင်းလဲ လည်ပတ်ပြီးတော့ နေတယ်။

* ခန္ဓာအာဓာတ်၊ ချားရဟတ်လို၊
မပြတ်ဖြစ်ပေ၊ ဆက်စပ်နေ၊
မှတ်လေသံသရာ။

http://www.dhammadownload.com

# အဝိဇ္ဇာ, တဏှာ
# အမှောင်တွေကင်းအောင်
# အားမထုတ်နိုင်ကြသေးရင်

*** အဝိဇ္ဇာမှောင်, ကင်းအောင်မပွား၊**
**မကြိုးစားလတ်, ခံအာခတ်,**
**နောက်ထပ်ဖြစ်ဦး (အုန်း)မှာ။**

သံသရာကြိုးကိုင်ထားတာက အဝိဇ္ဇာနဲ့ တဏှာ၊ အဝိဇ္ဇာဆိုတာမောဟ၊ ဆင်းရဲဒုက္ခ အပူ တည်ဆောက်ရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌပေါ့။

တဏှာဆိုတာ လောဘ, ဆင်းရဲဒုက္ခ အပူ တည်ဆောက်ရေး အဖွဲ့ရဲ့အကျိုးဆောင် အတွင်း ရေးမှူးချုပ်၊ သူတို့ခြယ်လှယ်နေကြတယ်။

http://www.dhammadownload.com



အဲဒီအမှောင်တွေကင်းအောင် ဝိပဿနာတရားကြိုးကြိုးစားစား ပွားများအားထုတ်နိုင်ခြင်း မပြုကြသေးရင်, မပြုနိုင်ကြသေးရင်တော့ မိမိရဲ့ ကိုယ်နှုတ်စိတ်ဖြင့် ဆောင်ရွက်သမျှတွေဟာ နောက်ထပ်ခန္ဓာတွေ, ရုပ်နာမ်တွေ ပေါ်လာအောင် ဖန်တီးပြီးတော့ အကျိုးပေးကြပေလိမ့်ဦးမယ်၊ ဖြစ်လာကြပေလိမ့်ဦးမယ်။

* အဝိဇ္ဇာမှောင်, ကင်းအောင်မပွား,
မကြိုးစားလတ်, ခံအာဓာတ်,
နောက်ထပ် ဖြစ်ဦး(အုန်း)မှာ။

http://www.dhammadownload.com

# ဖြစ်လာရင်လည်း ပျက်ဦးမှာ

* ဖြစ်လာပြန်က ပျက်စီးရ၊ မုချဆင်းရဲပါ။

ဖြစ်လာပြန်လည်း အခိုင်အမာတော့တစ်ခုမှ ဖြစ်လာကြမှာ မဟုတ်ဘူးဗျ၊ ယခု ရနေတဲ့ ခန္ဓာကြီးလိုပဲ ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်, ဖြစ်ပျက်နှစ်တန် နှိပ်စက်ခံရမယ့် မခိုင်မြဲတဲ့ ခန္ဓာကြီးပဲ ပေါ်လာဦးမှာပဲ၊ ဒါကြောင့်-

* ဖြစ်လာရင်လည်း
* ပျက်ဦးမှာပဲ။
* ပျက်တိုင်းလည်းနှိပ်စက်ခံရတာကြောင့်

http://www.dhammadownload.com



* ဆင်းရဲရဦးမှာပါပဲ။
* ဖြစ်လာပြန်က, ပျက်စီးရ၊ မုချဆင်းရဲပါ။

http://www.dhammadownload.com

# အဝိဇ္ဇာကမိုက်တော့ တဏှာကကြိုက်တယ်

* အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊
မောဟိုက်မဆုံး၊ အပုတုံးဖြင့်၊
နိမ့်ပြန်မြင့်ပြန်၊ အဖန်ဖန်၊
စုန်ဆန်မျောရပါ။

အဝိဇ္ဇာကမှောင်တယ်, မိုက်တယ်၊ မှောင်မိုက်တော့ တဏှာလောဘက ဘာမှ ချင့်ချိန်နိုင်စွမ်းမရှိ၊ အရမ်းကို ခန္ဓာတွေကို ကြိုက်နှစ်သက်စွဲလန်းတယ်။

ဒါကြောင့် သူတို့နှစ်ခု ရှိနေတဲ့အတွက်ကြောင့် ကိုယ်နှုတ်စိတ်ဖြင့် ဆောင်ရွက်သမျှ ကံတရားတွေဟာ ရုပ်နာမ်ခန္ဓာတွေကို အကျိုးပေးလို့ပေါ့။

http://www.dhammadownload.com



ပြီးတော့ ကိုယ်သွားချင်သလို သွားရတာ မဟုတ်၊ ကိုယ်ဖြစ်ချင်သလို ဖြစ်ရတာ မဟုတ်၊ သူတို့ ကြိုးဆွဲသလို သွားရတာဆိုတော့ နိမ့်လိုက် မြင့်လိုက် နိမ့်လိုက်မြင့်လိုက်နဲ့။

- **နိမ့်တဲ့အခါက များများ၊ မြင့်တာက စိတ်နိုင်တဲ့အခါ တစ်ခါတရံလေး၊**
- **စုန်လိုက်ဆန်လိုက်နဲ့၊ ဆန်နိုင်တာက တစ်ခါတစ်ရံလေး၊**
- **စိတ်မနိုင်လို့ စုန်ရတဲ့၊ အောက်ကိုလျော ဆင်းရတဲ့ဘဝက ရေတွက်မရအောင် အင်မတန်မှ များတာ။**

သာသနာ့မျက်လုံးရှိတုန်းလေးတော့ သေ သေချာချာ လမ်းဆုံးအထိ မျှော်မှန်းပြီး သေသေချာ ချာကြည့်ထားရမှာဗျ။

*** အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊**
**မောဟိုက်မဆုံး၊ အပူတုံးဖြင့်၊**
**နိမ့်ပြန်မြင့်ပြန်၊ အဖန်ဖန်၊ စုန်ဆန်မျောရပါ။**

http://www.dhammadownload.com

## လျှပ်စီးလေး ခဏလက်သလို ပေါ်လာသည့် ဗုဒ္ဓသာသနာရောင်

* အဝိဇ္ဇာမှောင်၊ ကင်းအောင်ဖြို့ခွင်း၊
ဉာဏ်အလင်း၊ ထည့်သွင်း မြတ်ပညာ။

အဝိဇ္ဇာအမှောင်ကြီးက တစ်သံသရာလုံး ချုပ်ကိုင်ထားတဲ့ အမှောင်ကြီး၊ အဲဒီအမှောင်ထဲမှာ ဗုဒ္ဓသာသနာဆိုတဲ့ အလင်းရောင် ပေါ်လာတယ်၊

သို့သော် သာသနာက လောကမှာ အမြဲတမ်းပေါ်လာတာလည်းမဟုတ်၊ပေါ်လာတော့လည်း အကြာကြီးနေတာလည်း မဟုတ်ပါဘူး၊ ထိန်းသိမ်းနိုင်သလောက်, စောင့်ရှောက်နိုင်သလောက် ကလေးပဲနေတယ်။

ပေါ်ပေါက်ဖို့ခက်ခဲသလို ထိန်းသိမ်းဖို့လည်း အင်မတန် ခက်ခဲပါတယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာ

http://www.dhammadownload.com



အလင်းရောင်ကြီး ရနေပါတယ်။

အဲဒီအလင်းရောင်ဟာ လောကမှာ ဘာနဲ့တူသလဲဆိုတော့ အင်မတန်မှောင်နေတဲ့ ညအခါ၊ အချိန်က သန်းခေါင်ကျော်၊ နေ့ရက်က လမသာတဲ့ လကွယ်ညကြီး။

အထက်ကလည်း မိုးတွေမှောင်လို့၊ ဒေသက သစ်ပင်တောတောင် အင်မတန်ထူထပ်တဲ့ တော အုပ်ကြီး။

အဲသလို နေရာမှောင်နေတဲ့အချိန်၊ ရှေ့လည်းမမြင်ရ၊ ဘေးလည်းမမြင်ရ၊ နောက်လည်း မမြင်ရ၊ ဘယ်သွားရမှာမှန်းလည်းမသိ၊ ဘာဆက်လုပ်ရမှန်းလည်းမသိ၊ အလင်းကို လုံးဝ မဝမရှိ၊ မှောင်နေတဲ့အချိန်ကြီးမှာ ဟိုအထက်က မိုးတိမ်တွေကရှိနေတော့ လျှပ်စီးကလေး ဝင်းကနဲလက်လိုက်တယ်။

လျှပ်စီးဝင်းကနဲ့ လက်လိုက်တဲ့အချိန်မှာ အကြည့်ဖျတ်လတ်တဲ့ ပုဂ္ဂိုလ်က ရှေ့လှမ်းပြီးတော့ "ဟော့ ရှေ့က ဘာရှိလဲကြည့်ပါဟော့၊ ဘယ်ဘက်ကို သွားရင် ဘယ်ရောက်နိုင်သလဲ၊ ဘယ်နား ဘာရှောင် ရမလဲ၊ တွင်သလောက် သွားလိုက်မယ်ဟော့"လို့

http://www.dhammadownload.com



လျှပ်စီးလက်လိုက်တဲ့ အခိုက်လေးမှာ မြင်နိုင်သလောက်ကြည့်လိုက်တယ်။

သွားလို့ ဖြစ်နိုင်သလောက် သွားလိုက်မယ်လို့ သေသေချာချာ မှတ်ထားလိုက်တယ်။

သို့သော် လျှပ်စီးကခဏလေး လက်လိုက်တာ၊ ကြာတာလည်းမဟုတ်ဘူး၊ တကယ့်ကိုစက္ကန့်ပိုင်းလေးရယ်၊ ၁–မိနစ်တောင် ကြာတာမဟုတ်ဘူး၊ ခဏလေးရယ်။

သူက လျှပ်စီးပျောက်ပြီး ပြန်မှောင်သွားတော့ မှတ်ထားလိုက်တယ်လေ၊ ဘယ်ဘက်နားကိုသွားရင် ဘာရှိတယ်၊ ညာဘက်နားကိုသွားရင် ဘာရှိတယ်၊ တည့်တည့်သွားရင် ဘာရှိတယ်၊ ဒီလို ဒီလိုလေးသွားရင် ရောက်နိုင်တယ်၊ အဲသလို စသည်ဖြင့် သိထားမှတ်ထားတော့ အဲဒီအတိုင်းပဲ တွင်သလောက် သွားလိုက်တယ်ဗျာ။

ဒါကြောင့် ဗုဒ္ဓသာသနာအလင်းရောင်သည် အင်မတန်မှောင်တဲ့ လကွယ်နေ့အခါ တောအုပ်ကြီးထဲမှာ သန်းခေါင်ကျော်အချိန် မိုးတိမ်တွေ ပိတ်ဖုံးပြီးတော့ မှောင်နေတဲ့ည အချိန်ကြီးမှာ လျှပ်စီးကလေး ဝင်းခနဲခဏလေး လက်လိုက်တာနဲ့

http://www.dhammadownload.com



တူတယ်။

ဗုဒ္ဓသာသနာနဲ့ တကယ်တမ်းတွေ့ရတဲ့ အချိန်ဟာ မကြာပါဘူးဗျာ။

http://www.dhammadownload.com

# ကိုယ့်သာသနာက ကိုယ့်တစ်သက်

သာသနာနှစ်ပေါင်း နှစ်ထောင်ကျော် ကျန်သေးတယ်ဆိုတာကလည်း အထိန်းအသိမ်းအစောင့်အရှောက် ကောင်းရင် လောကအတွင်းမှာ ရှိနိုင်တာကိုပြောတာ၊ သို့သော် အကုန်လုံးက ကိုယ့်သာသနာဟုတ်ချင်မှဟုတ်မှာဗျ။

- မိမိက မနက်ဖြန်ပဲ သေတော့မယ် ဆိုရင် ကိုယ့်သာသနာ ဒီတစ်ညပဲ ကျန်တော့တယ်ပေါ့၊
- မိမိက နောက်တစ်လမှာ သေတော့မယ် ဆိုရင် မိမိရဲ့ သာသနာက (ကိုယ်သုံးရမယ့်သာသနာက) တစ်လထဲသာ ကျန်တော့မယ်ပေါ့၊

http://www.dhammadownload.com



- မိမိက နောက် ၁-နှစ် (လာမယ့်နှစ်)မှာ သေတော့မယ်ဆိုရင်၊ ကိုယ့်သာသနာက ၁-နှစ်ထဲသာ ကျန်တော့မယ်ပေါ့။
- ဒါကြောင့်ကိုယ်နဲ့ဆိုင်တဲ့ သာသနာ ကတော့ ကိုယ့်တစ်သက်ပဲရှိမှာ။

ဒါကြောင့် သာသနာနဲ့ တွေ့ခိုက်ကြုံခိုက် လေးမှာ လျှင်မြန်ဖျတ်လတ်စွာ သေသေချာချာ ကြည့်ပြီးတော့ ရှောင်သင့်လုပ်သင့်တာတွေ ပြတ်သားစွာ ကြည့်ပြီးတော့ ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာဆောင်၊ လုပ်သင့်တာတွေအကွက် စေ့နေအောင် လုပ်ပြီး ကြိုးစားအားထုတ်ကြရမှာ၊ ဒါကြောင့်-

* ဗုဒ္ဓညွှန်ကြား၊ မြတ်တရားကြောင့်၊
အမှားကင်းစင်၊ စိတ်ကြည်လင်၊
အမြင်ရှင်း၍လာ။

အခု အကုသိုလ်မှန်း သိနေကြတယ်၊ ကုသိုလ်မှန်းသိနေကြတယ်၊ ရှောင်သင့်တာတွေ သိကြတယ်၊ လုပ်ရမှာလည်း ပြတ်သားစွာ သိနေကြလို့ ကြိုးကြိုးစားစား ပြုလုပ်အားထုတ်နေကြပါတယ်။

http://www.dhammadownload.com



* ဘဝပင်လယ်၊ ခရီးသည်၊
တကယ်စိတ်အေးပါ။

ဘဝပင်လယ်ကြီးထဲမှာ သံသရာခရီးသည် တစ်ယောက်ဖြစ်ရပြားသော်လည်း ဗုဒ္ဓသာသနာ အလင်းရောင်အောက် ရောက်နေတာဖြစ်လို့ အားရှိစရာ စွမ်းအားတွေကို စိတ်ကြိုက် ရယူနိုင်ကြပါတယ်။

* ခန္ဓာအာဓာတ်၊ ချာရဟာတ်လို၊
မပြတ်ဖြစ်ပေ၊ ဆက်စပ်နေ၊
မှတ်လေသံသရာ။
* အဝိဇ္ဇာမှောင်၊ ကင်းအောင်မပွား၊
မကြိုးစားလတ်၊ ခံအာဓာတ်၊
နောက်ထပ်ဖြစ်ဦး (အုန်း)မှာ။
* ဖြစ်လာပြန်က၊ ပျက်စီးရ၊ မုချဆင်းရဲပါ။
* အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊
မောဟိုက်မဆုံး၊ အပူတုံးဖြင့်၊
နိမ့်ပြန်မြင့်ပြန်၊ အဖန်ဖန်၊ စုန်ဆန်မျောရပါ။
* အဝိဇ္ဇာမှောင်၊ ကင်းအောင်ဖြိုခွင်း၊
ဉာဏ်အလင်း၊ ထည့်သွင်းမြတ်ပညာ။

http://www.dhammadownload.com



* ဗုဒ္ဓညွှန်ကြား၊ မြတ်တရားကြောင့်၊
အမှားကင်းစင်၊ စိတ်ကြည်လင်၊
အမြင်ရှင်း၍လာ။
* ဘဝပင်လယ်၊ ခရီးသည်၊ တကယ်စိတ်
အေးပါ။

ဒါကြောင့် အပ္ပမာဒေန– မမေ့မလျော့မပေါ့ မတန် ထက်သန်ထူးခြား၊ အပ္ပမာဒသတိ– တရားဖြင့်၊ အဏ္ဏဝံ–ကမ်းလည်းမမြင် လမ်းမမြင်ရ ကျယ်ဝန်းလှသည့်ဘဝပင်လယ်မြစ်ပြင်ကျယ်ကြီးကို၊ တရုတိ–ဘဝပင်လယ် ခရီးသည်ဟု တကယ်ထူးကာ ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေတော့သတည်း။

http://www.dhammadownload.com

# အစိရဝတီတာ မြစ်ကြောင်းကြီးအတိုင်း သွားလိုက်ကြတာ

အစမထင်သံသရာမှာ ဘယ်တုန်းကစပြီး ဘယ်နေရာကစပြီး မြစ်ဖျားခံခဲ့တယ်လို့ မသိရတဲ့ အဝိဇ္ဇာ တဏှာမြစ်ကြောင်းကြီးလျှောက်ပြီးတော့ လာခဲ့ကြတာဗျ၊

ဒီမြစ်ကြောင်းကြီးအတိုင်း သွားလိုက်ကြတာပင်လယ်ကြီးထဲရောက်တော့ ကမ်းမမြင်ရ လမ်းမမြင်ရတော့ဘူး။

အဲဒီအချိန်မှာ ယခုလို ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံကြတော့ ဘဝထိန်း ခလုတ်လို့ ခေါ်ရမယ့် အပ္ပမာဒသတိလေးကိုင်ပြီးတော့ ကူးကြရမှာ။

အဝိဇ္ဇာ, တဏှာဆိုတဲ့တရားမှာ အဝိဇ္ဇာ ဆိုတာက ဆင်းရဲဒုက္ခအပူ တည်ဆောက်ရေး

http://www.dhammadownload.com



အဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌကြီးပေါ့၊ ဆင်းရဲအကုန်လုံးကို နောက်က သူကြိုးကိုင်ပြီးတော့ လက်မှတ်ထိုးနေတယ်။

တကယ်ခြယ်လှယ်တာ သူ့ကြောင့်ပေါ၊ သူက နောက်က အမိန့်ပေးနေတယ်, ကြိုးကိုင်နေတယ်, ခြယ်လှယ်နေတယ်, လက်မှတ်ထိုးနေတယ်၊ ဆင်းရဲ ဒုက္ခအပူ တည်ဆောက်ရေးအဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌ ဆိုတာက အဝိဇ္ဇာဆိုတဲ့ မောဟပါ။

တကယ်ဆိုတဲ့ လောဘက ဆင်းရဲဒုက္ခအပူတည်ဆောက်ရေးအဖွဲ့ရဲ့ အကျိုးဆောင်အတွင်းရေးမှူးချုပ်ကြီးပါ၊ ဆင်းရဲဒုက္ခအားလုံး သူတို့ခြယ်လှယ်နေတာပဲ။

အလှူလေး တစ်ခု လုပ်ရင်တောင် ဉာဏ်သတိလွတ်ရင် လွတ်မှန်း သိသိ သူတို့က ဝင်ခြယ်လှယ်တာပဲ။

အဲဒီ အဝိဇ္ဇာ တကယ်မြစ်ကြောင်းကြီး တစ်လျှောက်လာခဲ့ကြတော့ ဘဝသံသရာခရီးသည်တွေဟာ မြစ်ကြီးခြားသွားတယ်ဗျာ။

http://www.dhammadownload.com

# သက်သက်သာသာလာခဲ့ရတယ်မရှိ

အဲသလို အမှောင်လမ်းကြောင်းထဲ လာခဲ့ရတဲ့အခါမှာ ပန်းခင်းတဲ့လမ်းကလေးနဲ့ သိမ်သိမ်မွေ့မွေ့လာခဲ့ရတာ မဟုတ်။

- ဖြစ်, အို, နာ, သေ, ဆိုတဲ့ ခလုတ်တိုက်ချော်လဲစရာ ခလုတ်ကြီးက ၄-ခု၊
- လောဘ, ဒေါသ, မောဟဆိုတဲ့ စူးစရာဆူးကြီးက ၃-ချောင်း၊
- အဝိဇ္ဇာ တဏှာဆိုတဲ့ မိစရာ ငြိစရာ ညွှတ်ကွင်းကြီးက ၂-ခု။

အဲသလို ဘဝခရီးမှာ ဆူးညှောင့်ခလုတ်တွေကြားထဲက ခက်ခက်ခဲခဲ ဖြတ်သန်းပြီးတော့ ပင်ပန်းစွာလာခဲ့ရတဲ့ ဘဝခရီးသည်တွေမှာ သက်သက်သာသာလာခဲ့ရတယ်မရှိ။

http://www.dhammadownload.com



ဆင်းရဲဒုက္ခအပူမျိုးစုံတွေကို ဖြတ်သန်းပြီး တော့ပင်ပန်းစွာလာခဲ့ရတဲ့ ဘဝပင်လယ် ခရီးသည်တွေရဲ့ဘဝ။

http://www.dhammadownload.com

# အခဲမကျေစိတ်တွေကျန်တယ်

ဖြစ်– ပငိုသန္တေနေရပါတယ်ဆိုတဲ့ ဒုက္ခနဲ့ နပမ်းလုံးရ၊ နောက်ဆုံး ကိုယ်ကအရှုံးပေး၊ အရှုံးပေးကြရတာလည်း ပြုံးပြုံးလေး အရှုံးပေးရတာမဟုတ်၊ မတတ်သာလို့ အရှုံးပေးလိုက်ရတယ်ဆိုတော့ အခဲမကျေတဲ့စိတ်တွေကျန်တယ်။

အို– အိုရတဲ့ဇရာဒုက္ခနဲ့ နပမ်းလုံးရပြန်တော့လည်း နောက်ဆုံး မတတ်နိုင်ဘူး၊ ကိုယ်ကပဲ အရှုံးပေးရတယ်၊ အံကြိတ်ပြီး အရှုံးပေးရတော့ အခဲမကျေစိတ်တွေ ကျန်တယ်။

နာ– နာရတဲ့ဒုက္ခကြီးနဲ့ နပမ်းလုံးရပြန်ပြီ၊ နောက်ဆုံး ကိုယ်ကပဲ အရှုံးပေးရတယ်၊ မတတ်နိုင်တော့ဘူး၊ အခဲမကျေစိတ်တွေ ကျန်တယ်။

http://www.dhammadownload.com



သေ- နောက်ဆုံးတော့ ဘဝတစ်ခု ကန့်သတ်ချက် ကလေးတွေ စေ့လာတဲ့အခါ မရဏဒုက္ခနဲ့ နပမ်းလုံးရပြန်တယ်ဗျာ။

မတတ်နိုင်တော့ဘူးလေ၊ ဆန့်ငင် ဆန့်ငင်နဲ့ အံကြိတ်ပြီးတော့ ကိုယ်ကအရှုံး ပေးလိုက် ရတယ်၊ ကိုယ့်မှာ အခဲမကျေ စိတ်တွေ ကျန်တယ်။

တစ်ဘဝထည်းလည်း မဟုတ်, ဆယ်ဘဝ ထည်းလည်းမဟုတ်, အစမထင်သံသရာကတည်း ကရေတွက်လို့မရနိုင်အောင် နပမ်းလုံးလာခဲ့ရတဲ့, ပင်ပမ်းကြီးစွာ ဖြတ်သန်းလာခဲ့ရတဲ့ သံသရာလမ်း ကြောင်းကြီးလေ၊ ဒါကြောင့် အခဲမကျေစိတ်တွေ ကျန်ကြတယ်။

အကျိတ်အလုံး အခဲလိုက် ပုထုဇဉ်တွေမှာ အခဲမကျေ သတ္တိတွေရှိတယ်၊ ကိုယ့်ဟာကိုယ် တောင်မှ မကျေနပ်တာတွေ အများကြီးဗျာ။

ဘယ်အာရုံမှ ကျေကျေနပ်နပ် မရှိချင်ဘူး၊ ဘယ်သူ့ကိုမှ ကျေကျေနပ်နပ်မရှိချင်ဘူးဗျ၊ အခဲ မကျေသတ္တိတွေပေါ့။

http://www.dhammadownload.com

# အပူတောမှာ အေးအောင်နေ
# အရှုပ်ထဲမှာရှင်းအောင်နေ

အဲဒီအလုံးအခဲတွေကို ချေဖျက်ပေးနိုင်တဲ့တရားစွမ်းအားဆိုတာကဘဝထဲမှာလိုအပ်တယ်၊ ဒါတွေရဖို့လည်းပဲ ဆက်သွယ်ရေး တာဝန်ခံကြီးတွေလိုတယ်။

သုတဆက်သွယ်ရေးရအောင် လမ်းညွှန်ပေးနိုင်တဲ့ ပညာရှိသူတော်ကောင်းကြီးတွေ၊ သဒ္ဓါတရားအစစ်အမှန်ဆက်သွယ်ရေးလမ်းကြောင်းတွေ ရှင်းရှင်းကြီးပွင့်လို့လာအောင် ဆက်သွယ်ပေးနိုင်တဲ့ ပညာရှိသူတော်ကောင်းကြီးတွေ။

သုတဆိုတာ ဗဟိဒ္ဓဆက်သွယ်ရေး သဒ္ဓါတရားဆိုတာအဇ္ဈတ္တ ဆက်သွယ်ရေး၊ အဲသလိုဆက်သွယ်ရေးကောင်းကောင်း ရကြတဲ့ ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com



သာလျှင် တရားစွမ်းအားကို ယူနိုင်လို့ အကျိုးအခဲ တွေကို ချေဖျက်နိုင်ကြတယ်။

အပူတောထဲမှာ အေးအောင်နေတတ်ကြ တယ်၊ အရှုပ်တောထဲမှာ ရှင်းအောင်နေတတ် ကြတယ်၊ စွမ်းအားကို ရအောင်ယူတတ်ကြတယ်။

http://www.dhammadownload.com

# လောကလူသားနှင့် ဓမ္မလူသား ကွဲပြားသွားတယ်

အဲသလို အဝိဇ္ဇာတဏှာမြစ်ကြီးခြားတော့ လောကလူသားရယ်, ဓမ္မလူသားရယ်လို့ ၂–မျိုး ကွဲသွားတယ်။

လောကလူသားဆိုတာ စားဝတ်နေရေး စီးပွားရေး လူမှုရေး အလုပ်တွေနဲ့ လုံးလည်ချာလည်လိုက်လို့ အာရုံဖိစီးမှုဒုက္ခအောက်မှာ စိတ်ကလေး ပြားပြားဝပ်ပြီးတော့ ပူလောင်ရှုပ်ထွေးစွာ နေရတဲ့ ဤဘက်ကမ်းကလူသားတွေ၊ အဝိဇ္ဇာ တဏှာမြစ်ကြီးရဲ့ ဒီဘက်ကမ်းက လူသားတွေက လောကလူသားတွေ။

အဝိဇ္ဇာတဏှာမြစ်ကို ကူးခတ်နိုင်လို့ ဟိုဘက်ကမ်း ရောက်သွားကြတဲ့ ဒါန, သီလ,

http://www.dhammadownload.com



သမထ၊ ဝိပဿနာကောင်းမှု စွမ်းအားတွေကို ကြိုးစားအား ထုတ်ပြုလုပ်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေက ဓမ္မလူသား တွေ။

ဘဝပင်လယ်ခရီးမှာ တကယ်စွမ်းတဲ့ လူတွေက ဟိုဘက်ကမ်းမှာဗျ၊ ဒီဘက်ကမ်းက လူတွေက မစွမ်းဘူး။

ဒီဘက်ကမ်းက လောကလူသားတွေက ပစ္စည်းလောက်ပဲရှာနိုင်တယ်၊ ခန္ဓာလောက်ပဲ စုနိုင်တယ်၊ ပစ္စည်းနဲ့ခန္ဓာဆိုတာ ဒုက္ခသစ္စာလောင်စာတွေ၊ သမုဒယသစ္စာနဲ့ မီးရှို့လိုက်ရင် အကုန်လောင်ကုန်မှာ။

လောင်လာတော့ ငြိမ်းစရာရေကမရှိ၊ လောကလူသားတွေဟာ လောင်စာသာစုတာ၊ လောင်လာရင် ငြိမ်းစရာ ရေမရှိ။

ဒါကြောင့် လူးလွန့်ပြီးတော့ ပူလောင်စွာ ဒုက္ခခံလိုက်ရ, အရှုံးပေးလိုက်ရတယ်။

ဟောဟိုဘက်က ဓမ္မလူသားတွေက လောင်လာရင်ငြိမ်းဖို့ရေလည်း အဆင်သင့်စုကြတယ်၊ တရားစွမ်းအား ယူကြတယ်။

http://www.dhammadownload.com

# လောကလူသားနှင့် ဓမ္မလူသားတို့၏ အမေးအဖြေ

ဘဝခရီးသည်တွေဟာ အဝိဇ္ဇာတဏှာမြစ်ကြီးခြားထားလို့နှစ်ဘက်ကွဲပြားနေတော့ တစ်ခါတစ်ရံလည်း သွေးကွဲပြီးတော့ ရန်ဖြစ်တတ်သေးတယ်ဗျ။

ဒီဘက်ကမ်း လောကလူသားတွေက ဟိုဘက်ကမ်းက ဓမ္မလူသား (တရား)ကို လှမ်းရန်တွေ့တယ်။

"ဟေ့ တရား၊ မင်းရှိရင် ငါချမ်းသာမယ်ဆိုတာ သိပါတယ်ကွာ၊ မင်းရှိရင် အပူတွေ ငြိမ်းမယ်ဆိုတာလည်း ငါသိတယ်၊ ဒါပေမယ့် ငါမအားဘူးကွ၊ အလုပ်တွေ အရမ်းကို ရှုပ်တယ်။

သားကိစ္စ, သမီးကိစ္စ, စီးပွားကိစ္စ, အိမ်ကိစ္စ ရေတွက်လို့ကို မရနိုင်အောင် အလုပ်တွေ အရမ်း

http://www.dhammadownload.com



ရှုပ်တော့ မင်းအတွက်နေရာမရှိဘူးကွ၊ မင်းအတွက် ၅-မိနစ်လေးတောင် အချိန်မပေးနိုင်ဘူး၊

မင်းအတွက် ဝင်ပေါက်တံခါး ငါမဖွင့်နိုင်ဘူး၊ မင်းအတွက် ငါ အချိန်လုံးဝ မပေးနိုင်တာ, မင်းအတွက် နေရာမပေးနိုင်တာ။

ဒါကြောင့် မင်းမလာခဲ့ပါနဲ့ကွာ၊ ငါတံခါး ပိတ်ထားတယ်"

ဒီဘက်က လောကလူသားက ကိုယ့်ကယ် မယ့်တရားကို ရန်သူမှတ်ပြီးတော့ ဟိုဘက်ကမ်းက တရားကို လှမ်း, လှမ်းရန်တွေ့တယ်၊ ဒီတော့တရား ကလည်း တရားသဘောနဲ့ ပြန်ပြောသတဲ့။

"ဟေ့ခန္ဓာ-တရားဆိုတာ မင်းချမ်းသာ ဖို့ကွ၊ တရားဆိုတာ လူမျိုးမရွေး ဘာသာမရွေး ပုဂ္ဂိုလ် မရွေး သတ္တဝါမရွေး၊ အားလုံးချမ်းသာဖို့ ပေါ်လာတာ။

မင်းလက်ထဲကိုင်ထားတဲ့ ခန္ဓာနဲ့ ပစ္စည်းဆို တာ တရားပါမှ ကိုယ်ပိုင်အဖြစ်ပြောင်းလို့ရမယ် နော်၊ တရားမပါရင်တော့ အငှားထုပ်ကြီး လေးလံ စွာထမ်းပြီးတော့ လက်လွှတ်လိုက်ရတဲ့ အချိန်မှာ မင်းအရှုံးတစ်ပိုင်းလောင်ရလိမ့်မယ်၊အငှားကို

http://www.dhammadownload.com



အပိုင်နဲ့လဲလို့ ဖြစ်တာတရားတစ်မျိုးထဲရှိတယ်နော်။

ဒါပေမဲ့ကွာ, မင်းက ကိန်းကြီးခန်းကြီးနဲ့ တံခါးမဖွင့်ပေးနိုင်ဘူးလေး ၅–မိနစ်လေးတောင် အချိန်မပေးနိုင်ဘူးလေး ဘာလေးနဲ့ လုပ်နေတော့ ငါမလာတော့ပါဘူးကွာ။

မင်းတစ်ဘဝလုံး အာရုံနဲ့ စိတ်နပမ်းလုံးပြီးတော့ အာရုံဖိစီးမှုဒုက္ခအောက်မှာ စိတ်ကလေး ပြားပြားဝပ်ပြီးတော့ မျက်ရည်ပေါက်ပေါက်ကျပြီး အရှုံးတစ်ပိုင်းအဖြစ်နဲ့ ပူလောင်စွာ သာနေတော့ ဟေ့" တဲ့။

ဟိုဘက်ကမ်း တရားကလည်း လောက လူသားကို လှမ်းပြီးတော့ ခြောက်တယ်ပေါ့ဗျာ။

## ဆက်သွယ်ရေးတရားက ညှိနှိုင်းပေးတယ်

ဒီတော့ ဆက်သွယ်ရေး တရားက ညှိနှိုင်း ပေးတယ်။

http://www.dhammadownload.com



"ဟော့...ခန္ဓာနဲ့ တရား၊ ရန်မဖြစ်ကြနဲ့၊ ဟော့ ခန္ဓာ,တရားကို လှမ်းပြီးတော့ မင်းကရန်မလုပ်နဲ့၊ခန္ဓာနဲ့ပစ္စည်းဟာ တရားပါမှချမ်းသာမှာ, တရားပါမှ ကိုယ်ပိုင်ရမှာ၊ တရားပါမှ ငြိမ်းအေးမှာ။

တရားနဲ့ ပေါင်းမိတာနဲ့ ခန္ဓာနဲ့ပစ္စည်းဟာ တရားရဲ့ကုန်ကြမ်းဖြစ်သွားတယ်ကွဲ့၊ ဒါကြောင့် မင်းနဲ့တရားဟာညီအစ်ကိုအရင်း, ဆွေမျိုးအရင်း နော်။

ဟော့-တရား၊ မင်းကလည်း ကြောက်ပါတယ်ဆိုနေမှ လျှောက်လျှောက်မခြောက်နဲ့၊ တရားဟာ ဘယ်လောက်အဖိုးတန်တယ်ပြောပြော၊ ခန္ဓာနဲ့ပစ္စည်းထံက အကူအညီမရရင် တရားဟာ လုပ်လို့ မရဘူး၊ တရားရဲ့ကုန်ကြမ်းဟာခန္ဓာနဲ့ ပစ္စည်းသာဖြစ်တယ်၊ ဒါကြောင့် မင်းတို့ညီအစ်ကို အရင်းတွေကွ, ရန်မတွေ့နဲ့" ဆိုပြီးတော့ အဝိဇ္ဇာ တဏှာရဲ့ ဟိုဘက်ကမ်းက တရားနဲ့ ဒီဘက်ကမ်း က လောကလူသားတွေ ရင်းရင်းနှီးနှီး တစ်ပေါင်း တည်းဖြစ်သွားအောင်လို့ ဆက်သွယ်ရေး တရားက ပေါင်းစပ်ပြီးတော့ ပေးရတာ။

ဒါကြောင့် သုမနဓမ္မဝိမာန် မလွန်ဆန်လူ

http://www.dhammadownload.com



သင်းထောက် ပရိသတ်အပေါင်း သူတော်ကောင်းတွေ ဓမ္မလူသားအဖြစ် ပြောင်းနိုင်ကြတော့ အဝိဇ္ဇာတဏှာမြစ်ကြီးကို ကူးနိုင်ကြတော့, ဘဝပင်လယ်ခရီးသည်ချင်းတူပေမယ့် ကိုယ်ကရိက္ခာလည်း လုံလောက်၊ သီလ, သမာဓိ ပညာလေ့ကျင့်မှုကလည်းကောင်း, စွမ်းအားတွေကလည်း အပြည့်ပါတော့ "တို့လောက် အရတော်တဲ့သူတွေ ရှိသေးလို့လား" ကြုံဝါးနိုင်လောက်အောင် စွမ်းအားတွေ အရယူနိုင်ကြတာပေါ့။

## တရားလှေသင်္ဘောလေးနဲ့ ကူးကြသည့်အခါ

ဒါကြောင့် တရားစွမ်းအားတွေ ယူကြတော့ အဝိဇ္ဇာတဏှာမြစ်ကြီးကို ကူးနိုင်မှ, ဓမ္မလူသားအဖြစ်ရောက်အောင် ကူးနိုင်မှ, ကိုယ်ပိုင်တရားရမယ်၊ အခုတော့လည်း တရားလှေသင်္ဘောလေးနဲ့

http://www.dhammadownload.com



ကူးကြရမှာဗျ။

ဆိုကြပါစို့ဗျာ,ရန်ကုန်မြစ်, လှိုင်မြစ်တို့ကို လှေသမ္ဗာန်လေးနဲ့ ကူးကြတယ်ဆိုပါတော့၊ ပစ္စည်းအပြည့်တင်,လူတွေလည်း ဆံ့သလောက် တင်သွားလိုက်တာ၊ လှေသမ္ဗန်မှာ ဝမ်းဗိုက်ကပေါက်နေပြီး ရေစိမ့်ဝင်နေတယ်ဗျာ၊ ရေတွေက ပြည့်တော့မယ်။

လှေထဲပါသူတွေကယောင်ကတမ်း အကုန်ဖြစ်, မတတ်နိုင်တော့ဘူး၊ ရေတွေ ဝင်လာတော့ လှော်တဲ့သူလည်း လက်လျှော့ရ။

အရေးထဲတက်မထိုးဝါးက ကျိုးပါလေရော၊ ဘာတတ်နိုင်သေးလဲဗျာ၊

ရေစီးအလွန်မြန်, ရေစီးအလွန်သန်တဲ့ မြစ်ကြီးထဲမှာ လူတွေစီးလာတဲ့,ပစ္စည်းတွေတင်လာတဲ့ လှေသမ္ဗန်ကြီးမြုပ်တယ်, မျောတယ်, မှောက်တယ်။

အကုန်လုံးဒုက္ခရောက်ကုန်မယ်၊ ပါလာတဲ့ ပစ္စည်းတွေ အကုန်မြစ်ထဲမြုပ်ကုန်မယ်။

http://www.dhammadownload.com

# သဒ္ဓါတရားဝမ်းဗိုက်ပေါက်တော့ အဝိဇ္ဇာ တဏှာ ရေတွေ စိမ့်ဝင်ကုန်တယ်

ဒီအတိုင်းပဲ, ဒီဘက်လောကလူသားတွေက ဟောဟိုဘက်ကမ်းက မမွေနဲ့တွေ့ဆုံဖို့အတွက်, မမွေလူသားအဖြစ် ပြောင်းဖို့အတွက် အဝိဇ္ဇာတဏှာ မြစ်ကြီးကို လှေသမ္ဗန်နဲ့ ကူးလိုက်တာ သဒ္ဓါတရား ကိုယ်ထည်နဲ့ တည်ဆောက်ထားတဲ့ တရားလှေ သမ္ဗန်ကြီး သဒ္ဓါတရား ဝမ်းဗိုက်က ပေါက်ပြီးတော့ အဝိဇ္ဇာတဏှာ ရေတွေစိမ့်ဝင်ကုန်တယ်။

အလှူလေးလုပ်ချင်တော့လည်း ရေကဝင် ချင်သေးတာဗျ၊ ဥပုသ်လေးဆောင့်တော့လည်း ရေက ဝင်ချင်သေးတာ၊ တရားထိုင်တာလေးတောင် အဝိဇ္ဇာတဏှာရေကဝင်ဖြစ်အောင်ဝင်ချင်သေးတာ။

http://www.dhammadownload.com



သဒ္ဓါတရားဝမ်းဗိုက်က မလုံတော့ (ရေတွေ စိမ့်ဝင်တော့) အဝိဇ္ဇာနဲ့ တဏှာရေတွေဝင်လာပြီ ဆိုကတည်းက အဝိဇ္ဇာနဲ့ပညာဟာ ဆန့်ကျင် ဘက်ပဲ။

အဝိဇ္ဇာတွေ့တဏှာတွေဝင်လာတော့ ပညာ လက်လျှော့လိုက်ရတယ်၊ ငါမတတ်နိုင်တော့ဘူး၊ အရေးထဲ ဝီရိယထိုးဝါးက ကျိုးပါရောဗျ။

လက်လျှော့လိုက်တော့တယ်၊ ဖြစ်ချင်ရာဖြစ် ဟာ၊ တရားလှေသမ္ဗန်လေးဖြစ်ချင်ရာဖြစ်သွားတယ်။

လှေသမ္ဗန်ခတ်သူက လက်လျှော့, ပဲ့ထိန်း လည်းမပါ, ဝီရိယထိုးဝါးကျိုး, သဒ္ဓါတရား လှေသမ္ဗန် ဝမ်းဗိုက်ပေါက်တော့ အဝိဇ္ဇာတဏှာ ရေတွေပြည့်အောင်ဝင်လာတယ်။

http://www.dhammadownload.com

# လှေမှောက်တဲ့အထဲ
# အကုန်ပါသွားတယ်

ရေစီးအလွန်သန်, ရေစီးအလွန်မြန်, ရေစီး အလွန်ကြမ်းတဲ့, အန္တရာယ်အလွန်ပေါတဲ့ အဝိဇ္ဇာ တဏှာ မြစ်ကြီးထဲမှာ မလုံ့တလုံ ဖြစ်ကတတ် ဆန်းလေးနဲ့သွားတဲ့ တရားလှေသမ္ဗာန် မှောက်ပါ ရော, မြုပ်ပါရော, မျောပါ ရောဗျာ။

လောကလူသားတွေ နေ့တိုင်း ပစ္စည်းတွေ ရှာကြတယ်၊ ဒါပေမယ့် အကုန်စာရင်းချုပ် ပြတာပဲ။

ဒီနေ့ ဘာစရိတ်က ဘယ်လောက်ကုန်တာ, ဆန်က ဘယ်နှစ်ပြည်တောင် ချက်ရတာ, အိမ်သုံး စရိတ်က ဘယ်လောက်စသည်ဖြင့် မောနေအောင် အကုန်စာရင်းချုပ်ပြတော့ "ဟော့... မင်းက

http://www.dhammadownload.com



သာသနာရတနာကြောပေါ်နေရတာပဲ၊ ဒီလောက် ကုန်တဲ့ အိမ်သုံးစရိတ်တွေထဲက မိသားစုကျွေးတာ အလှူပွဲပဲကိုး၊ ဒါန ဘယ်လောက်ကျန်လဲ" ဆိုတော့ လှေမှောက်တဲ့ထဲ အကုန်ပါသွားတယ်ဗျာ။

တရားလှေသမ္မန်မလုံ့တလုံ ဖြစ်ကတတ် ဆန်းလေးနဲ့ အဝိဇ္ဇာတဏှာမြစ်ကို ကူးလိုက်တာ သဒ္ဒါတရား ဝမ်းဗိုက်က မလုံလို့ ရေတွေဝင်လာပြီး မှောက်တယ်၊ လှေမှောက်တဲ့အထဲဒါနရမှာ မရပဲနဲ့ အဝိဇ္ဇာတဏှာမြစ်ထဲ အကုန်မြုပ်သွားတယ်ဗျာ၊

ဒီတော့ တရားကို နင်လားငါလား မလုပ်နိုင် ရင်နေ့တိုင်းလှေမှောက်နေကြတယ်ဗျ။

ကိုယ်ရှာတဲ့ပစ္စည်းတွေက ကိုယ့်ကို စိတ်မော ရုံလေးသာဒုက္ခပေးသွားကြတယ်၊ စိတ်အေးစရာ ပေးမသွားဘူး (လှေမှောက်တာဗျ)။

မိသားစုတာဝန်ဟာ ဝေယျာဝစ္စသီလပဲ ဆိုရင် ဘယ်လောက်ကျန်ရစ်ခဲ့မလဲ၊ အခုတော့ လှေမှောက်တဲ့ထဲပါသွားတယ်။

အဝိဇ္ဇာတဏှာမြစ်ကြီးထဲမှာ တရားလှေ သမ္မန်လေးမှောက်သွားလို့ အားကိုးရာဖြစ်တဲ့ တရားတွေ တစ်ခုမှ မကျန်လိုက်ပဲနဲ့ နစ်မြုပ်လို့

http://www.dhammadownload.com



သွားကုန်ပြီ။

ယူတတ်ရင် သာသနာရတနာ ကြောပေါ်က နေ ရတဲ့သူဆိုတော့ အိမ်ထဲမှာတောင်မှ သမာဓိစွမ်းအားလေးတွေတန်းစီလို့, အခုတော့ သမာဓိဘယ်လောက် ကျန်ခဲ့လဲ၊ လှေမှောက်တဲ့ အထဲပါသွားတယ်ဗျာ။

ကြည့်တတ်လို့ရှိရင် သိတတ်တဲ့စိတ်ကလေးနဲ့ သိစရာအာရုံလေးတွေ ဉာဏ်သတိနဲ့ပိုင်း ပိုင်း ကြည့်တတ်ရင် ဝိပဿနာလေးတွေ, အငိုတိတ်, အကြောက်ပြေ, အပူငြိမ်းစေနိုင်မယ့် ကိုယ်ပိုင် ဝိပဿနာစွမ်းအားလေးတွေ ရနိုင်သားပဲ။

အဲဒါ ဘယ်လောက်ကျန်ခဲ့လို့လဲ၊ လှေမှောက်တဲ့အထဲ အကုန်ပါသွားတယ်။

လှေမှောက်တဲ့အထဲပါသွားလို့ အဝိဇ္ဇာတဏှာမြစ်ထဲမှာ အကုန်လုံး မြုပ်ကုန်တယ်၊ မောတာပဲရှိတယ်, အမောပြေစရာ တစ်ခုမှလည်း မပါဘူး”

http://www.dhammadownload.com

# ဟိုဘက်ကမ်းရောက်ဖို့ သေချာအောင်

ဒါကြောင့် လှေသဘော်, လှေသမ္ဗန်နဲ့ မြစ်ကူးကြတယ်ဆိုရင် ကိုယ်ထည်ကလည်းကောင်းမှ, ဝမ်းဗိုက်ကလုံမှ, မောင်းသူက ကျွမ်းကျင်တယ်ဆိုရင်တော့ ဟိုဘက်ကမ်းရောက်မှာ သေချာတယ် ပေါ့ဗျာ။

ဒါမျိုးလိုပေါ့, လောကလူသားတွေ ဟိုဘက်ကမ်းအရောက် ကူးတော့မယ်ဆိုရင် တရား လှေသမ္ဗန်, တရားလှေသဘော်နဲ့ ကူးတော့မယ်ဆိုရင် သဒ္ဓါတရား ကိုယ်ထည်လည်း လုံပါစေ, ကောင်းပါစေ, ခိုင်ခန့်ပါစေ။

**ပညာမောင်းသူ,** ပညာလှေသမ္ဗန်ခတ်သူ (သဘော်ဆိုလည်း သဘော်မောင်းသူ) ကျွမ်းကျင်ပါစေ၊ သတိအထိန်းကောင်းပါစေ။

http://www.dhammadownload.com



ဝီရိယထိုးဝါး, ဝီရိယကောင်းပါစေ၊ အဲဒါဆိုရင်တော့ ဟိုဘက်ကမ်း ရောက်မှာ သေချာပါတယ်ဗျာ။

ဘဝပင်လယ်ခရီးသည်ချင်း တူပေမယ့် သူကတော့ စိတ်အေးရတဲ့ ခရီးသည် ဖြစ်သွားမှာပေါ့ဗျာ။

ဒါကြောင့် ယခု အဝိဇ္ဇာတဏှာမြစ်ကြီးကို ကူးပြီးတော့ သွားလိုက်ကြတာ အောက်ကို အမျောမခံဘူး၊ အောက်မျောသွားရင် ပင်လယ်ထဲရောက်သွားမှာကိုး၊ ဒါကြောင့် ကုသိုလ်တွေ အကောင်းဆုံးဖြစ်အောင် လုပ်နေကြပါတယ်၊

## တစ်လှည့်စီ အကန့်လိုက် အကန့်လိုက် အရေးကြီးမှုဖြစ်မယ်

လုပ်နေကြတော့ အပ္ပမာဒသတိတဲ့, တရားတွေထဲမှာ အရေးအကြီးဆုံးက အပ္ပမာဒသတိ။

လူရဲ့ အသိအားလုံးကို သတိတစ်လုံးထဲမှာ

http://www.dhammadownload.com



အကုန်သိုမှီးသိမ်းဆည်းထားပါတယ်၊ သတိတစ်လုံး ပျောက်သွားရင် လူ့အသိတွေအားလုံး ကမောက် ကမ ဖြစ်သွားတယ်၊ သတိတစ်လုံးကို မလွှတ်တမ်း ကိုင်ထားရင် လူ့အသိတွေစဉ်တန်းပြီး ပေါ်လာကြ ပါတယ်။

သတိရဲ့လုပ်ငန်းစဉ်လေးက

(၁) အာရုံကိုပုံဖော်,

(၂) အာရုံနဲ့စိတ်ကပ်,

(၃) အလုပ်မပြီးခင် အာရုံမပျောက်စေနဲ့

(၄) အလုပ်တစ်ခု လုပ်နေစဉ်မှာ အခြား မဆိုင်တဲ့ အာရုံကြားဖြတ်ဝင်မလာစေနဲ့,

(၅) အလုပ်လုပ်ပြီဆိုတဲ့အခါ ရှေ့အသိနဲ့ နောက်အသိ၊ အသိချင်းစပ်ထား။

(၆) အလုပ်တိုင်း အရေးကြီးတယ်လို့ သဘောထား။

သို့သော် အရေးကြီးတာကလည်း တစ် လှည့်စီ အကန့်လိုက်အရေးကြီးမှ ဖြစ်မယ်လေ၊ တစ်ပြိုင်နက် အရေးကြီးရင် စိတ်ကို အာရုံတွေက ဝိုင်းထောင်းထုရင် စိတ်ဟာ အရူးတစ်ပိုင်း ဖြစ်သွား မှာပဲ။

http://www.dhammadownload.com



အရေးကြီးတယ်ဆိုပေမယ့် ဒီအလုပ်လုပ်ရင် ဒါပဲ အရေးကြီးမှုကောင်းတယ်၊ ဒီအလုပ်လုပ်နေစဉ် ဟိုဟာက အရေးကြီးလာရင်တော့ အာရုံဖိစီးမှု ဒုက္ခဆိုတာ လာမှာပဲ။

အရေးကြီးတယ်ဆိုပေမယ့် တစ်ပြိုင်ထဲ အရေးကြီးလို့တော့မဖြစ်ဘူး၊ တစ်လှည့်စီပဲ အရေးကြီးရမှာ၊ လက်ရှိလုပ်နေတဲ့အလုပ် အရေးကြီးတယ်လို့ သဘောထားရမှာ၊ ဒါကြောင့် ပစ္စုပ္ပန်တိုင်း တန်ဖိုးထားပါ၊ ပစ္စုပ္ပန်တိုင်း အရေးကြီးတယ်လို့ သဘောထားပါ။

လောကမှာ ဘယ်အချိန် အဖိုးတန်ဆုံးလဲ လို့ မေးလိုက်ရင် ယခုပစ္စုပ္ပန်ရောက်ဆဲ အချိန်သာ အဖိုးတန်ဆုံး၊ ကိုယ်ပိုင်တာက ပစ္စုပ္ပန် တစ်ခုထဲ ရှိပါတယ်။

အတိတ်ကလည်း စကားသာပြောလို့ဖြစ်တာ, ကိုယ်ပိုင်မှ မပိုင်တော့ပဲနှင့်၊ အနာဂတ်ကလည်း စကားသာ ထည့်ပြောနေရတာ၊ ရောက်မှ မရောက်သေးတော့ ကိုယ်ပိုင်တာမဟုတ်သေး။

ကိုယ်ပိုင်တာက ပစ္စုပ္ပန်တစ်ခုထဲ, ကိုယ် အလုပ်လုပ်လို့ ဖြစ်တာက ပစ္စုပ္ပန်တစ်ခုထဲပါ။

http://www.dhammadownload.com



ဒါကြောင့် လောကမှာ ဘယ်အချိန် အဖိုးတန်ဆုံးလဲဆိုရင် ရောက်ဆဲပစ္စုပ္ပန်အချိန်သာ အဖိုးတန်ဆုံးပါ၊ လောကမှာ ဘယ်အလုပ်အရေးအကြီးဆုံးလဲမေးလိုက်ပြန်တော့ လောလောဆယ် လုပ်နေဆဲအလုပ်သာ အရေးအကြီးဆုံးပါ။

http://www.dhammadownload.com

## ဘာလုပ်လုပ်၊
## နိဗ္ဗာန်ရောက်ကြောင်းဖြစ်အောင်လုပ်

လမ်းသွားနေတုန်းဆိုရင် လမ်းသွားတဲ့ အလုပ်ဟာ အရေးအကြီးဆုံး၊ လမ်းသွားတဲ့အထဲမှာ အသိဉာဏ်စိုက်ထား၊ လမ်းသွားတာ နိဗ္ဗာန်ရောက် ကြောင်း။

ထမင်းစားနေတုန်း အချိန်ဆိုရင် ထမင်းစား တာ အရေးအကြီးဆုံးပဲ၊ ထမင်းစားတဲ့အထဲမှာ သတိဉာဏ်စိုက်ထား၊ ထမင်းစားတာနိဗ္ဗာန်ရောက် ကြောင်း။

ထမင်းချက်နေတဲ့အချိန်ဆိုရင် ထမင်းချက် တာအရေးကြီးတယ်၊ ထမင်းချက်တဲ့အထဲမှာ သတိဉာဏ်စိုက်ထား၊ ထမင်းချက်တာဒါန၊ သီလ၊ ဘာဝနာဖြစ်တဲ့အတွက် နိဗ္ဗာန်ရောက်ကြောင်း။

http://www.dhammadownload.com



ဈေးရောင်းနေတဲ့ အချိန်မှာ ဈေးရောင်းတာ အရေးအကြီးဆုံး၊ ဈေးရောင်းတဲ့အထိ သတိဉာဏ်စိုက်ထား၊ ဈေးရောင်းတာဒါန, သီလ, ဘာဝနာဖြစ်တဲ့အတွက် နိဗ္ဗာန်ရောက်ကြောင်း။

ကလေးထိန်းနေတဲ့အချိန်မှာ ကလေးထိန်းတာဟာ အရေးအကြီးဆုံး၊ ကလေးထိန်းတဲ့အထဲမှာ သတိဉာဏ်စိုက်ထား၊ ကလေးထိန်းတာဟာ ဒါန, သီလ, ဘာဝနာဖြစ်တဲ့အတွက် ကလေးထိန်းတာ နိဗ္ဗာန်ရောက်ကြောင်း။

အပ္ပမာဒသတိတစ်လုံးသာ ကိုင်ထားလိုက်တော့ အိမ်ထဲကအလုပ်ဟာ အလကား အလုပ်တစ်ခုမှ မရှိတော့ဘူးဗျ၊ ကလေးထိန်းတာတောင် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သွားတယ်။

http://www.dhammadownload.com

# ဘာကြောင့်ကလေးထိန်းတာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ရသလဲဆိုတော့

ကလေးထိန်းတာဟာ ဒါနအလုပ်လည်း ဟုတ်တယ်,သီလအလုပ်လည်းဟုတ်တယ်, ဝေယျာဝစ္စလည်းဟုတ်တယ်, ကရုဏာသမာဓိလေးတွေရဖို့လည်းဖြစ်တယ်, မေတ္တာသမာဓိလေးတွေ ရဖို့လည်းဖြစ်တယ်, သတိပဋ္ဌာန်ဝိပဿနာလေးတွေရအောင်ယှဉ်တတ်ရင်ရတယ်,အနိစ္စသဘောလေးတွေ, အနတ္တသဘောလေးတွေ ကြည့်တတ်ရင် မြင်တယ်။

တစ်ခါတစ်ရံ ကလေးက အခန့်မသင့်တော့ ငိုတယ် "ဟယ်, ကလေးပဲငိုမှာပေါ့"ဆိုတဲ့ အခံခံတတ်လေးတွေ, စိတ်ခံတတ်ရင့်ကျက်စရာလေးတွေ ဖြစ်ရတယ်။

http://www.dhammadownload.com



ကလေးထိန်းတာဟာ ပါရမီဖြည့်တဲ့အလုပ်ပါလားလို့လည်း အမြင်ရှင်းလာတယ်၊ သာသနာရတနာကြောပေါ်က လူတစ်ယောက်ရဲ့ အလုပ်ဟာ တစ်ခုမှ အလကားမရှိတော့ပါဘူးဗျာ။

ဒါကြောင့် လောလောဆယ်လုပ်နေတဲ့ အလုပ်သာ အရေးအကြီးဆုံး။

* **ပစ္စုပ္ပန်သာ၊ ရောက်ဆဲမှာ၊**
**မှန်စွာအဖိုးအတန်ဆုံး။**

* **ပြုလုပ်ဆဲသာ၊ အလုပ်မှာ၊**
**မှန်စွာအရေးအကြီးဆုံး။**

* **ရောက်ဆဲလုပ်ဆဲ၊ သတိစွဲ၊**
**အမြဲတွင်အောင်သုံး။**

ရောက်နေတဲ့အချိန်မှာ လုပ်နေတဲ့အလုပ်ကို ဒါလေးသတိစိုက်ထားပါ၊ တွင်အောင်လည်းသုံးပါ၊ ကိုယ်ပိုင်တာ ဒီတစ်ခုထဲလို့မှတ်ပါ။

ပစ္စုပ္ပန်သေချာရင် အနာဂတ်မပူပါနဲ့၊ ပစ္စုပ္ပန် မသေချာသူ အနာဂတ်ပူနေကြတာပါ။

ပစ္စုပ္ပန်တစ်ခုကို အပိုင်သုံးနိုင်သူ ဘာမှမပူနဲ့၊ အနာဂတ်ဟာ အကောင်းပဲလာလိမ့်မယ်။

http://www.dhammadownload.com

# မသုံးမိရင် ဘဝနာမယ်

* ရောက်ဆဲလုပ်ဆဲ၊ သတိစွဲ၊
  အမြဲတွင်အောင်သုံး၊
* မသုံးမိက၊ အပူရ၊ ဘဝနာ၍ အခွင့်ရှုံး။

မသုံးမိရင် အပူရမယ်၊ ဘဝနာသွားမယ်၊ သတိလွတ်ရင် ဘဝနာတယ်၊ ဘာဝနာမှာ ဘမှာ ရေးချ ပျောက်သွားတယ်ဗျာ။

ဘာဝနာဆိုတာ စွမ်းအားကိုဗျ၊ စိတ်အား သွင်းတာဘာဝနာ။

သတိလွတ်သွားတာနဲ့ ဘမှာ ရေးချပျောက် ပြီး ဘဝနာတဲ့၊ "ငါလူဖြစ်ရတာနာလိုက်တာဟယ်၊ ငါ့မှာရှိတာတွေ ငါ့ကို အကုန်ဝိုင်းထောင်းထုနှိပ်စက်၊ ငါ့ကိုဝိုင်းလောင်လိုက်တာနော်" သူ့ဘဝကြီး နာသွားတယ်။

http://www.dhammadownload.com



* သတိလွှတ်တော့
* ဘာဝနာတယ်၊
* သတိကပ်လိုက်ပြန်တော့
* ဘာဝနာကြွယ်တယ်။

သတိကပ်လိုက်တာနဲ့ အိမ်ထဲက အလုပ်တွေတောင်မှ ဘာဝနာတွေ ဖြစ်သွားတယ်ဗျ။

http://www.dhammadownload.com

# သတိလွတ်တဲ့သူဟာ အနာသည်ကြီးတဲ့

သတိလွတ်တော့ ရကောက်ရောဂါ။

ရကောက်ရောဂါဆိုတာ ပါဠိသံတော့ရောဂါ ပေါ့၊ အနာသည်ကြီးဆိုတဲ့အဓိပ္ပာယ်ရှိတယ်၊ သတိ လွတ်တဲ့သူဟာ အနာသည်ကြီးတဲ့။

အာရုံဖိစီးမှု ဒုက္ခအောက်မှာ စိတ်ကလေး ပြားပြားဝပ်ပြီးတော့ ပူလောင်ပြီးတော့ ကိုယ်ရော စိတ်ရောနာပြီး နေရတဲ့ အနာသည်ဘဝကြီး။

သတိ ကပ်လိုက်ပြန်တော့ ယပက်လက် ယောဂီ၊ သတိပိုင်နိုင်စွာကပ်ပေးလိုက်တာနဲ့ ယပက် လက်ယောဂီ။

စွမ်းအားပိုင်ရှင်ဖြစ်သွားတယ်ဗျ၊ စွမ်းအား ကို ထုတ်လုပ်နေတဲ့ တကယ့်စွမ်းအားရှင် ဖြစ်သွား တယ်။

http://www.dhammadownload.com



ဒါကြောင့် သတိလွတ်တော့ ဘဝနာတယ်၊ သတိကပ်တော့ ဘာဝနာကြွယ်ဝတယ်၊ သတိလွတ်တော့ ရကောက်ယောဂီ အနာသည်ကြီး၊ သတိကပ်လိုက်ပြန်တော့ ယပက်လက်ယောဂီ စွမ်းအားပိုင်ရှင်ကြီး။

ဒါကြောင့် ဘဝပင်လယ်ကြီး ကူးဖို့ရာမှာ သတိဟာ အချုပ်တဲ့၊ ဒါကြောင့်

* **မသုံးမိက၊ အပူရ၊ ဘဝနာ၍ အခွင့်ရှုံး။**
* **အချိန်ကိုထိန်း၊ အပူငြိမ်း၊ တွက်ကိန်းအကိုက်ဆုံး။**

http://www.dhammadownload.com

# အချိန်ထိန်းရင် အပူငြိမ်းတယ်

အချိန်ကိုထိန်းတဲ့ ပုဂ္ဂိုလ်ဆိုတာ အပ္ပမာဒ သတိ တပ်ဆင်ထားသူပဲ၊ အချိန်ထိန်းရင် အပူငြိမ်း တယ်၊ ဘဝတွက်ကိန်း အကုန်ကိုက်တယ်၊ သတိ လွှတ်သူကတော့ ဘဝတွက်ကိန်းတစ်ခုမှ မကိုက် တော့တာဗျ။

* ပြုံးပြုံးလေးနေချင်ပေမယ့်
* မဲ့ရမှာပဲ၊
* ချမ်းသာချင်ပေမယ့်
* ဆင်းရဲအပူတွေက လာကြမှာပဲ၊
* တွက်ကိန်းမကိုက်ဘူး၊
* အပ္ပမာဒသတိနဲ့နေရင်
* တွက်ကိန်းကိုက်တယ်၊
* ပစ္စုပ္ပန်သာ, ရောက်ဆဲမှာ၊
  မှန်စွာအဖိုးအတန်ဆုံး၊

http://www.dhammadownload.com



* ပြုလုပ်ဆဲသာ၊ အလုပ်မှာ၊
  မှန်စွာအရေးအကြီးဆုံး၊
* ရောက်ဆဲလုပ်ဆဲ၊ သတိစွဲ၊
  အမြဲတွင်အောင်သုံး၊
* မသုံးမိက အပူရ၊ ဘဝနာ၍ အခွင့်ရှုံး၊
* အချိန်ကိုထိန်း၊ အပူငြိမ်း၊
  တွက်ကိန်းအကိုက်ဆုံး။

ဒါကြောင့် အပ္ပမာဒေန-မမေ့မလျော့မပေါ့ မတန် ထက်သန်ထူးခြား အပ္ပမာဒသတိ တရားဖြင့်၊ အဏ္ဏဝံ-ကမ်းလည်းမမြင် လမ်းမမြင်ရ ကျယ်ဝန်းလှသည့် ဘဝပင်လယ် မြစ်ပြင်ကျယ်ကြီးကို၊ တရတိ-ဘဝပင်လယ်ခရီးသည်ဟု တကယ်ထူးကာ ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေတော့သတည်း။

http://www.dhammadownload.com

# တရားစကားနဲ့ပြောရင် ရှုးသွပ်ခြင်းတဲ့

အပ္ပမာဒေန–မမေ့မလျော့ မပေါ့မတန် ထက်သန်ထူးခြား သတိတရားတဲ့။

မေ့တယ်ဆိုတာ ဘာလုပ်ရမယ်လို့မသိတာ, လမ်းစကို လုံးဝပျောက်သွားတာကို မေ့တယ်လို့ ခေါ်တယ်၊ မေ့တော့လူမျှင်းဖြစ်သွားတယ်၊ ဘာမှသုံး မရတော့ဘူး။

လျော့တယ်, ပေါ့တယ်, ဆတယ်ဆိုတာ ဘာလုပ်ရမယ်ဆိုတာမှန်းတော့သိတယ်၊ သို့သော် အချိန်သိပ်ဆွဲတယ်၊ လုပ်တော့လည်း လေးလေး နက်နက် စူးစူးစိုက်စိုက် ဘာမှမလုပ်ဘူး၊ အပေါ်ယံ ပြီးစလွယ် ရှော်ရှတ်ရှတ်ပဲလုပ်သွားတယ်၊ အဲဒါကို လျော့တယ်, ပေါ့တယ်, ဆတယ် ခေါ်တယ်။

F-5-A

http://www.dhammadownload.com



လျော့ရင်, ပေါ့ရင်, ဆရင်, လှည့် ဖြစ်သွားတယ်၊ ရတော့ရတယ်၊ အရည်အသွေးတစ်ခုမှ မမီတော့ ဘူး။

ဒါကြောင့် မေ့တယ်,လျော့တယ်, ပေါ့တယ်, ဆတယ်ဆိုတာဟာ ပမာဒ, ဒါက စာစကားနဲ့ပြောတာ၊ တရားစကားနဲ့ပြောရင် မတဉမ္မာဒေ၊ ရှုးသွပ်ခြင်းပဲ။

မေ့တယ်လျော့တယ်၊ ပေါ့တယ်ဆတယ်ဆိုတာ အမှန်တော့ အရူးလေးဖြစ်တဲ့အချိန်ပါ၊ လောကမှာ မတော်တဆမှန်သမျှ အရူးစိတ်ကြောင့်ဖြစ်တာချည်းပဲ။

http://www.dhammadownload.com

# စိတ်နဲ့အာရုံမတော်တဆ တိုက်မှုတွေက သိပ်များတယ်

လောကမှာ ပြောကြတယ်လေ၊ အထူး သဖြင့် မော်တော်ကားရှိတဲ့သူတွေပေါ့၊

ကား (Acident) အက်စီးဒင့် ဖြစ်သွား တယ်ဗျာ, ကားလည်းထိသွားတယ်, လူလည်း ထိသွားတယ်, မတော်တဆ တိုက်မိတယ်ပေါ့။

ဒါမျိုးလိုပေါ့, သတိလွတ်သွားတဲ့ သူတွေရဲ့ စိတ်နဲ့အာရုံ အက်စီးဒင့်ဖြစ်တာနေ့တိုင်းပဲ။

ပြုံးပြုံးလေးနေချင်တယ်၊ ဟိုအာရုံနဲ့ ဒိုင်းကနဲ ဝင်ဆောင့် အို...ငိုလိုက်ရတာ (မတော်တဆတွေ လေ)၊

အေးအေးချမ်းချမ်းလေး နေချင်တယ်၊ အစီ အစဉ်ကင်းမဲ့တဲ့ ဟို အာရုံနဲ့ ဒိုင်းကနဲ ဝင်တိုးမိ,

http://www.dhammadownload.com



မျက်ရည်ပေါက်ပေါက်ကျရတယ်၊ စိတ်နဲ့အာရုံ မတော်တဆ တိုက်မှုတွေက နေ့တိုင်း သိပ်များ တယ်ဗျာ။

* သတိဆိုတာက
* အာရုံနဲ့စိတ်ကို အစီအစဉ်နဲ့သာ သွားတာ၊
* အာရုံကို အစီအစဉ်နဲ့ လက်ခံတယ်၊
* အာရုံဖိစီးမှုဒဏ်ကို လုံးဝမခံ၊
* အာရုံအနိုင်ကျင့်တာကို လုံးဝမခံ၊
* ကိုယ်ကသာ အာရုံကို အနိုင်ယူနေတယ်၊
* အာရုံကို အနိုင်ယူနိုင်အောင်
* လေ့ကျင့်ပေးနေကြတာ။

http://www.dhammadownload.com

# သံသရာခရီးရှည်ကြီးက ကြောက်လန့်စရာကောင်းလို့

ဒါကြောင့် လောကမှာ မတော်တဆမှန် သမျှ အရူးစိတ်ကြောင့်ဖြစ်တာ၊ သတိလွတ်ရင် ချင့်ချိန်မှု ဘာမှမရှိတော့ဘူး။

အဝိဇ္ဇာတဏှာမြစ်ထဲမှာ မျောတယ်၊ မှောက် တယ်၊ မြုပ်တယ်၊ ဒုက္ခအပူတွေနဲ့ပဲသွားရမှာ၊ ဒါကြောင့် ကိုယ့်ဟာကိုယ် ကယ်လို့ဖြစ်တုန်းလေး တော့ ကယ်ကြမှ ဖြစ်မှာပေါ့ဗျာ။

ဘာမသိညာမသိနဲ့ လာခဲ့ရတဲ့ သံသရာခရီး ရှည်ကြီးဟာ ဗုဒ္ဓသရဏံ ဉာဏ်မျက်လုံးလေးတပ် ကြည့်လိုက်တဲ့အခါ အင်မတန်မှ ရှည်လျားတယ်၊ ဉာဏ်သတိ စိုက်ကြည့်လိုက်ရင် ကြောက်စရာ လန့်စရာ အင်မတန်ကောင်း။

http://www.dhammadownload.com



ရှေ့ဆက်လို့လည်းပဲ ဒီဉာဏ်သတိအထိန်းသာမပါရင်တော့ ဘယ်လိုဖြစ်ဦးမယ်ဆိုတာမှန်းလို့မဖြစ်ဘူး၊ ဒီသံသရာခရီးရှည်ကြီးက အဝိဇ္ဇာနဲ့ တဏှာကိုးဗျ၊ သူ့လက်ထဲမှာ နေရတာ၊ ဒါကြောင့် ဉာဏ်အသိနဲ့သွားရမယ်၊ သုတဆက်သွယ်ရေးကောင်းတုန်းလည်း ကြိုးစားရမယ်။

အခုတော့ အဝိဇ္ဇာတဏှာမြစ်ကြောင်းမှာ လျှောက်ပြီးတော့စဉ်းစားဆင်ခြင်မှု ဘာမှမရှိ၊ ကြုံသလို သွားနေကြပါတယ်။

http://www.dhammadownload.com

# ကိုကြွယ်နှင့် မလယ်

ဘုရားလက်ထက်တုန်းက သာဝတ္ထိမြို့မှာ ဇနီးမောင်နှံနှစ်ယောက်ရှိပါတယ်၊ မြန်မာလိုတော့ ကိုကြွယ်နဲ့ မလယ်တဲ့။

ပစ္စည်းဥစ္စာကြွယ်ဝတာကြောင့် ကိုကြွယ်၊ လည်လည်ပတ်ပတ် ရှိတာကြောင့်မို့ မလယ်။

ကိုကြွယ်တို့ မလယ်တို့မှာ စီးပွားအလုပ် လုပ်နေကြတာ၊ ကိုကြွယ်က စီးပွားကိစ္စနဲ့ သာဝတ္ထိမှ ရာဇဂြိုဟ်သို့လှည်းတွေ, တပည့်ပရိသတ်မြောက်မြားစွာနဲ့ အရောင်းအဝယ်ကိစ္စ သွားပါတယ်။

သွားတာက လနဲ့ချီပြီးတော့ ရက်ရှည်ခရီး သွားခြင်းဖြစ်ပါတယ်၊ အိမ်မှာ မလယ်က ယောက္ခမ တွေနဲ့ ကျန်ရစ်ခဲ့ပါတယ်။

http://www.dhammadownload.com



တော်နေကြာလာတော့ ကိုယ်လေးလက်ဝန် ဖြစ်လာတဲ့အချိန်ကျတော့ ယောက္ခမတွေက အထင် အမြင်မှားပြီးတော့ ဘာမပြောညာမပြောနဲ့ အိမ်ပေါ် ကနှင်ချလိုက်ကြပါတယ်၊ အငိုငိုအယိုယို အားငယ် ဝမ်းနည်းစွာနဲ့ မလယ်တစ်ယောက် အိမ်ပေါ်က ဆင်းခဲ့ရပါတယ်။

http://www.dhammadownload.com

# မွေးကင်းစသားငယ်လေး ပျောက်သွားသည့်မလယ်

အိမ်ပေါ်က ဆင်းခဲ့တော့ မလယ်စိတ်ထဲမှာ "ငါ့ခင်ပွန်းလည်း ရာဇဂြိုဟ်သွားတာပဲ၊ ငါလည်း ရာဇဂြိုဟ်လိုက်ရုံပေါ့" ဆိုပြီး ရာဇဂြိုဟ်ကိုလိုက်တယ်။

ရာဇဂြိုဟ်ရောက်ခါနီးတော့ သူ့ ကိုယ်ဝန်က ဖွားချိန် ဖြစ်လာလို့ လမ်းဘေးဇရပ်မှာဝင်ပြီးတော့ သားရတနာလေးဖွားမြင်လိုက်ပါတယ်။

အင်မတန်ချောမောလှပတဲ့ သားရတနာလေး ဖွားမြင်ပြီးတော့ သားလေးကို ဇရပ်ပေါ်မှာ သိပ်ထားခဲ့ပြီး သူက ရေရှိတဲ့နေရာကို သွားပါတယ်။

သားလေးကို ဇရပ်ပေါ်သိပ်ထားပြီး ရေရှာနေချိန် ကုန်သည်တစ်ယောက်က ရာဇဂြိုဟ်ကို

http://www.dhammadownload.com



အသွားမှာ ဇရပ်ပေါ် ခဏတက်လိုက်တော့ ကလေးလေးသွားတွေ့တယ်။

"ဟာ-ပိုင်ရှင်မရှိတဲ့ ကလေးလေးတစ်ယောက် ငါတော့ရပြီဟေ့, ကံကောင်းလိုက်တာဟဲ့, ငါမွေးစားရမယ်"ဆိုပြီး ကလေးကိုချီပြီး ယူသွားပါလေရော၊ ရာဇဂြိုဟ်ကိုသွားလေပြီဗျာ။

ယူသွားလို့ အချိန်အတန်ကြာမှ မလယ်က ဇရပ်ပေါ်ပြန်တက်လာတဲ့အခါ သားလေးကို မတွေ့တော့ ငါ့သားလေး မရှိတော့ဘူးဆိုပြီး အရူးတစ်ပိုင်းလောင်လိုက်ပူလိုက်ရတာ။

သားကလေး ဘယ်ရောက်လို့ရောက်မှန်း မသိတော့ပါလားလို့ စိတ်ထဲမှာ ကယောင်ခြောက်ချား ပူလောင်လိုက်ရတာလေ။

http://www.dhammadownload.com

# ဖြစ်ချင်တာတွေ တခြား
# ဖြစ်လာတာတွေက တခြား

ပူလောင်ပြီးတော့ သူက ရာဇဂြိုဟ်ကိုမသွား တော့ပါဘူးတဲ့၊ (သံသရာခရီးသည်လေ) ခြေဦး တည့်ရာသွားပါတယ်။

ကြည့်စမ်း၊ စောစောက သွားမယ်စိတ်ကူး ထားတာက တစ်နေရာ တကယ်သွားတော့ တစ်နေ ရာ၊ ဖြစ်ချင်တာတွေကတခြား၊ ဖြစ်လာတာတွေက တခြား၊ စိတ်ကူးထားတာတွေကတခြား တကယ် ဖြစ်လာတာတွေက တခြား။

အဲဒါနဲ့ ရာဇဂြိုဟ်မသွားတော့ပဲ ခြေဦးတည့် ရာတောရွာဘက်ကိုသွား၊ တောရွာဘက်ရောက် တော့ ဓားပြဗိုလ်တစ်ယောက်နဲ့ အကြောင်းပါလို့ မလယ်မှာ သမီးလေးတစ်ယောက်ရပြန်ရောတဲ့။

http://www.dhammadownload.com



သမီးလေးရတော့ သမီးလေးကို ထိန်းနေစဉ် သူ့ခင်ပွန်း ဓားပြဗိုလ်က အလုပ်ကပြန်လာ၊ ဘာ အခန့်မသင့်ကြမှန်းမသိဘူး၊ ရန်ဖြစ်စကားများကြ တယ်၊ ဟိုကလည်း လျှော့ဆိုးပဲလေ၊ ဒီကလည်း ခလယ်ပဲ၊ ဘယ်သူကမှ အလျှော့မပေးပါဘူး။

အဲဒါနဲ့ စကားများရန်ဖြစ်, မလယ်က ဘယ် လိုမှ နိုင်အောင် မပြောနိုင်တော့ သူ့ခင်ပွန်းကို စိတ်ဆိုးလွန်းအားကြီးတော့ သူ့လက်ထဲက ချီထား တဲ့ကလေးကို စိတ်ဆိုးမာန်ဆိုးနဲ့ ခုတင်ပေါ် လွှင့်ပစ် လိုက်တယ်။

မနိုင်တာက ခင်ပွန်းကို မနိုင်တာပါ၊ ဒါပေမယ့် နိုင်တဲ့ကလေးကိုပဲ မဆီမဆိုင်ကြီး ခုတင်ပေါ်ကို လွှင့်ပစ်လိုက်တယ်၊ လွှင့်ပစ်လိုက် တော့ ကလေးခေါင်းပေါက်သွားတယ်။

ခေါင်းမှာ ဒဏ်ရာရပြီး ကလေးက ငိုလိုက် တာ၊ ဒီလောက်ငိုလွန်းတော့ မလယ်တစ်ယောက် အရမ်းကြောက်လာတယ်။

"တော်နေကြာ ငါ့ခင်ပွန်းက မဆင်မခြင် ငါ့ကို ရိုက်သတ်ချင်သတ်မှာ, ငါက လက်ဦး အောင် အိမ်ပေါ်ကဆင်းပြေးမှတော်တော့မယ်"

http://www.dhammadownload.com



သမီးလေးကို ပစ်ထားခဲ့, အိမ်ပေါ်ကဆင်းပြီး ဦးတည်ရာပြေးပါရောဗျာ၊ (သွားပြန်ရော တစ်လမ်း:)

## ဆက်သွယ်ရေးမရှိသော ကြိုးသလို ခရီးသွားရတဲ့ဘဝသံသရာခရီးသည်တွေ

အဲသလို ဦးတည်ရာသွားလိုက်တာ ရာဇဂြိုဟ်ဘက်ကိုပဲ ရောက်သွားပါတယ်၊ ရာဇဂြိုဟ်မှာ ဟိုအိမ်တက်, ဒီအိမ်နေ သွားလိုက်တာ ကုန်သည်က မွေးစားထားတဲ့ သူ့ရဲ့သားကလည်း မောင်နတ်ပေးလို့ အမည်ရနေတယ်၊ သူလည်း ၂၀–နှစ်ဝန်းကျင်ရှိပြီပေါ့။

တစ်နေ့သောအခါမှာ ဘဝရေစက်ဆုံကြလို့ မလယ်နဲ့ မောင်နတ်ပေးတို့ တွေ့ကြပါတယ်။

ကြားက ဆက်သွယ်ပေးသူလည်းမရှိ, အကျိုးအကြောင်း ဇာတိဇာစ်မြစ် မေးမြန်းခြင်းလည်းမရှိ, သူတို့နှစ်ယောက် ဇနီးမောင်နှံ ဖြစ်ကြ

http://www.dhammadownload.com



ပါရော (သားအမိချင်းနော်) သားဖြစ်တဲ့မောင်နတ်ပေးက ခင်ပွန်း၊ မိခင်ဖြစ်တဲ့ ဒေါ်လယ်က ဇနီးဖြစ်နေတယ်။

ဒါကြောင့် ဆက်သွယ်ရေးမရှိတော့ကြဲ့သလိုသွားတဲ့ ဘဝသံသရာခရီးသည်တွေဗျာ၊ သားကခင်ပွန်း, မိခင်ကဇနီး သံသရာခရီးကြီးများ ကြောက်ဖို့သိပ်ကောင်းပါတယ်။

အဲဒါနဲ့ ဇနီးမောင်နှံလို့ အသိအမှတ်ပြုပြီးနေကြပါတယ်၊ ပြီးတော့မလယ်ရဲ့ (ခွေးပြဗိုလ်နဲ့ရတဲ့) သမီးလေးကလည်း တစ်စ,တစ်စ အရွယ်ရောက်လာတယ်၊ ခွေးပြဗိုလ်ကြီးက အရွယ်ရောက်သည်အထိ စောင့်ရှောက်ထားလိုက်တာ၊ "ငါ့ကိုဆူးလိုပဲစူးတယ်ဟဲ့"ဆိုပြီး သမီးကို မဆူးလို့နာမည်ပေးထားတယ်။

မဆူးဆိုတဲ့ သမီးလေးလည်း ရာဇဂြိုဟ်မြို့ထဲကိစ္စရှိလို့ ရောက်တယ်၊ ဘဝရေစက်များ ဆုံချင်တော့ မောင်နတ်ပေးက ဇနီးအကြီးရဲ့ သဘောတူညီချက်အရ ဇနီးအငယ်တစ်ယောက် ထပ်ယူလိုက်တာမဆူးဖြစ်နေတယ်။

http://www.dhammadownload.com

# ကြံ့လည်းကြံ့တတ်ကြတယ်

အိမ်တစ်အိမ်ထဲ သုံးယောက် ဆုံမိကြပါတယ်၊ ဇနီးအကြီးက မိခင်ရင်း၊ ဇနီးအငယ်က ညီမအရင်း။

ဩော်... ဘဝသံသရာ ခရီးကြီးမှာ ဘဝပင်လယ်ခရီးသည်တွေ တိုက်တိုက်ဆိုင်ဆိုင် ကြံ့လည်းကြံ့တတ်ကြတယ်၊ ဘဝရေစက်ဆိုတာလည်း ရှိသေးတာကိုး၊ ကြံကြံ့ဖန်ဖန် ကြုံကြဆုံကြတာဗျာ။

အိမ်တစ်အိမ်ထဲမှာ မိသားစုသုံးယောက်, နေရမှာကတော့ သားအမိမောင်နှမပုံစံနဲ့ နေကြရမှာ၊ သို့သော်လည်း သူတို့နေတဲ့ပုံစံက တစ်မျိုးကြီး။

မိခင်ကဇနီးအကြီး, ညီမက ဇနီးအငယ်, သားက ခင်ပွန်း, အစ်ကိုက ခင်ပွန်း, ဒီလိုဖြစ်နေကြတယ်၊ ဆက်သွယ်ရေးခရီး မရှိဘူးလေ၊ အဝိဇ္ဇာ

http://www.dhammadownload.com



တကျာမြစ်ကြောင်းကြုံသလို လျှောက်သွားနေကြတဲ့ သံသရာခရီးသည်တွေ။

အဲဒါနဲ့ ရာဇဂြိုဟ်မြို့မှာ သူတို့နေလိုက်ကြတာ,တကယ်အားဖြင့်ကတော့ မိသားစုသုံးယောက် (သားအမိသုံးယောက်) နေကြတယ်ပေါ့၊ ဒါပေမယ့် သူတို့နေကြတဲ့ပုံစံက သားအမိပုံစံနဲ့ နေတာမဟုတ်, ဇနီးမောင်နှံပုံစံနဲ့ နေကြပါတယ်။

http://www.dhammadownload.com

# သွေးကစကားပြောတာပေါ့

တစ်နေ့တော့ ဒေါ်လယ်က မဆူးရဲ့ ခေါင်းမှာသန်းရှာသတဲ့ဗျာ၊ ဘဝရေစက်က ဆုံကြတော့ ဇနီးအကြီးနဲ့ဇနီးအငယ်က ရန်မဖြစ်ကြဘူး၊တကယ့်သွေးသားအရင်းလို နေကြပါတယ်။

အမှန်တော့ သွေးသားအရင်းပဲလေ၊ သွေးစကားပြောတာ ဒါပေါ့ဗျ။

အဲဒါကြောင့် သန်းရှာရင်း ခေါင်းမှာအမာရွတ်ကြီး တစ်ခုသွားတွေ့တယ်၊ သံသယဖြစ်သွားတယ်၊ "ဟယ် ငါ့သမီးခေါင်းက အမာရွတ်နဲ့တူတယ်၊ သမီးငယ်ငယ်တုန်းက ငါစိတ်ဆိုးတာနဲ့ ခုတင်ပေါ်ပေါက်ထားခဲ့တာ၊ ခေါင်းပေါက်တာ ဟောဒီနေရာပဲ၊ သူဖြစ်နိုင်လောက်တယ်"လို့ တွေးမိတယ်။

စောစောပိုင်းအချိန်တွေတုန်းက ဘယ်သူဘယ်ဝါလဲ၊ ဘယ်သူ့သမီးလဲ၊ ဘယ်ကလာသလဲလို့ တစ်ခွန်းမှ မမေးကြဘူး၊ သံသရာခရီး ကြုံသလို

http://www.dhammadownload.com



သွားနေကြတာလေ၊ အခုတော့မေးပြီ။

ဘယ်ကလဲ, ဘယ်သူလဲ, အကြောင်းအရာ သေသေချာချာ မေးလိုက်တော့ "ဟယ် ငါ့သမီး အရင်းပါလား" သမီးမှန်း သိသွားပြီ။

"ကောင်းပြီ, ငါ့ခင်ပွန်းလည်း ငါသိအောင် စုံစမ်းဦးမှ" ခင်ပွန်းကို မွေးစားထားတဲ့ ကုန်သည် အိမ်သွားမေးတယ်။

"ဒီကလေး ဘယ်ကရတာတုန်း"

"ဩော်... ဘယ်နှစ်လောက်တုန်းက ရာဇ ဂြိုဟ်မြို့ဝင်ခါနီးကဇရပ်ပေါ်မှာ ကလေးလေး သိပ် ထားတာတွေ့ရတယ်၊ ရုပ်အင်မတန်ချောတဲ့ကလေး လေးကိုတွေ့တော့ ဝမ်းသာပြီး၊ ငါတော့ နတ်ပေး လို့သာ ဒီလောက်ရုပ်ချောတဲ့ ကလေးလေးရတာ၊ ငါမွေးစားထားရမယ်ဆိုပြီးတော့ ချစ်လွန်းလို့ မောင်နတ်ပေးလို့ သူ့ကို နာမည်ပေးထားတယ်လေ၊ ဇရပ်ပေါ်ကရခဲ့တာ" ဆိုပြီး အကြောင်းစုံရှင်းပြ တော့

"ဟုတ်ပြီ၊ အဲဒါ ကျွန်မသားအရင်းပဲ"

အခုမှ ဇာတ်ပေါင်းမိကြတယ်လေ။

http://www.dhammadownload.com

# သံဝေဂ ကြီးစွာရကြတယ်

ဘဝသံသရာမှာ အဝိဇ္ဇာတဏှာမြစ်ကြောင်းကြီးကို လျှောက်ပြီးတော့ မဆင်မခြင်မစဉ်းမစားနဲ့ လာလိုက်ကြတာ လောကမှာ ဓမ္မမျက်လုံးနဲ့ကြည့်ရင် ကဲ့ရဲ့စရာကြီးပါ။

အဲဒီအခါမှ သူတို့တွေ ဘဝအမှန်သိကြလို့ သံဝေဂကြီးစွာဖြစ်ကြတယ်။

"ဟယ်, ဒို့တွေသွားနေတဲ့လမ်းကြီးဟာ လမ်းမဟုတ်ပါလား, ဘဝရေစက်ဆုံလို့တွေ့တာတော့ဟုတ်တယ်၊ ပုံစံမကျဘူး, ပုံစံကျအောင်ငါတို့သွားမှဖြစ်တော့မယ်"

ကိုနတ်ပေးတစ်ယောက်လည်း ကြီးစွာသံဝေဂ ဖြစ်တယ်။

http://www.dhammadownload.com



"ဩော် ...အဝိဇ္ဇာ,တဏှာမြစ်ကြောင်း လျှောက်လို့သွားနေတဲ့ ပုထုဇဉ်ရဲ့စိတ်, သဒ္ဓါတရားဝမ်းဗိုက်အပေါက်ကြီးနဲ့ ပညာသတိပဲ့ထိန်းမပါ, ဝီရိယထိုးဝါးအကျိုးကြီးနဲ့ အဝိဇ္ဇာတဏှာမြစ်ထဲ ဟိုလျှောက်ဒီလျှောက် ကြောက်စရာကောင်းတဲ့ သံသရာခရီးငါရှေ့ဆက်သွားဖို့ မတော်တော့ဘူး"

အဲဒါနဲ့ သံဝေဂကြီးစွာဖြစ်ပြီး သာသနာဝင်ရဟန်းပြု၊ ကြိုးကြိုးစားစား တရားအလုပ်အားထုတ်ပါတော့တယ်။

အဝိဇ္ဇာ,တဏှာမြစ်ကြီးကို တရားလှေသမ္ဗန် တရားလှေသင်္ဘောနဲ့ စွန့်စွန့်စားစား ကူးခတ်ပြီးတော့ ဓမ္မလှူသားအဖြစ် ပြောင်းလိုက်တယ်၊ တရားအလုပ် ကြိုးကြိုးစားစားအားထုတ်, သမာဓိစွမ်းအားတွေ, ဝိပဿနာစွမ်းအားတွေ အစွမ်းကုန်မြှင့်တင်ပြီးတော့ ကြိုးစားပါတယ်။

http://www.dhammadownload.com

## ခန္ဓာကထုတ်လွှင့်တဲ့ သတင်းမှန်တွေ သိသွားပြီ

ဝိပဿနာဆိုတာ ခန္ဓာတိဗွီကြီးဖွင့်ကြည့်တာပေါ့၊ ခန္ဓာဗွီဒီယိုကြီး ဖွင့်ကြည့်တာ, ခန္ဓာရုပ်မြင်နာမ်ကြားစက်ကြီး ဖွင့်ကြည့်တာ။

ခန္ဓာ တီဗွီဖွင့်ကြည့်တော့ ခန္ဓာက ထုတ်လွှင့်တဲ့သတင်းမှန်တွေသိသွားပြီပေါ့၊ တီဗွီဖွင့်ကြည့်လိုက်တာရုပ်နာမ်ခန္ဓာတွေက ထုတ်လွှင့်ကုန်ပြီ။

"ကျွန်တော်တို့မှာ ရုပ်နာမ်ပဲရှိပါတယ်ခင်ဗျာ, ခန္ဓာပဲရှိပါတယ်, တပည့်တော်တို့ဟာ ခန္ဓာတွေပါ, ရုပ်နာမ်တွေပါ, ငါတို့ ငါ့ဟာတို့ မပါပါဘူး, ဒါက ပါးစပ်က ပြောတဲ့စကားတွေပါ။

http://www.dhammadownload.com



ဒီရုပ်နာမ်ခန္ဓာတွေကလည်း မိုးပေါ်က သူ့ဟာသူ ကျလာတာ တစ်ခုမှ မရှိကြပါ၊ အကြောင်းရှိသလို, အကြောင်းရှိတာကြောင့်, အကြောင်းရှိသလောက်ဖြစ်ပြီးတော့ ကန့်သတ်ချိန်စေ့တဲ့အခါ ပျက်စီးသွားရတယ်၊ မခိုင်မြဲတဲ့အရာတွေပါ။

ပျက်စီးတိုင်း ပျက်စီးတိုင်းနှိပ်စက်ခံရတဲ့ ဒုက္ခအစုတွေပါ၊ အစိုးမရ, အလိုမလိုက်, အကြိုက်မပါ, သူ့သဘောအတိုင်း ဆောင်နေတဲ့ အနတ္တသဘောတွေပါ။

ဆိုင်ခွင့်သာပေး, အပိုင်ပေးတာ တစ်ခုမှမပါ၊ ဒါကြောင့် ဆိုင်ခွင့်ကို ဆိုင်ခွင့်နဲ့ပဲကျေနပ်ပါ, အပိုင်တော့ မတောင်းပါနဲ့၊ ဆိုင်ခွင့်ကို အပိုင်တောင်းလို့ရှိရင် ပိုင်ချင်သလောက် မျက်ရည်ပေါက်ပေါက်ကျပူလောင်ကြပါလိမ့်မယ်"

လို့ ခန္ဓာတိဗ္ဗိဖွင့်ကြည့်သူတွေ ခန္ဓာက ထုတ်လွှင့်တဲ့ သတင်းမှန်တွေ သိသွားပြီဗျ၊ ခန္ဓာမှာ တကယ်ရှိနေတဲ့ ရုပ်နာမ်သတင်းတွေ အမှန်အတိုင်းသိသွားပြီ၊ အနိစ္စသတင်းတွေ အမှန်သိသွားပြီ၊ ဒုက္ခသတင်းတွေ အမှန်သိသွားပြီ၊ အနတ္တသတင်းတွေ အမှန်သိသွားပြီ။

http://www.dhammadownload.com



နောက်မဆုတ်တော့ပါဘူး၊ ကြိုးကြိုးစားစား သဒ္ဓါတရားနဲ့ စိတ်ကောင်းထုတ်လုပ်တဲ့စွမ်းအား သတိအထိန်း၊ အားကိုအပြင်ထုတ်မပစ်ပဲအတွင်းမှာ ချိန်ပြည့်ထုတ်ယူစုဆောင်းပေးတဲ့ ဝီရိယ၊ ခန္တာအရှိ ခတ်ခွဲကြည့်တဲ့ အသိဉာဏ်ပညာမျက်စိ အစွမ်း ကုန်ဖွင့်ပြီးတော့ ကြိုးစားလိုက်တာ ဦးပဥ္စင်းနတ်ပေး ရဟန္တာဖြစ်သွားပါတယ်။

# အဆိုးထဲကအကောင်း

ဒေါ်လယ်လည်း သံဝေဂကြီးစွာဖြစ်ပြီးတော့ တရားအလုပ်ကြိုးကြိုးစားစား အစွမ်းကုန် အား ထုတ်ပါတယ်။

မဆူးလည်း သံဝေဂကြီးစွာဖြစ်ပြီးတော့ ကြိုးကြိုးစားစား တရားအလုပ်အားထုတ်ပါတယ်။

ဘဝအနာမခံတော့ဘူး၊ သတိကို တပ်ဆင် ပြီးတော့ ဘာဝနာစွမ်းအားသာ ယူတော့မယ်လို့

http://www.dhammadownload.com



ကြိုးစားလိုက်ကြတာ သုံးယောက်စလုံး အကျိုးရှိသွားပါတယ်၊ အဆိုးထဲက အကောင်းပေါ့ဗျာ။

http://www.dhammadownload.com

# တရားလက်ဦးဖို့အထူးလိုအပ်တယ်

အဲသလိုဆိုရင်နေ့တိုင်း အိပ်ရာထလာတာနဲ့ တစ်ပြိုင်နက် တရားလက်ဦးဖို့တော့ အထူးလိုအပ်ပါတယ်၊ တရားလက်မဦးရင် အဝိဇ္ဇာတဏှာက နေ့စဉ်အပူငွေ့ ထွက်နေတာဗျ။

လောဘ, ဒေါသ, မောဟဆိုတဲ့ အပူငွေ့တွေ နေ့စဉ်ထွက်နေကြပါတယ်၊ အသက်ကြီးလေ တိုးလေ, အားလေတိုးလေ, အားလေဆိုးလေ၊ သူတို့ကို နိုင်တာတရားတစ်ခုပဲရှိပါတယ်။

ဒါကြောင့် မနက်အိပ်ရာထလာတာနဲ့ ဘယ်အလုပ် ဘယ်လောက်အရေးကြီးတယ်ပြောပြော လက်ဦးရမှာ ဘုရား, ဘဝပေါင်းတစ်သိန်းကြာပေမယ့် တစ်ကြိမ်တွေ့ဖို့မလွယ်တဲ့ ဘုရားနဲ့ ငါ့အသိတွေ အရင်ဆုံးတွေ့မှ ဖြစ်လိမ့်မယ်၊ ဒီလိုမဟုတ်ရင် ငါလှေမှောက်လိမ့်မယ်။

ဘဝပေါင်းတစ်သန်းလောက်ကြာပေမယ့်

http://www.dhammadownload.com



တစ်ခါတောင်တွေ့ဖို့မလွယ်တဲ့ တရားနဲ့ ငါ့အသိတွေအရင်ဆုံးတွေ့မှဖြစ်မယ်၊ တရားနောက်ကျသွားရင် အဝိဇ္ဇာတဏှာမြစ်ထဲမှာ လှေမှောက်လိမ့်မယ်၊ ပင်လယ်ထဲမျောသွားလိမ့်မယ်၊ ဒါကြောင့် ငါလက်ဦးမှ ဖြစ်လိမ့်မယ်ဆိုတဲ့ အသိလေးတွေနဲ့ ကြိုးစားကြရမှာပေါ့ဗျာ။

သတိလေးသမာဓိလေးတွေရအောင် ၅-မိနစ်, ၁၀-မိနစ်, ၁၅-မိနစ် နာရီဝက်လောက် လေ့ကျင့်ခန်းလေး လုပ်လိုက်ရင် စိတ်ကလေးတွေပေါ့လို့, အမြင်လေးတွေရှင်းလို့ဗျ။

အာရုံနဲ့စိတ် နပမ်းလုံးရတာမရှိဘူး၊ ပြာလောင်ခတ်စရာကိစ္စ သူ့မှာ မရှိဘူး၊ တည်တည်ငြိမ်ငြိမ်စွမ်းအား အပြည့်နဲ့ ကြာကြာလုပ်ရမယ့် အလုပ် ခဏလေးနဲ့ပြီးလို့, စွမ်းအားတစ်ခါတည်း ပါသွားတာကို အံ့သြစရာတွေ့ရပါလိမ့်မယ်ဗျာ။

သတိသည် သမာဓိကို ဖော်ထုတ်တယ်၊ သမာဓိသည် ပညာကိုဖော်ထုတ်တာမို့ပညာအားကောင်းတော့ အသုံးချတဲ့အပိုင်းမှာလည်း အကွက်စေ့မှာပါ။

ဒါကြောင့် သာသနာနဲ့တွေ့ကြုံခိုက်လေးမှာ

http://www.dhammadownload.com



ဘဝပင်လယ်ခရီးသည် ဘဝဟာ ရုပ်ပျက်ဆင်းပျက် ဘဝခရီးသည် မဟုတ်တော့ပဲ တည်ငြိမ်ရင့်ကျက် အဖိုးတန်တဲ့ခရီးသည်ပုံစံနဲ့ ကြိုးစားလိုက်ကြတာ ယခုသုမနစမ္မဗိမာန် မလွန်ဆန်လှူသင်းထောက် ဒကာဒကာမအပေါင်း သူတော်ကောင်းတွေ အကောင်းဆုံး ကုသိုလ်ရရှိကြပြီဖြစ်လို့ နိဗ္ဗာန်အထိ ဦးတည်ကြမယ်ဗျ။

ဒါကြောင့် ကတပုညတံ-ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏အဖြစ်ကို၊ ကတပုညတံ- ဘဝပင်လယ်ခရီးသည်ဟု တကယ်ထူးဆန်းကောင်းမှုစွမ်းကိုပဏ္ဍိတာ-ဘုရားအစရှိသောပညာရှိသူတော်ကောင်းတို့သည်၊ ပသံသန္တိ- ကောင်းစွာမသွေ ချီးမွမ်းတော်မူကြပေကုန်သတည်း။

ဤသို့လျှင် ဘဝပင်လယ်ခရီးသည် တရားတော်ကို ကြားနာကြရခြင်းတည်းဟူသော ဓမ္မသဝန မင်္ဂလာ, ကောင်းမှုကုသိုလ်ကံစေတနာ, ကျင့်သုံးကြရသော သရဏဂုံသီလကောင်းမှုကုသိုလ်ကံစေတနာ, ပွားများကြရသော ဘာဝနာကောင်းမှုကုသိုလ်ကံစေတနာ၊ သာသနာတော်မြတ်ကြီးကို ပစ္စယ ဓမ္မနုစ်ဌာနတို့ဖြင့် ချီးမြှောက်ပူဇော်ကြသော

http://www.dhammadownload.com



သာသနာနုဂ္ဂဟ သာသနပူဇာကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့်၊တရားနာပရိသတ်အပေါင်း သူတော်ကောင်းအားလုံးတို့သည် အတွင်းအပ ဘေးရန်အန္တရာယ် အနှောင့်အယှက် အတားအဆီး အချုပ်အချယ် အရှုပ်အထွေး အပူခပ်သိမ်း ထိတ်လန့်တုန်လှုပ်ဖွယ် ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြပါစေကုန်သတည်း။

ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အကြံအစည် ကောင်းမှန်သမျှ ပြီးစီးထမြောက် အောင်မြင်ပါစေကုန်သတည်း။

ကျန်းကျန်းမာမာ, ချမ်းချမ်းသာသာ, ပျော်ပျော်ရွှင်ရွှင်ဖြင့် အားကိုးစရာ ကိုယ်ပိုင်ကောင်းမှုတရားများကို တစ်နေ့တစ်ခြား တိုးပွားအောင် ကြိုးစားဖြည့်ကျင့် စုဆောင်းအားထုတ်နိုင်လွယ်ကြပါစေကုန်သတည်း။

အားထုတ်နိုင်လွယ်ကြ၍ ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်မြတ်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

# ဘဝလက်ဆောင်စွမ်းအားပြောင်

တိပိဋကဓရ –ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်)

[သာသနာတော်နှစ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၁– ခု၊ နယုန်လပြည့်ကျော် ၁၂–ရက်၊ ခရစ်နှစ် ၁၉၉၉–ခုနှစ်၊ ဧပြီလ ၁၀–ရက် ကြာသပတေးနေ့တွင် ရမည်းသင်းမြို့ ကျက်သရေဆောင် ရန်အောင်မြင် မှော်ရုံကြီးအတွင်း၌၊ ဓမ္မဒါနအလှူရှင်များဖြစ်ကြသော ရမည်းသင်းမြို့ ဝါတိုးဈေးခေါင်းရပ်, ရှောက်နှသည် ဦးမြအောင်, ဒေါ်ခင်လှ မိသားစု၊ သားသမီးများဖြစ်ကြသော ဦးကျော်စိုး ဒေါ်မြင့်ရီမိသားစု၊ ဦးတင်သိန်းဝင်း ဒေါက်တာကြွကြွနိုင် မိသားစုတို့နှင့်တကွ ရမည်းသင်းမြို့ အဏာ ဒကာမအပေါင်း သူတော်ကောင်းတို့ ညီညာပေါင်းစု ကျင်းပပြုလုပ် အပ်သော ဓမ္မပူဇာ တရားပွဲကြီးတွင် ဓမ္မဒါန ဓမ္မလက်ဆောင်အဖြစ်ဖြင့် အမှတ်ရဖွယ်အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။]

http://www.dhammadownload.com



ဘဝလက်ဆောင် စွမ်းအားပြောင် ဆိုတဲ့ စကားမှာ စွမ်းအားပြောင်ဆိုတာ စွမ်းအားတွေ ပြောင်စင်သွားတာကို ပြောတာမဟုတ်ပါ၊ ဘဝလက်ဆောင်ကောင်းကို ရတာဖြစ်လို့ စွမ်းအားတွေ တောက်ပြောင်လာတယ်, ပြည့်ဝလာတယ်, ရရှိလာတယ်, တိုးတက်လာတယ်၊ ဒီအဓိပ္ပာယ်ကို ပြပါတယ်။

မြတ်စွာဘုရား နောက်ဆုံးဟောခဲ့တဲ့ စကားလေးနှစ်ခွန်းက –

**ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ**

ဘိက္ခဝေ– ပရိသတ်လေးပါးချစ်သား ချစ်သမီးတို့၊ သင်္ခါရာ–အကြောင်းလေးတန်ပြုစီမံသည့်, ရုပ်နာမ်တရား ဤနှစ်ပါးတို့သည်၊ ဝယဓမ္မာ–ဖြစ်ပြီးက ပျက်စီးရခြင်းသဘောရှိကြလေကုန်၏။

ဝယဓမ္မာ–ဖြစ်ပြီးက ပျက်စီးရခြင်းသဘောရှိကြကုန်သည်ဖြစ်၍ ဘယ်အရာမှ မခိုင်မြဲကြလေကုန်။

တသ္မာ–ထို့ကြောင့်၊ တသ္မာ–သို့ဖြစ်ရာကား၊ တုံမေ–တရားချစ်ခင်စိတ်ကောင်းဝင်သည့် သင်ချစ်သားသင်ချစ်သမီးတို့သည်၊ အပ္ပမာဒေန–

http://www.dhammadownload.com



မမေ့မလျော့မပေါ့မတန်ထက်သန်ထူးခြား၊အပ္ပမာဒ ခေါ်သည့် သတိတရားဖြင့်၊ ကတ္တမ္မကိစ္စနိ–သိက္ခာ သုံးသွယ် ပြုဖွယ်ကိစ္စဟူသမျှတို့ကို၊ သမ္မာဒေဝ– အသီးတစ်ရာ အညာတစ်ခု သတိပြုကာ ကောင်းစွာ မသွေပြီးပြည့်စုံကြပါစေကုန်လော့။

ဣတိ–ဤသို့၊ ဘဂဝါ–တရားစွမ်းအား မြတ်တရားကို ပွားများမြင့်တင် ဘုရားရှင် ကိုယ် တော်မြတ်ကြီးသည်၊ အဝေါစ–ဂရုဏာတရား မေတ္တာထား၍ ဟောကြားတော်မူခဲ့ပါပေသတည်း။

# ကောင်းတာကိုသာ လက်ဆောင်လို့ခေါ်တယ်

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ နောက် ဆုံးပေးခဲ့တဲ့ လက်ဆောင်စကားနှစ်ခွန်းတဲ့။

လောကမှာ လက်ဆောင်ဆိုရင် အင်မတန် မြတ်နိုးကြတယ်၊ တန်ဖိုးထားကြတယ်ဗျ၊ လက်

http://www.dhammadownload.com



ဆောင်ဆိုတာ ကောင်းတဲ့အရာကိုသာ လက်ဆောင်လို့ ခေါ်ကြပါတယ်၊ မကောင်းတာကို လက်ဆောင်လို့ မခေါ်ကြပါ။

တစ်ယောက်သောပုဂ္ဂိုလ်က တစ်ယောက်သောပုဂ္ဂိုလ်ထံ လက်ဆောင်ပေးလိုက်တယ်ဆိုရင် ပေးတဲ့ ပုဂ္ဂိုလ်ကလည်း ကောင်းတာကို မြတ်မြတ်နိုးနိုးပေးလိုက်တာပါပဲ၊ လက်ခံယူသူက လည်း ကောင်းတဲ့ အရာကို လက်ခံယူတဲ့ အနေနဲ့မြတ်နိုးစွာ လက်ခံယူလိုက်တာပါပဲ။

ဒါမျိုးလိုပေါ့၊ ဘဝလက်ဆောင်ဆိုတာ လည်းကောင်းတာကိုပဲ ဘဝလက်ဆောင် ခေါ်ပါတယ်။

http://www.dhammadownload.com

## မလိုချင်တာကိုဇွတ်အတင်းပေးရင် လက်ဆောင်လို့ မခေါ်ပါ

ဘဝရယ်လို့ရလာရင် အိုရမယ်၊ နာရမယ်၊ သေရမယ်၊ စိတ်ထိန်းမတတ်တော့ ပူရဆွေးရ၊ ငိုရကျွေးရ၊ ရှုးကြလောင်ကြရမယ်။

ဒါတွေက ကိုယ်လိုချင်တာလည်း မဟုတ်၊ မလိုချင်ပေမယ့် အတင်းဇွတ်ပေးနေတာလည်း တစ်ကြောင်းဆိုတော့ ဒါမျိုးကို လက်ဆောင်လို့မခေါ်ပါ။

မလိုချင်လည်း ပေးမှာပဲ၊ ပေးလည်းကိုယ်က လိုကိုမလိုချင်တာ၊ ကောင်းမှမကောင်းတာကိုး။

မကောင်းတော့မလိုချင်၊ မလိုချင်ပေမယ့် အတင်းဇွတ်ပေးဆိုတော့ ဒါမျိုးကို လက်ဆောင်လို့ မခေါ်ပါဘူး။

F-7-A

http://www.dhammadownload.com



# လက်ဆောင်ဆိုတာ

* လက်ဆောင်ဆိုတာ၊
* အငိုတိတ်ရမယ်၊
* အကြောက်ပြေရမယ်၊
* အပူငြိမ်းရမယ်၊
* သတ္တိရှိရမယ်၊
* စွမ်းအားတွေရလာရမယ်၊

အနေတတ် အနေရဲ့, အသေတတ်အသေရဲ့, အာမခံ တာဝန်ယူနိုင်သော စွမ်းအားများဖြစ်ရမယ်၊ ဒါမျိုးကိုသာ လက်ဆောင်လို့ ခေါ်ပါတယ်။

စကားလေးရဲ့ ဆိုလိုရင်းကတော့ "ချစ်သား ချစ်သမီးတို့ သင်တို့ရထားတဲ့ ခန္ဓာကြီးဟာ သင်္ခါရ ဖြစ်တယ်၊ သင်္ခါရဆိုတာ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးနဲ့ပေါင်းပြီး ပြုပြင်ထား တာဖြစ်တယ်။

http://www.dhammadownload.com



ကန့်သတ်ချိန်စေ့လာတော့ ဘယ်ဟာမှ ဆုပ်ကိုင်ထားလို့မရ၊ ချုပ်ပျောက်ပျက်စီးကြရတာပဲ၊ ဘယ်ဟာမှမခိုင်မြဲပါဘူး၊

သင်တို့ရထားတဲ့ ခန္ဓာကိုယ်ကြီးသည် သင်တို့နဲ့ ဆိုင်ရုံလေးပဲဆိုင်ပါတယ်၊ ဆိုင်တာကြောင့် ပြုပြင်ပါ၊ ပြုပြင်တော့လည်း သဒ္ဒါအားဉာဏ်အား ကူပြီးတော့မှ လက်ဆောင်ကောင်းလေးတွေ ရအောင် ပြင်ပါ။

သို့သော် မပိုင်ဘူး၊ဆိုင်တော့ဆိုင်တယ်၊ မပိုင်ဘူးဆိုတာကို ဉာဏ်မျက်လုံးလေး တပ်ပေး တာပါ။

ဘုရားရှင် ၄၅–ဝါပတ်လုံး ဟောခဲ့တဲ့တရားတွေကို (စကားနှစ်ခွန်းထဲမှာ) အကုန်ထည့်ပြီးတော့ လက်ဆောင်ပေးတာတဲ့ဗျာ။

## အသုံးချခွင့် အပြည့်ပေးထားတယ်

မိမိတို့ ရထားတဲ့ ဟောဒီ ခန္ဓာကိုယ်ကြီးသည် ဆိုင်တော့ဆိုင်တယ်၊ ဆိုင်သလောက် ပြုပြင်နေရတယ်။

http://www.dhammadownload.com



နေ့တိုင်း ပြုပြင်နေကြရတာဟာ ပိုင်လို့ ပြုပြင်တာမှမဟုတ်ဘဲ၊ ဆိုင်လို့သာ ပြင်နေကြတာ၊ ဒါပေမယ့် မပိုင်ဘူး၊ ကန့်သတ်ချိန် စေ့သွားရင် ချုပ်ပျောက်ပျက်စီးရခြင်းသဘောရှိတယ်။

သို့သော် အားမနာပါနဲ့၊ သုံးပါ၊ အသုံးချခွင့်ကိုတော့ အပြည့်ပေးထားတယ်ဗျ၊ အဲဒါလေးကို ကိုယ်က မြင်ဖို့လိုလိမ့်မယ်။

အားရစရာကောင်းတာက သာသနာ ရတနာ ကြောကြီးပေါ်မှာ မိမိတို့လူလာဖြစ်နေကြတာပဲ။

ဗုဒ္ဓမြတ်စွာ သာသနာ ရတနာကြောကြီးပေါ်မှာ လူလာဖြစ်တာက ဘဝလက်ဆောင်ကောင်း ရဖို့အခွင့်က အင်မတန် ကောင်းနေကြတယ်။

http://www.dhammadownload.com

# အထိန်းမရှိရင် ပုထုဇဉ်စိတ်ကကြောက်စရာကောင်းတယ်

ဒါကြောင့် အပ္ပမာဒေနသမ္ပာဒေထ၊အပ္ပမာဒ သတိတရားလေးနဲ့ လုပ်သင့်တာကိုပြီးအောင် အချိန်မီအောင်လုပ်ကြပါ။

သာသနာ့ကျင့်စဉ် အားလုံးကို ခြုံကြည့်လိုက် တဲ့အခါမှာ အပ္ပမာဒသတိထဲမှာ အားလုံးအကျုံးဝင် ကြပါတယ်၊ စကားတစ်ခွန်းထဲမှာ အားလုံးအတွင်း ဝင် အကျုံးဝင်ကြပါတယ်၊ စကားတစ်ခွန်းထဲမှာ ဘုရားသာသနာကျင့်စဉ်အားလုံး အကျုံးဝင်တယ်။

ဒါလေးကို နည်းနည်းချဲ့လိုက်တော့ သိက္ခာ သုံးပါး၊ အဲဒါကို နည်းနည်းချဲ့လိုက်တော့ မဂ္ဂင် ရှစ်ပါးစသည်ဖြင့် ခေါ်လိုက်တာပါ။

http://www.dhammadownload.com



အချုပ်ကတော့ အပ္ပမာဒသတိ၊ သူ့ကို အချိန်ထိန်းတဲ့ ကိရိယာလို့လည်းခေါ်တယ်၊ အာရုံထိန်းတဲ့ ကိရိယာလို့လည်း ခေါ်တယ်၊ စိတ်ထိန်းတဲ့ကိရိယာလို့လည်း ခေါ်တယ်။

အထိန်းမှမရှိရင်လည်း ပုထုဇဉ်စိတ်ဟာ အရမ်းကြောက်စရာကောင်းတာ၊ ပုထုဇဉ်ဟာ ကိလေသာကင်းတော့ မကင်းသေးဘူးပေါ့၊ ပုထုဇဉ်ဟာ ကိလေသာရှိလို့ ပုထုဇဉ်ခေါ်တာပဲ။

သို့သော် အထိန်းရှိရင် ကြောက်စရာ မရှိပါဘူး၊ အထိန်းမရှိပဲ လွှတ်ထားရင် ပုထုဇဉ်ဟာ တိရစ္ဆာန်ထက်တောင် ကြောက်စရာသိပ်ကောင်းတယ်၊ ဒါကြောင့် အထိန်းတပ်ဆင်ထားပါ။

စိတ်ထိန်းတဲ့ ကိရိယာ, အာရုံထိန်းတဲ့ကိရိယာ, အချိန်ထိန်းတဲ့ ကိရိယာခေါ်ဆိုရတဲ့ အပ္ပမာဒသတိတရားဖြင့် ပြည့်ပြည့်ထိုက်တဲ့ ကိုယ်ပိုင်အလုပ်ကို အချိန်မီပြီးအောင်လုပ်ပါ။

http://www.dhammadownload.com

# လက်ဦးမှ လက်ဆောင်ရမှာ

- နောက်ကအိုတဲ့ ဘေးကြီး
  တကောက်ကောက် လိုက်နေတယ်၊
- သူ့ထက်မဦးရင်တောင်၊
- သူနဲ့ တန်းတူတော့ ကျပါစေ၊
- နာဘေးကြီးက
  နောက်ကတကောက်ကောက်လိုက်နေတယ်၊
- သူ့ထက်မဦးရင်တောင်၊
- သူနဲ့တန်းတူတော့ ကျပါစေ၊
- သေဘေးကြီးကလည်း
  နောက်ကတကောက်ကောက်လိုက်နေတယ်၊
- သူ့ထက်မဦးရင်တောင်
- တန်းတူကျပါစေလို့
- ပြောချင်လည်း ပြောနိုင်တယ်

http://www.dhammadownload.com



– အထူးအားဖြင့်တော့ လက်ဦးမှဖြစ်မယ်
 သဘောထက်တော့ ကိုယ်က လက်ဦးမှ
လက်ဆောင်ဆိုတာရကြမှာ၊

http://www.dhammadownload.com

# အနိစ္စပိုင်သွားတာနဲ့ ဒုက္ခနဲ့ အနတ္တမြင်ပါတယ်

အဲဒီစကားနှစ်ခွန်းမှာ ပထမစကားဖြင့် ဝိပဿနာကျင့်စဉ်ကို ပြတယ်၊ ဝယမ္မေသခ်ါရာ ဆိုတာကဝိပဿနာ၊ သာသနာ့လုပ်ငန်းစဉ် သာသနာကျင့်စဉ်ထဲမှာ အထွတ်အထိပ်ဖြစ်တဲ့ ဝိပဿနာလုပ်ငန်းကို ပြောတာ။

ဘာလို့တုန်းဆိုတော့ ဝယမ္မောက အနိစ္စလို့ ပြောတာ၊ မခိုင်မြဲဘူးသဘောပေါ့၊ အနိစ္စတစ်ချက် ပိုင်သွားရင် ဒုက္ခဆိုတာ မြင်တော့တာပဲ၊ ဒုက္ခမြင်ရင် အနတ္တဆိုတာလည်း မြင်တော့တာပါပဲ။

အနိစ္စတစ်ချက်ပိုင်သွားတာနဲ့ ဒုက္ခနဲ့အနတ္တ မြင်ပါတယ်၊ ဒါကြောင့် ဝိပဿနာကျင့်စဉ်ကို ပြောတာ။

http://www.dhammadownload.com



အပ္ပမာဒေနသမ္ပာဒေထက အဲဒီဝိပဿနာအလုပ်ကို ခပ်သုတ်သုတ် သာသနာ့မျက်လုံးလေးရတုန်း ကြိုးစားကြလို့ဆိုတာ။

ဝိပဿနာလုပ်တယ်ဆိုတာက အရပ်စကားနဲ့ ပြောရင် ခန္ဓာတိဗွိကြီးဖွင့်ကြည့်ကြတာ၊ ခန္ဓာဗွီဒီယိုကြီးဖွင့်ကြည့်ကြတာ၊ ခန္ဓာရုပ်မြင် နာမ်ကြားစက်ကြီးကို ဖွင့်ကြည့်ကြတာဗျ၊

အိမ်က စက်တွေကတော့ ရုပ်မြင်သံကြားဖြစ်မှာပေါ့၊ ခန္ဓာကတော့ ရုပ်မြင်နာမ်ကြားစက်ကြီးတဲ့၊ ရုပ်ကိုမြင်ရမယ်, နာမ်ကိုသိရမယ်၊ ကိုယ့်ရှိတာသိအောင် လုပ်ရမယ်။

http://www.dhammadownload.com

# သံသရာကတည်းက ချုပ်ကပ်အောင်စွဲလာတဲ့ အစွဲ(၃) ခု

မိမိတို့မှာ အစမထင် သံသရာကတည်းက ချုပ်ကပ်နေအောင် စွဲလာခဲ့တာကအစွဲ ၃–ခု ရှိပါတယ်။ ငါစွဲရယ်, ငါ့ဟာစွဲရယ်, ပုဂ္ဂိုလ်စွဲရယ်။

အဲဒီအစွဲ ၃–ခုကို ဖြုတ်နိုင်တာ ဝိပဿနာက လွဲရင် ဘယ်ဟာကမှ ဖြုတ်နိုင်စွမ်းမရှိပါဘူး၊ အဲဒီ အစွဲတွေကို လျော့နိုင်တာလည်း ဒီလုပ်ငန်းစဉ်ပဲ ရှိပါတယ်၊ စိတ်နဲ့အပူ ချာပေးနိုင်တာလည်း ဒါပဲ ရှိပါတယ်။

အစွဲက ကိုယ့်သန္တာန်မှာ တစ်ပိသာရှိရင် တစ်ပိသာတန်အောင် ငိုရလိမ့်မယ်၊ ကိုယ့်သန္တာန်မှာ တစ်ကျပ်သားလောက် အစွဲတွေ ရှိနေသေးတယ်ဆို

http://www.dhammadownload.com



ရင် တစ်ကျပ်သားတန်အောင်တော့ ငိုရလိမ့် ပူရလိမ့်ဦးမယ်။

အဲဒါကြောင့် အစွဲတွေလျှော့လျှော့ပေး, စိတ်နဲ့အပူခွာ ခွာပေးတာ။

http://www.dhammadownload.com

# မြန်မြန်နားလည်အောင် ခေတ်စကားနဲ့ ပြောလိုက်တာ

အစမထင် သံသရာကတည်းက စွဲလာခဲ့တဲ့ အစွဲ(၃)ခု ဒီခန္ဓာထဲကောပါလို့လား၊ ဟယ်- ငါ ကြည့်ဦးမှ ခန္ဓာဗွီဒီယိုကြီး ဖွင့်ကြည့်ဦးမှဖြစ်မယ်၊ ခန္ဓာတိဗွီကြီးတော့ဖွင့်ကြည့်ဦးမှဖြစ်မယ်၊ ဘုရားက တိဗွီဖွင့်ကြည့်ကြတဲ့။

ဒါတွေက ခေတ်စကားနဲ့ပြောတာပါ၊ ဘုရားလက်ထက်တုန်းက တိဗွီတွေ, ဗွီဒီယိုတွေ ရှိတာမဟုတ်ပါဘူး၊ အခုကာလဆိုတာ ခေတ်အလျောက် ခေတ်မှာပေါ်ပေါက်တဲ့အရာတွေနဲ့ နှိုင်းယှဉ်ပြီး ပြောလိုက်တော့ မြန်မြန်နားလည်တာပေါ့။

ဥပမာယျ မိဒိံ ကိစ္စေ အတ္ထံ ဓာနံ တိပဏ္ဍိတာ တဲ့၊ စာထဲမှာရှိတယ်၊ လောကမှာ ထင်ရှားတဲ့

http://www.dhammadownload.com



ဥပမာစကားနဲ့ပြောရင် ခဏလေးနားလည်သွားတယ်တဲ့။

ဒါကြောင့် ဗွီဒီယိုတွေ တိဗွီတွေက မကြာမကြာနေ့စဉ်လောက်နီးပါးကြည့်နေကြတာဆိုတော့ ဟောဒီခန္ဓာ ဗွီဒီယိုကြီးလည်း ကြည့်ပါဦး၊ ကိုယ့်တီဗွီလည်း ကိုယ်ကြည့်ပါဦး, ကိုယ့်ခန္ဓာ ဘာတွေရှိနေတယ်ဆိုတာ ကြည့်ပါဦး, ဘာတွေအရေးကြီးနေသလဲဆိုတာလည်း သတိထားပါဦးလို့ပြောတာ။

http://www.dhammadownload.com

# ထိတ်လန့်အောင်လို့ ပြောတာ

ဒါကြောင့် ဝယမ္မသခ်ါရာဆိုတဲ့ စကားက ဝိပဿနာကို ပြောတယ်၊ အပ္ပမာဒေန သမ္ပာဒေထ ဆိုတာက အဲဒါကို ကိုယ်ကလက်ဦးအောင် ခပ်သုတ်သုတ် ခပ်မြန်မြန်လေး အချိန်ထိန်းတဲ့ ကိရိယာ, အာရုံထိန်းတဲ့ကိရိယာ, စိတ်ထိန်းတဲ့ ကိရိယာလို့ခေါ်ဆိုရတဲ့ အပ္ပမာဒ သတိတရားဖြင့် ခပ်မြန်မြန်ပြီးအောင် လုပ်ပါလို့ အဲသလို ပြတယ်။

တစ်နည်းအားဖြင့် ဝယဓမ္မာသခ်ါရာဆိုတဲ့ စကားက ထိတ်လန့်အောင်လို့ပြောတာ၊ ထိတ်လန့်အောင်လို့ပြတာ၊ တစ်နည်းအားဖြင့် ဘဝလက်ဆောင်ပေါ့ဗျာ။

အနိစ္စသဘောပြောရင် ဒုက္ခသဘောပါလာပြီ၊ ဒုက္ခသဘောပြောရင် အနတ္တသဘောပါလာပြီ၊

http://www.dhammadownload.com



ဒါကြောင့် ဗုဒ္ဓဘာသာဝင် နှုတ်ကျိုးနေကြတဲ့ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ သင်္ခါရာ အနတ္တာစကား၊ အနတ္တပိုင်းကျတော့ သဗ္ဗေဓမ္မာ အနတ္တာ၊

အဲဒီစကား ၃-ခွန်းက အကျုံးဝင်သွားတယ်၊ ဒီစကား ၃-ခွန်းဟာ (အမှန်တော့) လက်ဆောင်ပေးတာ။

http://www.dhammadownload.com

# တရားအသိရှိရင်
# လက်ဆောင်ပေးတာ
# တရားမသိမရှိရင်
# ဆူပူကြိမ်းမောင်းတာတဲ့

တရားအသိ, တရားသတိရှိတဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ အဲဒါဟာလက်ဆောင်ပေးတာတဲ့၊ တရားအသိ တရားအသိအားနည်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဆူပူကြိမ်းမောင်းတာတဲ့၊

ဝယမ္ဗောသင်္ချာရာဆိုတဲ့ စကားလေးက တစ်နည်းအားဖြင့် တရားအသိ တရားသတိ အားနည်းတဲ့ ပုဂ္ဂိုလ်ဆိုရင် ဆူပူတာတဲ့၊ ကြိမ်းမောင်းတာတဲ့၊ ဟောက်တာတဲ့၊ ငေါက်တာတဲ့ဗျာ။

တရားအသိ, တရားသတိရှိတဲ့ ပုဂ္ဂိုလ်ဆိုရင်

http://www.dhammadownload.com



တန်ဖိုးမဆုံးဖြတ်နိုင်တဲ့ လက်ဆောင်စကားပေးတာ, လက်ဆောင်ပေးတာတဲ့။

ဒီလိုဆိုရင် မိမိတို့ကတော့ တရားအသိ, တရားသတိရှိတော့ ဒီစကားနဲ့ ဘယ်အဟောက် အငေါက်ခံမှာတုန်း၊ လက်ဆောင်ပေးတာပဲ၊ လက်ဆောင်ပဲယူမှာပေါ့။

ဒါကြောင့် ဝယဓမ္မာသခ်ါရာဆိုတဲ့ စကားလေးက ထိတ်လန့်အောင်လို့ပြတာ၊ တရားအသိ တရားသတိမရှိတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ငေါက်တာပေါ့၊ ဟောက်တာပေါ့၊ ခြောက်တာပေါ့။

တရားအသိ တရားသတိ အခြေခံရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် လက်ဆောင်လေးပေးတာ။

http://www.dhammadownload.com

# ဘဝကပေးတဲ့ လက်ဆောင်ကောင်းကို ရအောင်ယူကြမယ်

"သင်တို့ရတာဟာ ဆိုင်ခွင့်လေးပဲရတယ် နော်၊ သင်တို့ ပြုပြင်နေရတာဟာ ဆိုင်လို့သာ ပြုပြင်နေရတယ်၊ သို့သော် မပိုင်ဘူး (ထိတ်လန့်အောင်လို့ပြောတာ)၊ တော်နေကြာ ကိုယ်ပိုင်မရပဲ ဟာကနဲဖြစ်သွားမယ်နော်၊ ဒါကြောင့် အပ္ပမာဒေန သမ္ပာဒေထ- ကိုယ်လုပ်ရမှာကို မြန်မြန်လုပ်"

ရှေ့စကားက ထိတ်လန့်အောင်လို့ပြောတာ၊ နောက်စကားက လုပ်ငန်းစဉ်ကိုပြောတာ။

အပ္ပမာဒစကားတစ်ခွန်းကို ပြောလိုက်တယ်ဆိုရင် ကျင့်စဉ်ဖြစ်တဲ့ သိက္ခာသုံးပါးရှိတယ်၊ ချဲ့လိုက်တော့ မဂ္ဂင်ပေါ့ (လောကီမဂ္ဂင်ပေါ့)၊ အဲဒါကို ပြတာ၊ ဘာပဲပြောပြော လက်ဆောင်ပေါ့။

http://www.dhammadownload.com



တရားအသိတရား သတိရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ အဲဒါ လက်ဆောင်တဲ့။

ခန္ဓာငေါက်တာကို မခံပါ၊ ခန္ဓာခြောက်တာကို မခံပါ၊ ခန္ဓာက ဆူပူကြိမ်းမောင်းတာကိုမခံပါ။

ခန္ဓာကပေးတဲ့ ဘဝလက်ဆောင်ကောင်းကိုသာ မိမိတို့က ရအောင်ယူကြမယ်၊ ရအောင်ယူနိုင်ဖို့လည်း မြတ်စွာဘုရားက အရေးတကြီး လက်ဆောင်စကားလေး နှစ်ခွန်းပေးခဲ့တာပေါ့။

http://www.dhammadownload.com

## အငှားကို အပိုင်နဲ့ မြန်မြန်လဲကြ

ဒီလိုဆိုတော့ ဝယမ္မောသခ်ါရာက မိမိတို့ ရထားတာ အငှားလို့ပြောတာ, အပိုင်မဟုတ်ဘူးတဲ့၊ အပ္ပမာဒေနသမ္ပာဒေထက အပိုင်နဲ့မြန်မြန်လဲကြလို့ ပြောတာ၊ ဒါကြောင့်–

* **အငှားမျှသာ၊ ဤခန္ဓာ၊**
**ချိန်ခါစေ့လျှင် ပြန်အပ်ရ။**

မိမိတို့ရထားတဲ့ ခန္ဓာကိုယ်ကြီးကို ဉာဏ်နဲ့ ကြည့်တဲ့၊ ကိုယ့်ခန္ဓာလည်း အငှားပဲ၊ ကိုယ့်လက်ထဲ ရှိတဲ့ ပစ္စည်းတွေလည်း အငှားပဲ၊ ကိုယ်ပိုင်တာ တစ်ခုမှ မရှိဘူး။

* **အငှားမျှသာ၊ ဤခန္ဓာ၊**
**ချိန်ခါစေ့လျှင် ပြန်အပ်ရ။**

အစမထင် သံသရာကတည်းက ခန္ဓာတွေ

http://www.dhammadownload.com



ရခဲ့လို့ပြီ၊ ကန့်သတ်ချိန်စေ့သွားရင် ပြန်အပ်ခဲ့ရတာချည်းပဲ၊ လက်လွှတ်ခဲ့ရတာချည်းပဲ၊ ပျောက်ကွယ်ပျက်စီးခဲ့တာချည်းပဲ။

ဘာတွေ ဘယ်လောက်ပြည့်စုံတယ် ပြောပြော၊ ဘာတွေ ဘယ်လောက်ရှိတယ်ပြောပြော၊ ကန့်သတ်ချိန်စေ့ရင် အကုန်လက်လွှတ်ခဲ့ရတာ ချည်းပဲ။

* **အငှားကိုပင်၊ အပိုင်ထင်၊**
  **အမြင်လွဲ၍ မေ့တတ်ကြ။**

အငှားကို အပိုင်ထင်နေတဲ့ အဲဒီအထင်အစွဲကြီးဟာ ကိုယ်ကိုနှိပ်စက်နေတာ, လက်ဆောင်တွေ ရှုံးအောင်သူလုပ်နေတာ၊ ခန္ဓာအငေါက်ခံနေရတာလည်း အမှန်တော့ အဲဒီအထင်လွဲမှုတွေကြောင့် အငေါက်ခံနေရတာ။

* **အငှားကိုပင်၊ အပိုင်ထင်၊**
  **အမြင်လွဲ၍ မေ့တတ်ကြ၊**

ကိုယ့်ခန္ဓာအငှားကြီးကို အပိုင်ထင်ပြီးတော့ မေ့နေတတ်တယ်။

http://www.dhammadownload.com

# အငှားကိုအပိုင်ထင်သူ၏ ဖြစ်ထွေ

ကိုဝနဲ့ ကိုလှဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ရှိတယ်၊ ကိုဝက တစ်ချိန်တော့ ကိုလှထံကနွား ၂-ကောင်ငှားတယ်တဲ့။

"ကိုလှခင်ဗျာ၊ ကျွန်တော့်ကို နွား၂-ကောင် ငှားပါ၊ ငှားခလည်းပေးပါ့မယ်၊ ၁-နှစ်ပြည့် သွားရင်လည်း ပြန်အပ်ပါ့မယ်"

"အေး ကိုဝ, ကတိတည်ပါစေနော်"

"ကောင်းပါပြီခင်ဗျာ၊ ကတိတည်မှာပါ"

ဆိုပြီး နွား ၂-ကောင်ငှားသွားတယ်။

အိမ်ရောက်တော့ ကိုဝက ငှားလာတဲ့ နွားလို့မထင်တော့ဘူး၊ သူ့နွားလို့ထင်သွားတယ်၊ သူ့နွားလို့ ထင်သွားတော့ ခိုင်းရမှာကို နှမြောလာတယ်၊ မခိုင်းရက်ဘူး၊ နွား-၂ကောင်ကို အလှကြည့်ပြီး နေတယ်။

http://www.dhammadownload.com



ဘယ်လိုပဲကြည့်ကြည့်လေ၊ နွားဆိုတာက တော့ အစာကျွေးချိန်အစာကျွေးရမယ်၊ ရေတိုက်ချိန် ရေတိုက်ရမယ်၊ သူတို့ကို လုံခြုံအောင် စောင့်ရှောက် ရမယ်၊ ကျန်းမာရေးတာဝန်ယူ ရမယ်။

ဒါနဲ့ ကိုဝတစ်ယောက် နွား ၂-ကောင်ကို ကိုယ့်နွားမှတ်ပြီး မခိုင်းရက်ပဲ နှမြောပြီးတော့ နေ့တိုင်းအစာကျွေးလို့ ရေတွေတိုက်လို့ စောင့် ရှောက်လို့ပေါ့ဗျာ။

ဒါနဲ့တိုတိုပြောလိုက်တော့ ၁-နှစ်ပြည့်လာ တယ်၊ အဲဒီတော့ ကိုလှက-

"ဟေ့ ကိုဝ, ၁-နှစ်ပြည့်ပြီကွ၊ ငါ့နွားနှစ် ကောင်ပြန်ပေး" ဆိုတော့ ကိုဝက-

"ကိုလှ,ကျွန်တော်ခုထက်ထိ နွားနှစ်ကောင် ကို မခိုင်းရသေးဘူး၊ ကျွန်တော်က ကိုယ့်နွားမှတ် ပြီးတော့ နွားတွေကို အချစ်လွဲပြီး ခုထက်ထိ မခိုင်းရသေးဘူး၊ နေ့တိုင်းအစာကျွေးရတာလည်း အများကြီး ကုန်လှပြီ၊ နေ့တိုင်း ရေတိုက်ရတာ လည်း တာဝန်ကြီးတယ်ဗျ၊ ကျန်းမာရေးစောင့် ရှောက်ရတာ တာဝန်များတယ်, သူတို့တာဝန်ဟာ နေ့စဉ်ကြီးလေးလွန်းများလွန်းလှတယ်၊ ဒါကြောင့်

http://www.dhammadownload.com



သူတို့ကို ကျွေးရကျိုးနပ်အောင် နောက်ထပ် ၁-နှစ်တော့ ကျွန်တော့်ကို ငှားပါဦး ကိုလှရယ်"

"ဟော့-ကိုဝ၊ စောစောက ကျွန်တော်ပြော ခဲ့ပြီမဟုတ်လား၊ ကတိတည်ပါစေလို့၊ ၁-နှစ်ဆို ၁-နှစ်ပေါ့၊ ခိုင်းတာမခိုင်းတာ မင်းအလို့ မခိုင်းတာ၊ ကိုင်း, ငှားခလည်း ငါ့ကိုပေး, နွားနှစ်ကောင်လည်း ပြန်ပေး"ဆိုပြီး အတင်းဆွဲယူသွားသတဲ့။

ကိုဝတစ်ယောက် နွားစာကျွေးရတာ ရှုံး လိုက်တာ၊ ခိုင်းလည်းမခိုင်းရဘူး၊ နေ့တိုင်းစောင့် ရှောက်ရတဲ့ တာဝန်ကြီးက ကြီးလိုက်တာ။

အဲဒါမျိုးလိုပေါ့၊ မိမိတို့မှာလည်း ခန္ဓာ အငှားတစ်ခုရထားတယ်၊ အဲဒါကို အပိုင်ထင်ရင် တော့ဖြင့် ကိုဝ ရှုံးသလို ရှုံးကြမှာ၊ ဒါကြောင့်-

* **အငှားကိုပင်၊ အပိုင်ထင်၊**
**အမြင်လွဲ၍ မေ့တတ်ကြ။**

http://www.dhammadownload.com

# အသုံးချဖို့ ကျွေးတာပဲ

* **မခိုင်းရက်ပါ၊ သနားညှာ၊**
**အစာကျွေး၍ စောင့်ရှောက်ရ။**

ကိုဝဟာ ကိုလှထံက နွားနှစ်ကောင်ငှားလာတဲ့အခါမှာ၊ ငှားလာတုန်းကတော့ အငှားနွားအနေနဲ့ ငှားလာခဲ့တာ၊ သူ့လက်ထဲ ရောက်လာတော့ အငှားနွားလို့ မထင်၊ သူ့နွားလို့ အထင်လွဲပြီးတော့ မခိုင်းရက်ဘူး၊ နမြောလွန်းလို့၊ ဒါပေမယ့် နေ့တိုင်း အစာကျွေးရတယ်။

* **အချိန်စေ့ပေါ့၊ ပြန်အပ်တော့၊**
**မေ့လျော့သာ ကွေပူဆွေးရ။**

ငှားထားတဲ့ ဟောဒီခန္ဓာကြီးလည်းဒီအတိုင်းပဲ၊ ကန့်သတ်ချိန် စေ့လာပြီဆိုရင် ကျွန်တော်ကျွန်မမှာ ဒါနမလုံလောက်သေးလို့ နောက် ၁-နှစ်တော့ ဆိုင်းပါဦး၊ သီလသမာဓိ ဝိပဿနာ ကြားရုံသာ

http://www.dhammadownload.com



ကြားဖူးသေးပါတယ်၊ ကိုယ့်မှာ ဘာမှမရှိသေးလို့ နောက်၁–နှစ်တော့ဆိုင်းပါဦးဆိုပေမယ့် မရဘူးတဲ့ဗျ၊ ဆွေးရမှာပဲ။

*** အချိန်စေ့ပေါ့၊ ပြန်အပ်တော့၊**
**မေ့လျော့သူတွေ ပူဆွေးရ။**

အပ္ပမာဒသတိမရှိပဲ ပမာဒချည်း ဖြစ်နေကြမယ်ဆိုရင် မေ့လျော့သူတွေပူဆွေးရသလို လက်ဆောင်တွေ အကုန်ရှုံးပေါ့ဗျာ။

ခန္ဓာအငေါက်ခံရမယ်၊ ခန္ဓာအခြောက်ခံရမယ်, ခန္ဓာဆူပူကြိမ်းမောင်းတာကိုပဲ ခံရလိမ့်မယ်။

*** လိမ်မာပါးနပ်၊ အသုံးတတ်၊**
**ပြန်အပ်ချိန်မှာ စိတ်အေးရ**

လိမ်မာပါးနပ်တဲ့ ပုဂ္ဂိုလ်တွေက သူများထံက နွားကို ငှားတာမှာ အငှားနွားမှန်းသိတော့ ခိုင်းမှာပေါ့ဗျာ။

ဒါမျိုးလိုပေါ့၊ မိမိတို့ရထားတဲ့ ခန္ဓာကြီးဟာလည်းပဲ အချိန်အကန့်အသတ်လေးနဲ့ ငှားထားတဲ့အငှားမျှသာ ဖြစ်တယ်လို့ နားလည်ထားတဲ့ပုဂ္ဂိုလ်တွေ, သာသနာရတနာကြောကြီးပေါ်မှာ လူဖြစ်ခိုက် အပိုင်တရားနဲ့လဲလှယ်ပြီးတော့ အသုံး

http://www.dhammadownload.com



ချတဲ့ပုဂ္ဂိုလ်တွေ့ပြန်အပ်တဲ့အချိန်ကျတော့အေးအေး ဆေးဆေးအပ်မှာပေါ့ဗျ။

ကိုယ်က ဆုပ်ကိုင်ထားဖို့ သူ့ကို ကျွေးတာမှ မဟုတ်ပဲ၊ အသုံးချဖို့ ကျွေးတာပဲ၊ သုံးပြီးပြီပဲ၊ ပျက်ပစေပေါ့ဗျ၊ ဒါကြောင့်-

* လိမ်မာပါးနပ်၊ အသုံးတတ်
  ပြန်အပ်ချိန်မှာ စိတ်အေးရ။
* ဘဝတစ်ခေါက်၊ ခဏရောက်၊
  မကြောက်ရအောင်ကြိုးစားကြ။

ဒါကြောင့် မြတ်စွာဘုရားက "ဘဝတစ်ခေါက် ခဏလေးရောက်တာနော်၊ အငှားကို အပိုင်ထင်ပြီး မေ့မနေကြနဲ့၊ အပ္ပမာဒသတိနဲ့ ဘဝလက်ဆောင်ကောင်းလေးတွေကို မြန်မြန်ရအောင် ကြိုးစားကြ" အဲသလိုမိန့်ကြားတော်မူ ပါတယ်။

* အငှားမျှသာ၊ ဤခန္ဓာ၊
  ချိန်ခါစေ့လျှင် ပြန်အပ်ရ။
* အငှားကိုပင်၊ အပိုင်ထင်၊
  အမြင်လွဲ၍ မေ့တတ်ကြ။
* မခိုင်းရက်ပါ၊ သနားညှာ၊
  အစာကျွေး၍ စောင့်ရှောက်ရ။

http://www.dhammadownload.com



* အချိန်စေ့ပေါ့၊ ပြန်အပ်တော့၊
မေ့လျော့သူတွေ ပူဆွေးရ၊
* လိမ်မာပါးနပ်၊ အသုံးတတ်၊
ပြန်အပ်ချိန်မှာ စိတ်အေးရ၊
* ဘဝတစ်ခေါက်၊ ခဏရောက်၊
မကြောက်ရအောင်ကြိုးစားကြ။

ဒါကြောင့် အပ္ပမာဒေန-မမေ့မလျော့ မပေါ့မတန် ထက်သန်ထူးခြား အပ္ပမာဒခေါ်တဲ့ သတိတရားဖြင့်၊ ကတ္တကကိစ္စာနိ-ကိစ္စသုံးသွယ်၊ ပြုဖွယ်ကိစ္စဟူသမျှတို့ကို၊သမ္ပာဒေထ-အသီးတစ်ရာအညာတစ်ခု သတိပြုကာ ကောင်းစွာမသွေပြီးပြည့်စုံကြစေကုန်ရာသတည်း။

# အပ္ပမာဒသတိနဲ့ သီကုံးထားမယ်ဆိုရင်

အသီးကတစ်ရာ အညာကတစ်ခု၊ အပ္ပမာဒသတိက အညာတစ်ခု၊ မဆုံးနိုင်အောင် များပြားတဲ့ လူ့ ကိစ္စမျိုးစုံတွေက အသီးတစ်ရာ။

http://www.dhammadownload.com



လောကမှာ အညာက တစ်ခုထဲ, ဆောင်ထားရတဲ့အသီးတွေက တစ်ရာဝန်းကျင်ရှိတဲ့ အသီးမြောက်များစွာတွေ။

အညာခိုင်နေရင်တော့ အသီးတွေကအတော်ကြည့်လို့ လှတာပဲ၊ အညာခိုင်နေရင် အသီးတွေကအင်မတန်ကြည့်လို့ကောင်းတာပဲဗျာ။

အညာများ ပြုတ်ကျလိုက်ပြီဆိုရင် အသီးတစ်ရာဟာ ကြည့်လို့မကောင်းတော့ဘူး၊ ဖရိုဖရဲပြန့်ပြန့်ကြဲကြဲ ကျကွဲပျက်စီး, ဟိုလွင့်ဒီလွင့်, ဟိုရောက်ဒီရောက်ဗျာ၊ တော်တော်ကို အကျည်းတန်အရုပ်ဆိုးပြီး ပျက်စီးကုန်တာဗျ။

ဒါမျိုးလိုပဲ,နေ့စဉ်နေ့စဉ် ဆောင်ရွက်နေကြတဲ့ လူ့ကိစ္စမျိုးစုံတွေဟာ အပ္ပမာဒသတိဆိုတဲ့ အညာလေး တစ်ခုနဲ့ သီကုံးထားမယ်ဆိုရင် ကြိုးလေးတစ်ခုနဲ့ သီကုံးထားမယ်ဆိုရင် ကြည့်လို့တယ်ကောင်းဗျ။

ဟောဒါက ဒါနလေးဟဲ့၊ ဟောဒါက သီလလေးတွေ၊ ဒါလေးက သမာဓိလေးတွေပါလား၊ ဟောဒါက ဝိပဿနာလေးဟဲ့နဲ့ ကြည့်လို့တကယ်ကောင်း။

http://www.dhammadownload.com



စိတ်ကလည်း ချမ်းသာလိုက်တာ၊ ဘဝလက်ဆောင်ကောင်းလေးတွေ တစ်ခုပြီးတစ်ခု, တစ်ခုပြီးတစ်ခု စဉ်တန်းပြီးတော့ ရလာတယ်။

တစ်နေ့သာ ကုန်သွားရော, အချိန်ကုန်မှန်းတောင် မသိလိုက်ဘူး၊တော်တော့ကို ပျော်လိုက်တာ၊ အလုပ်တွေကလည်း မြန်မြန်ပြီးလိုက်တာ၊ အမှားအယွင်းတွေလည်း ဘာမှမရှိဘူး၊ စားဝတ်နေရေးနဲ့တရား တစ်သားထဲပေါင်းမိသွားတယ်။

# ဘဝလက်ဆောင်ကောင်းကို ယူဖြစ်အောင်ယူပါ

အပ္ပမာဒသတိအညာများ ပြုတ်သွားပြန်တော့ လူ့ကိစ္စမျိုးစုံတွေ အကုန်လုံး ဖရိုဖရဲဖြစ်သွားတယ်၊ ပြန့်ပြန့်ကြဲကြဲကြီးဗျ၊ ဟိုရောက်ဒီရောက်, အမျိုးမျိုး ဖရိုဖရဲတွေဖြစ်ကုန်တာ။

တရားစွမ်းအားတွေ အကုန်ဆုံးရှုံးတယ်၊ ဘဝလက်ဆောင်ကောင်းတွေ အကုန်ဆုံးရှုံးတယ်၊

http://www.dhammadownload.com



အမှားတွေကလည်း များလိုက်တာ၊ ဘယ်အလုပ်မှ တွက်ကိန်းမကိုက်ဘူး၊ ရည်ရွယ်ချက်ထားတဲ့အလုပ်တွေကို မလုပ်ဖြစ်ဘူး။

တချို့ စရုံလေးစဖြစ်တယ်, မပြီးဘူး၊ တချို့ စကို မစဖြစ်ဘူး စသည်ဖြင့် အသီးတစ်ရာမကများပြားလှတဲ့လုပ်ငန်း ကိစ္စတွေဟာ တရားဘောင်အတွင်းကိုလည်း လုံးဝရောက်မလာတော့ဘူး၊ ဖရိုဖရဲချည်းလည်း ဖြစ်သွားတယ်တဲ့။

ဒါကြောင့် အသီးတစ်ရာအညှာတစ်ခု သတိပြုပါ၊ ဘဝလက်ဆောင်ကောင်းကို ယူဖြစ်အောင်ယူပါ။

ဘဝလက်ဆောင်ကို ယူနိုင်ဖို့လည်း မိမိတို့မှာ အခြေအနေပေးထားတယ်၊ ဘာလို့တုန်းဆိုတော့ လူ့ဘဝဂုဏ်ရည် (၆)ချက်နဲ့ ပြည့်စုံတဲ့ လူကောင်းတစ်ယောက်ဖြစ်နေတာကြောင့် ဘဝလက်ဆောင်ကောင်းကို စိတ်ကြိုက်ရယူနိုင်တယ်။

http://www.dhammadownload.com

# လူ့ဘဝဂုဏ်ရည် အမှတ် (၁)

## (၁) ဘုရားပွင့်ရာ၊ သာသနာ၊ ကြုံတာဘဝမြတ်၊

ဘုရားပွင့်ရာ သာသနာတော်မြတ်ကြီးနဲ့ တွေ့ကြုံနေရတာဟာလည်း လူ့ဘဝဂုဏ်ရည်တစ်ချက်ပဲ၊ ငါဟာ ဘဝမြတ်တစ်ခုကိုရနေတဲ့ ပုဂ္ဂိုလ်ပါပဲလို့ ဂုဏ်ယူစရာလူ့ရဲ့ အရည်အသွေးတစ်ခုပဲ။

ရတနာကြောကြီးပေါ်ရောက်တာ ဒီသာသနာနဲ့တွေ့လို့ ရောက်တာဗျ၊ သာသနာရတနာကြောကြီးပေါ်မှာ ရောက်နေပါတယ်လို့ ဂုဏ်ယူရလောက်အားရှိလောက်အောင် ဘုရားမြတ်စွာသာသနာနဲ့ တွေ့ဆုံလာရတယ်၊ ဒါဟာ လူ့ဘဝဂုဏ်ရည်တစ်ချက်ပဲ။

ဒါဟာ ပိုက်ဆံပေးဝယ်လို့ မရဘူးလေ၊ သူများဆီကချေးလို့ ငှားလို့လည်းမရဘူး၊ အတိတ်

http://www.dhammadownload.com



ကုသိုလ်ကံ အရင်းအနှီးက အင်မတန်ကောင်း, ပစ္စုပ္ပန်မှာ သဒ္ဓါပညာစတဲ့ အင်အားတွေကလည်း အင်မတန်ကောင်းတဲ့ အတွက်ရနေသော လူ့ဘဝ ဂုဏ်ရည်ဖြစ်တယ်။

လူ့လုပ်ပိုင်ခွင့် အကုန်သုံးလို့ ရတယ်ဗျာ၊ စားဝတ်နေရေးနဲ့ တရားကို တစ်သားတည်းပေါင်းလို့ ရတယ်၊ စီးပွားရေးနဲ့တရား, လူမှုရေးနဲ့တရား တစ်သားတည်းပေါင်းနိုင်တယ်ဗျ။

ခုနက အပ္ပမာဒသတိ အချိန်ထိန်းကိရိယာလေး တပ်ဆင်နိုင်ခွင့်ရပြန်တော့ အလုပ်တွေဟာ မြန်မြန်ပြီးတယ်၊ အချိန်မိစ္ဆာမ်းအားလေးတွေ ယူနိုင်တယ် စသည်ဖြင့် သာသနာနဲ့တွေ့ရတဲ့ အခွင့်အရေးဟာလည်း တိုင်းတာလို့မရနိုင်လောက်အောင် အများကြီးပဲ။

http://www.dhammadownload.com

# လူ့ဘဝဂုဏ်ရည်အမှတ် (၂)

* လမ်းညွှန်ပေးပြား၊ ပုဂ္ဂိုလ်များ၊
ကြုံပြားဘဝမြတ်၊

မိကောင်းဖကောင်း, ဆရာကောင်း သမားကောင်း, မိတ်ကောင်းဆွေကောင်းစတဲ့ အမီကောင်းတွေနဲ့ တွေ့ဆုံခွင့်ရတာလည်း လူ့ဘဝဂုဏ်ရည်တစ်ချက်ပဲ။

ပုထုဇဉ်ဆိုတာ ကိလေသာနဲ့ နေရတာဖြစ်တဲ့အတွက်ကြောင့် တရားအလုပ်လုပ်လိုက်, မေ့လိုက် တရားလမ်းကြောင်းပေါ် စိတ်ကလေးရောက်လိုက်, ပြန်ကျလိုက်၊ အဲသလိုဖြစ်တတ်တယ်။

နောက်က တဖွဖွသတိပေးသူရှိမှ, လမ်းညွှန်ပေးသူရှိမှ တရားလမ်းကြောင်းပေါ်မှာ အဆက်မပြတ် စိတ်ကလေးရောက်နေတက်ပါတယ်။

အထူးအားဖြင့် ပုထုဇဉ်ဆိုရင် ကိုယ့်အပေါ်

http://www.dhammadownload.com



ဩဇာသြောင်းမယ့် အထိန်းတစ်ခု အမြဲရှိရတယ်၊ ပုထုဇဉ်ဆိုတာ ကိုယ့်အပေါ်ဩဇာသြောင်းတဲ့ တွန်းအားတစ်ခု အမြဲရှိနေရပါတယ်၊ ပုထုဇဉ်ဆိုတာ ကိုယ့်အပေါ်ဩဇာသြောင်းတဲ့ လမ်းညွှန်တစ်ခု အမြဲရှိနေရပါတယ်၊ အဲဒီ ၃–ခုပျောက်သွားရင်တော့ ဘဝလက်ဆောင်တွေ အကုန်ရှုံးပြီဗျ။

အဲသလို အထိန်းရယ်, တွန်းအားရယ်, လမ်းညွှန်ရယ်, မှန်ကန်စွာသိမ်းသွင်းနိုင်တဲ့ ပညာလည်းရှိ, စိတ်ကောင်းလည်းရှိတဲ့ ပညာရှိသူတော်ကောင်းတွေနဲ့ တွေ့ဆုံပေါင်းသင်းဆက်ဆံခွင့်ရမယ်ဆိုရင် အဲဒါလည်း လူ့ဘဝဂုဏ်ရည် တစ်ချက်ပဲ။

ပညာရှိသူတော်ကောင်းတွေဆိုတာ ဘဝသံသရာမှာ တစ်ကြိမ်တစ်ခါလေးလောက် တွေ့ရရင်တောင်မှ နိဗ္ဗာန်အရောက် စောင့်ရှောက်နိုင်တဲ့ အစွမ်းရှိတယ်ကိုးဗျ။

ဒါကြောင့် ပညာရှိသူတော်ကောင်းတွေနဲ့ တွေ့ဆုံခွင့်ရတယ်ဆိုရင် အဲဒါလည်း လူ့ဘဝဂုဏ်ရည်တစ်ချက်၊ လက်ဆောင်ကောင်းရဖို့အတွက် လူ့ဘဝစွမ်းရည်တစ်ချက်ပေါ့။

http://www.dhammadownload.com

# လူ့ဘဝဂုဏ်ရည် အမှတ် (၃)

* တရားရှိရာ၊ အရပ်မှာ၊ ဖြစ်တာဘဝမြတ်၊

ရတနာသုံးပါးရှိတယ်၊ တရားရှိတယ်၊ သာသနာရှိတယ်၊ ဘယ်ကုသိုလ်မဆိုအချိန်မရွေးထလုပ်နိုင်တယ်၊ အဲသလိုနေရာမျိုးမှာ ဖြစ်ရနေရတာလည်း လူ့ဘဝဂုဏ်ရည်တစ်ချက်ပဲ။

မြန်မာပြည် သိပ်ပျော်စရာကောင်းတယ် ဆိုတာ အဲဒီတတိယလူ့ဘဝဂုဏ်ရည်ကြောင့်ဗျ။

စိတ်သန့်စင်တဲ့စက်ကြီးရှိတယ်၊ စိတ်ကောင်း ထုတ်လုပ်တဲ့စက်ကြီးရှိတယ်၊ စိတ်အပူအအေးခံတဲ့စက်ကြီးရှိတယ်၊ ဉာဏ်ကောင်းကောင်းတွေထုတ်လုပ်ပေးတဲ့စက်ကြီးရှိတယ်။

အာရုံနဲ့ စိတ်အဆင်ပြေအောင် နေတတ်တယ်၊ နေနိုင်တယ်၊ နေနိုင်ကြောင်း တရားကောင်းစွမ်းအားတွေရှိတယ်။

http://www.dhammadownload.com



ဘယ်ကုသိုလ်လုပ်ချင်သေးလဲ၊ အချိန်မရွေး ထလုပ်နိုင်တယ်၊ ဘယ်တရားများ အားထုတ်ချင်လဲ၊ အချိန်မရွေးအားထုတ်လို့ရတယ်။

အဲသလို စွမ်းအားကို စိတ်ကြိုက်ရယူနိုင်တဲ့ နေရာမျိုးမှာ ဖြစ်ရနေရတာဟာလည်း လူ့ဘဝ ဂုဏ်ရည်တစ်ချက်ပဲ။

http://www.dhammadownload.com

## လူ့ဘဝဂုဏ်ရည် အမှတ် (၄)

- အင်္ဂါကြီးငယ်၊ ပြည့်စုံကြွယ်၊ ခန့်ထည်ဘဝမြတ်၊

မျက်စိကောင်းတယ်၊ နားကောင်းတယ်၊ ခြေကောင်းတယ်၊ လက်ကောင်းတယ်၊ ကျန်းမာရေးပြည့်စုံတယ်၊ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုပြည့်စုံတယ်ဆိုတာလည်း လူ့ဘဝဂုဏ်ရည်တစ်ချက်ပဲ၊ ဘဝလက်ဆောင်ရဖို့အတွက် အရည်အချင်းတစ်ခုပဲ။

http://www.dhammadownload.com

# လူ့ဘဝဂုဏ်ရည် အမှတ်(၅)

* လိမ်မာသွက်လက်၊ လွန်ထက်မြက်၊ မြင့်တက်ဘဝမြတ်။

သဒ္ဓါတရားအားကောင်းတယ်၊ ပညာတရားအားကောင်းတယ်၊ မေတ္တာစေတနာ အားကောင်းတယ် စသည်ဖြင့် လူလိမ်မာလို့ ခေါ်ဆိုရတဲ့ စိတ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှု ပြည့်စုံတဲ့ လူကောင်းတစ်ယောက်ဖြစ်ရခြင်း၊ ဒါလည်းလူ့ဘဝ ဂုဏ်ရည်တစ်ချက်ပဲဗျာ။

တချို့ဆိုရင် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုပြည့်စုံသော်လည်း စိတ်ပိုင်းဆိုင်ရာ တည်ဆောက်မှု မပြည့်စုံလို့စွမ်းအားဆုံးရှုံးကြတာတွေ လောကမှာ အများကြီးပဲ။

မိမိတို့မှာ စိတ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုနဲ့လည်း ပြည့်စုံနေကြတယ်၊ ဘဝလက်ဆောင်ကောင်းကို ရဖို့အခွင့်ကောင်းကို ရနေတယ်။

http://www.dhammadownload.com

# လူ့ဘဝဂုဏ် အမှတ် (၆)

* **ကုသိုလ်ဆန္ဒ၊ လွန်ပြင်းပြ၊ မြင့်လှဘဝမြတ်၊**

ကုသိုလ်ကို သိပ်လိုချင်တဲ့၊ ကုသိုလ်ဆန္ဒ အလွန်ပြင်းပြတဲ့ ပုဂ္ဂိုလ်ဖြစ်ရခြင်းတဲ့။

ကုသိုလ်ဟာသိပ်အဖိုးတန်တယ်လေ၊ ကုသိုလ်တန်ဖိုးသိမှ ကုသိုလ်လုပ်မှာပေါ့ဗျ၊ ဘဝလက်ဆောင်ရဲ့တန်ဖိုးသိမှ ဘဝလက်ဆောင် ကောင်းယူမှာပေါ့။

ဒါကြောင့်လည်း ပရိသတ်အပေါင်းသူတော်ကောင်းတွေ ကုသိုလ်တန်ဖိုးနားလည်ကြလို့ ကောင်းမှုတရားကို ကြိုးစားအားထုတ်ပြုလုပ်နေကြတာပဲ၊ နေ့တိုင်းလည်း လက်လှမ်းမီသလောက် ကြိုးစားအားထုတ်နေကြတာပါပဲ။

* **ဘုရားပွင့်တာ၊ သာသနာ၊ ကြုံတာဘဝမြတ်၊**
* **လမ်းညွှန်ပေးငြား၊ ပုဂ္ဂိုလ်များ၊**

http://www.dhammadownload.com



ကြံ့ခိုင်ြောင်းဘဝမြတ်၊

* တရားရှိတာ၊ အရပ်မှာ၊ ဖြစ်တာဘဝမြတ်။
* အင်္ဂါကြီးငယ်၊ ပြည့်စုံကြွယ်၊ ခန့်ထည်ဘဝမြတ်။
* အကောင်းခြောက်ဖြာ၊ ပြည့်စုံပါ၊ မြင့်တာဘဝမြတ်။

ဒါကြောင့် ဘဝလက်ဆောင်ကောင်း ရဖို့ အခွင့်အင်မတန် ကောင်းနေတယ်၊ ဒါကြောင့် လက်ဆောင်ကောင်းကိုယူရမယ်။

ဒါကြောင့် အပ္ပမာဒေန- မမေ့မလျော့ မပေါ့မတန် ထက်သန်ထူးခြားအပ္ပမာဒသတိတရားဖြင့်၊ ကတ္တက ကိစ္စာနိ- ကိစ္စသုံးသွယ် ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို၊ သမ္ပာဒေထ-အသီးတစ်ရာ အညာတစ်ခု သတိပြုကာ ကောင်းစွာမသွေ ပြီးပြည့်စုံကြစေကုန်ရာသတည်း။

http://www.dhammadownload.com

# မျက်နှာကြီးသူ, မျက်နှာငယ်သူ

လောကမှာ လူဆိုတာ ၂–မျိုးရှိတယ်လေ၊ မျက်နှာကြီးတဲ့လူ၊ မျက်နှာငယ်တဲ့လူတဲ့။

မျက်နှာကြီး မျက်နှာငယ်ဆိုတာ ပစ္စည်းဥစ္စာအကြောင်းပြုတာလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့၊ ပညာအကြောင်းခံတာလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့၊ ဆွေမျိုးအကြောင်းခံတာလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့၊ ရာထူးဂုဏ်သိရ် စသည်အကြောင်းခံတာလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့၊ လောကကတော့အမျိုးမျိုးပေါ့။

သာသနာဘက်မှာတော့ မျက်နှာကြီး မျက်နှာငယ်ဆိုတာ ဘုရားမျက်နှာ, တရားမျက်နှာ, မပါတဲ့လူတွေအားလုံးသည် မျက်နှာငယ်တဲ့၊ ဘုရားမျက်နှာ တရားမျက်နှာပါတဲ့ လူတွေအားလုံး မျက်နှာကြီးတဲ့လူတဲ့။

http://www.dhammadownload.com



မျက်နှာငယ်တဲ့လူဆိုရင် လက်ဆောင်ပေးတဲ့သူမရှိဘူး၊ လက်ဆောင်မပေးရုံမျှသာမက ဟိုနားသွားလည်း ဟိုလူကဟောက်လွှတ်လိုက်, ဒီလူကငေါက်လွှတ်လိုက်, ဟိုလူကဆူပူကြိမ်းမောင်းလွှယ်လိုက်၊ အထင်သေးအမြင်သေးခံရတယ်၊ လက်ဆောင်ပေးသူမရှိဘူးဗျ။

မျက်နှာကြီးတဲ့သူများ ဟိုနားသွားလည်း လက်ဆောင်ပေးမယ့်သူနဲ့, ဒီနားသွားလည်း လက်ဆောင်ပေးမယ့်သူနဲ့, လက်ဆောင်ပေးမယ့်သူကတယ်ပေါကိုးဗျ။

ဒါမျိုးလိုပေါ့၊ ဘုရားမျက်နှာ တရားမျက်နှာမပါတဲ့ မျက်နှာငယ်တဲ့သူမှာ၊ ခန္ဓာကလည်းနေ့တိုင်းခြောက်နေတာ ငေါက်နေတာပဲ၊ ကိုယ်ကျွေးထားတဲ့ ခန္ဓာက နေ့တိုင်းခြောက်တယ်၊ ငေါက်တယ်၊ ဆူပူတယ်၊ ကြိမ်းမောင်းတယ်ဗျ။

ကိုယ်ရှာထားတဲ့ပစ္စည်းတွေက ကိုယ့်ကိုနေ့စဉ်နေ့စဉ် ဆူပူကြိမ်းမောင်းတယ်, ခြောက်တယ်ငေါက်တယ် (မျက်နှာငယ်တာကိုးဗျ)

http://www.dhammadownload.com



ဆိုကြပါစို့ဗျာ၊ ကိုယ်က ပိုက်ဆံရှာလိုက်တယ်၊ အကြောင်းညီညွတ်တော့ ပိုက်ဆံက တစ်သိန်းတောင်ရတယ်ဗျ၊ ပိုက်ဆံတစ်သိန်းရတော့ မျက်နှာငယ်တဲ့လူဆိုရင် ပိုက်ဆံတစ်သိန်းက ခြောက်ပြီး ဝင်လာတာတဲ့။

ဘုရားမရှိ ခိုးအားသေးဘူး၊ မေတ္တာလည်း မပို့ချင်သေးဘူး၊ တရားအလုပ် အားမထုတ်နိုင်သေးဘူး၊ ဒါက တတိယအရွယ်မှ၊ အခုမလိုသေးဘူးဆိုပြီးတော့ တရားနောက် ပို့လိုက်တဲ့သူ မျက်နှာငယ်ရောဗျ။

မျက်နှာငယ်တဲ့ ပုဂ္ဂိုလ်ထံကို ပိုက်ဆံတစ်သိန်းရောက်လာတယ်၊ ခြောက်သံလေးတွေနဲ့၊ ငေါက်သံလေးတွေနဲ့။

"ကျွန်တော်ရောက်လာပြီးဗျ၊ တစ်သိန်းဗျ၊ နောက်ကတစ်သိန်းတန်ရန်သူပါတစ်ခါတည်း ခေါ်လာတယ်၊ ဟောဒီတစ်သိန်းထဲမှာ တစ်သိန်းတန် ပူပန်ကြောင့်ကျမှုတွေ အကုန်ပူးကပ်ပြီး ထည့်ထားတယ်။

ဒီတစ်သိန်းကြောင့် ခင်ဗျား ကောန်ချမ်းသာလိမ့်မယ်လို့ မတွက်ပါနဲ့၊ ဒီတစ်သိန်းကြောင့်

http://www.dhammadownload.com

# ပစ္စည်းတွေ အနိုင်ကျင့်တာခံရတယ်

ပြောတော့လည်း ပိုက်ဆံရှိရင် ချမ်းသာမှာတဲ့၊ ပြီးတော့လည်း ပိုက်ဆံထုပ်ကြီးကိုင်ပြီး ငိုလို့ဗျ၊ ပိုက်ဆံထုပ်ကြီး ကိုင်ပြီး ရှုံးမဲ့ရှုံ့မဲ့နဲ့ဗျ။

ပြောတော့ ချမ်းသာမှာလို့ပြောတယ်၊ တကယ်တမ်းရတော့ မချမ်းသာဘူး၊ ဝေါက်တာပဲခံရတယ်၊ ပစ္စည်းတွေ အနိုင်ကျင့်တာခံရတယ်၊ မျက်နှာငယ်တော့ ဆူပူကြိမ်မောင်းတာ ခြောက်တာ ဝေါက်တာခံနေရတာပဲ။

ဘုရားမျက်နှာနဲ့ မျက်နှာကြီးတဲ့သူတွေ၊ တရားမျက်နှာနဲ့ မျက်နှာကြီးတဲ့ လူတွေကျတော့ ခန္ဓာနဲ့ ပစ္စည်းက နေ့တိုင်းလက်ဆောင်ပေးပါတယ်၊ ဘဝလက်ဆောင်ကောင်းလေးတွေနေ့တိုင်းရအောင် ပေးတယ်။

http://www.dhammadownload.com



ခင်ဗျားအသက်တောင် ဆုံးရှုံးချင် ဆုံးရှုံးသွားနိုင်ပါတယ်ခင်ဗျ” စသည်ဖြင့်ပေါ့ဗျာ၊ ပိုက်ဆံရဲ့ခြောက်လုံးတွေ၊ ငေါက်လုံးတွေ, ဆူပူကြိမ်းမောင်းလုံးတွေက အများကြီးဗျ။

မျက်နှာငယ်တဲ့သူထံ ပိုက်ဆံတစ်သိန်းလက်ထဲရောက်လာတာနဲ့ ပူပန်ကြောင့်ကျမှုတွေက များလိုက်တာ၊ ခြောက်တာငေါက်တာပဲခံနေရတယ်။

## ပူတာဟာ ပူတာပါပဲ
## ခြောက်တာဟာ ခြောက်တာပါပဲ

ဒီလောက်တောင် ခြောက်လှတယ်ဟယ်၊ မင်းတော့ ဗီရိုထဲထည့်မှ၊ ဘယ်နားထည့်ထည့်ပူတာဟာ ပူတာပါပဲ၊ အချိန်တန်ထုတ်မှာပဲ။

မီးခံသေတ္တာထဲထည့်မှပဲ ဆိုပြန်တော့ ဘယ်နားထည့်ထည့်ပေါ့ဗျာ၊ သုံးဖို့ရှာထားတာပဲ၊ အချိန်

http://www.dhammadownload.com



တန် ထုတ်မှာပါပဲ၊ ဘယ်နားရောက်ရောက် ခြောက်တာဟာ ခြောက်တာပါပဲဗျ၊ အဲသလို စသည်ဖြင့် သူက ဆူပူတယ်။

သူ(ပိုက်ဆံ) ရှိလာလို့ စိတ်ထဲမှာ ပျော်မနေလှဘူး၊ ပူပြီးကြောက်ပြီးနေတာဗျ။

တရားမျက်နှာငယ်တဲ့ ပုဂ္ဂိုလ်ထံ ငွေတစ်သိန်းရောက်လာရင် တစ်သိန်းတန် ဆင်းရဲသားဖြစ်မှန်းမသိဖြစ်နေတယ်၊ တစ်သိန်းတန် ဆင်းရဲသားစာရင်းထဲပါသွားတယ်ဗျို့။

http://www.dhammadownload.com

# ဘုရားရိပ်, တရားရိပ် မခိုရတော့ အပူငွေ့ပိုများတာပေါ့

လူတွေကတော့ ပြောကြတာပေါ့၊ ပိုက်ဆံရှိရင် ချမ်းသာမှာ, ပစ္စည်းရှိရင်ချမ်းသာမှာတဲ့။

ကောင်းပြီ၊ အဲဒီပိုက်ဆံပစ္စည်းတွေကို သာသနာ့ခေတ်ခွဲခန်းထဲမှာ ထည့်ကြည့်ပါ၊ အဖြေထုတ်တာ ကြည့်စမ်း၊ ဒုက္ခသစ္စာတဲ့၊ သုခလို့ အဖြေမှ မထုတ်ပဲ။

နိုင်ငံခြားက ပိုက်ဆံပစ္စည်းတွေကျတော့ သုခဖြစ်မှာနဲ့တူပါရဲ့ဟယ်၊ ကိုင်း, ဒါဖြင့် ထည့်ကြည့်တာပေါ့ဗျာ။

သာသနာ့ခေတ်ခွဲခန်းထဲနိုင်ငံခြားက သူဌေးကြီးတွေရဲ့ ပိုက်ဆံတွေ ပစ္စည်းတွေ ထည့်ကြည့်စမ်းပါ။

http://www.dhammadownload.com



သူတို့ဟာတွေက ပိုအပူငွေ့များတယ်ဗျ၊ ဘုရားရိပ်လည်း မခိုရ၊ တရားရိပ်လည်း မခိုရ၊ မေတ္တာရိပ်လည်း မခိုရ၊ လက်ထဲပစ္စည်းနဲ့ ပိုက်ဆံရောက်လာတာနဲ့ ငါ့ဘာမှတ်တုန်း ဟောက်တော့တာပဲ၊ ကြောက်စရာကြီးတွေဗျာ။

ရောက်လာရုံရှိသေးတယ်၊ အပူအခိုးအငွေ့တွေက တခုံးခုံးပစ်ကုန်ပြီ၊ ကြောက်စရာကြီးတွေဗျာ။

သူတို့ပိုက်ဆံပစ္စည်းတွေက ပိုပြီး ဒုက္ခစစ်တာပေါ့ဗျ၊ ဘုရားရိပ်လည်းမခိုရ၊ တရားရိပ်လည်း မခိုရ၊ အပူငွေ့ပိုများတာပေါ့။

http://www.dhammadownload.com

# ရှိပေမယ့် မချမ်းသာဘူး

ဒါကြောင့် ဘုရားမျက်နှာငယ်တဲ့သူတွေ၊ တရားမျက်နှာငယ်တဲ့သူတွေ၊ ဘာပဲရှိရှိ ခြောက်တာ ငေါက်တာ ခံရတယ်။

တစ်သိန်းရှိတော့ တစ်သိန်းတန် ဆင်းရဲသား စာရင်းထဲပါသွားမှာပေါ့၊ ဆယ်သိန်းရှိပြန်တော့ ဆယ်သိန်းတန် ဆင်းရဲသားစာရင်းထဲပါသွားမှာပေါ့၊ ရှိပေမယ့် မချမ်းသာဘူးလေ၊ လူတွေပြောတာက လောကြီးပြီး ပြောတာပါဗျ။

"သူက အရမ်းချမ်းသာတာ၊ ဘယ်လိုတုန်းဗျ၊ သူက သိန်းတစ်ရာသိန်းတစ်ထောင်လောက် ရှိမှာ"တဲ့။

ကောင်းပြီ၊ ဒါတွေကို သာသနာ့ခေတ်ခွဲခန်းထဲမှာ ထည့်ကြည့်ပါ၊ ဒုက္ခသစ္စာချည်းပဲဗျာ၊

http://www.dhammadownload.com



မဂ္ဂင်လမ်းကြောင်းပေါ်ကို စိတ်ကလေး မတင်ဖြစ်ဘူးဆိုလို့ရှိရင်, တရားစွမ်းအားနဲ့ရအောင် မယူဖြစ်ဘူးဆိုလို့ရှိရင် ဒုက္ခသစ္စာတွေ ခြောက်သမျှ, ငေါက်သမျှဆူသမျှ ပူသမျှခံရမှာပဲ။

## တရားနှင့် ဆက်သွယ်ရေး ပြတ်နေသူ

ဘုရားလက်ထက်က တောဒေယျပုဏ္ဏား သူဌေးဟာ ဘုရားသိတင်းသုံးတဲ့ သာဝတ္ထိမြို့မှာ နေရတယ်၊ ငွေဒင်္ဂါး သိန်း ၈၇၀၀-ကြွယ်ဝတယ်၊ ဒါပေမယ့် တရားနဲ့ ဆက်သွယ်ရေး ပြတ်နေတယ်။

နမြောလိုက်တာလည်း မပြောနဲ့,သာသနာ အတွက်လည်း ဘာမှ အဖိုးမတန်၊ လောကအတွက် လည်း ဘာမှအသုံးမကျ၊ ကိုယ့်မိသားစုတောင် ဝအောင်မကျွေး၊ ကိုယ့်ဟာကိုယ်တောင် မကြည်ဖြူ၊ သုံးသင့်တာ အကွက်စေ့အောင် မသုံး၊ ပစ္စည်းတွေ ကိုသာ လောဘနဲ့ ငါ့ဟာငါ့ဟာဆိုပြီးဆုပ်ကိုင်၊ မစွန့်ရဲနဲ့ လှူ့ဝှက်တွန့်တိုနမြော။

အဲသလို နေလိုက်တာ သူ့ကိုဒါနအကြောင်း

http://www.dhammadownload.com



သွားမပြောနဲ့၊ ရန်စသလိုဖြစ်သွားမယ်၊ သီလ သမာဓိ ဝိပဿနာအကြောင်းတွေ သွားမပြောလိုက်ပါနဲ့၊ ရန်စသလိုဖြစ်သွားမယ်၊ (အရမ်းစိတ်ဆိုးတာ)

လမ်းမှာဘုရားနဲ့လည်းတွေ့တတ်တယ်၊ ဘုရားနဲ့တွေ့လည်း စိတ်ဆိုးတာပဲ၊ တန်မှ မတန်ပဲနဲ့၊ သံဃာတွေနဲ့လည်း တွေ့တာပဲ၊ စိတ်ဆိုးတာပဲဗျ၊ ကုသိုလ်ဆိုရင် သူနဲ့ဆိုင်ကို မဆိုင်တာ။

## တရားအသိမရှိရင် တည်းခိုလို့မရဘူး

အသိလည်းမရှိ၊ သတိလည်းမရှိ၊ အသိသတိမရှိရင် ကိုယ်ပိုင်က လွတ်တော့တာပေါ့။

လောကမှာ အသိမရှိရင်, တစ်ရွာက တစ်ရွာသွားရင်တောင် တည်းခိုစရာမရှိပါဘူးဗျ၊ အသိမရှိရင် ဘယ်အိမ်မှ တည်းလို့မရဘူး၊ ဘယ်အိမ်မှလက်ခံမှာ မဟုတ်ဘူး။

ဒါမျိုးလိုပေါ့၊ ဘဝသံသရာ ခရီးသည်လုပ်နေကြတာမှာလည်း တရားအသိမရှိရင် ဘယ်အာရုံမှ ကိုယ့်ကို တည်းခိုခွင့်ပေးမှာ မဟုတ်ပါ။

http://www.dhammadownload.com



အခြားသူမဟုတ်ဘူး ကိုယ်ရှာထားတဲ့ ပိုက်ဆံတောင်မှ ကိုယ့်ကို တည်းခိုခွင့် မပေးပါ၊ ကိုယ်ရှာထားတဲ့ ပစ္စည်းတွေတောင်မှ ကိုယ့်အတွက် တည်းခိုခွင့်မပေးပါ၊ မျက်နှာငယ်တာကိုးဗျ၊ အသိမှ မရှိပဲ၊

အသိမရှိရင် တည်းခိုစရာ အိမ်မရှိသလိုပဲ ဘဝသံသရာခရီး သွားကြတဲ့အခါမှာ တရားအသိ ဘာတစ်ခုမှ မရှိတဲ့ပုဂ္ဂိုလ်တွေမှာ ဘယ်နေရာမှ တည်းခိုလို့ မရကြဘူး၊

ကိုယ်ရှာထားတဲ့ ပိုက်ဆံပစ္စည်းတောင်မှ တည်းခိုလို့မရ၊ ကိုယ်နေ့စဉ်ကျွေးထားတဲ့ ဟောဒီ ခန္ဓာကိုယ်ကြီးအပေါ်မှာတောင်မှ သက်သာရာ သက်သာကြောင်း တည်းခိုခွင့်လုံးဝမရ၊ တည်းခို စရာနေရာကို မရှိတာ။

http://www.dhammadownload.com

# ချမ်းသာတယ် မပြောပါနဲ့ဦး

အဲဒါနဲ့ တစ်ဘဝလုံး ပူလောင်စွာ နေရတယ်၊ လောကပြောပြောရင် သိန်း ၈၇၀၀-တန် သူဌေးကြီးတဲ့၊ ဒါပေမယ့်ဆင်းရဲလိုက်တာ, ပူလောင်လိုက်တာ, ဘာစွမ်းအားမှမရ။

စုတေပြတ်ကြွေ ကွယ်လွန်သွားတဲ့အခါမှာ အိမ်အတွင်းမှာ ခွေးကြီးဖြစ်ရှာတယ်၊ သိန်း ၈၇၀၀ တန် ဆင်းရဲသားပါလားဆိုတာသေချာ သွားပြီဗျ၊ ဒါ သူဌေးမှမဟုတ်ပဲ၊ ချမ်းသာတာမှ မဟုတ်ပဲ။

ဒါကြောင့် ချမ်းသာတယ်ဆိုတာ လောကပြောပြောကြတာ၊ လောကြီးပြီးပြောတာ၊ သာသနာဘက်ကတော့ ရှိတယ်လို့ပြောရင်ကျေနပ်ပါ၊ ချမ်းသာတယ်လို့မပြောပါနဲ့ဦး၊ သိန်း ၈၇၀၀ -ရှိတယ်ပေါ့၊ ကြွယ်ဝတယ်ပေါ့၊ အဲသလို ပြောချင်ပြောပါ၊

http://www.dhammadownload.com



ချမ်းသာတယ်လို့ မပြောပါနဲ့ဦး၊ ရှိတာနဲ့ ချမ်းသာတာနဲ့ တခြားစီပါ။

ရှိတာက ချမ်းသာဘက်ကို ရောက်ဖို့ဆိုရင် နောက်တစ်ဆင့် တက်ရဦးမှာ၊ လူချမ်းသာရဲ့အနှစ်ချုပ်ဆိုတာ စိတ်သန့်ရှင်းစင်ကြယ်မှုသာ အဓိက၊ ဘဝကပေးတဲ့လက်ဆောင်ကောင်းကို ယူနိုင်ဖို့ဆိုရင် စိတ်သန့်ရှင်းစင်ကြယ်ဖို့သာ အဓိက။

စိတ်သန့်ရှင်းစင်ကြယ်ခြင်း မရှိဘူးဆိုရင် ရှိသလောက်ဟာ ဒုက္ခချည်းပါပဲဗျာ၊ အရှိတွေခြိမ်းခြောက်တာ ခံနေရတာပဲ၊ ဒါကြောင့် စွမ်းအားရဖို့ဆိုရင် မိမိသန္တာန်မှာ အသိသတိစွမ်းအား လိုပါတယ်။

http://www.dhammadownload.com



# လူ့ဘဝသက်တမ်းတိုလွန်းလို့

မနက်အိပ်ရာထထတာနဲ့ စဉ်းစားပါ၊ အချိန်က မိုမှုဖြစ်ပါတယ်၊ လူ့ဘဝသက်တမ်းလေးက အင်မတန် တိုလွန်းပါတယ်၊ နည်းလွန်းပါတယ်။

စတုမဟာရာဇ် နတ်သက်တမ်းနဲ့ပဲ တွက်စမ်းကြည့်ပါ၊ နတ်ပြည်ခြောက်ထပ်ထဲမှာ အောက်ဆုံးဖြစ်တဲ့နတ်ပြည်ပေါ့။

လူ့ပြည်မှာ နှစ်ပေါင်း ၅၀–ရှိမှ စတုမဟာရာဇ်မှာ တစ်ရက်ပဲရှိသေးသတဲ့၊ ဒီလိုဆိုတော့ အသက် ၅၀–မပြည့်သေးတဲ့သူတွေက "ဩော် ဒို့မျှား ဒီနေ့မွေးဖွားတယ်၊ မနက်ဖြန် အကုန်သေကြတော့မှာနော် (စတုမဟာရာဇ် နတ်စကားနဲ့ပြောစမ်းကြည့်တာပါ။)

တစ်ခါအသက်၅၀–ပြည့်ပြီးတဲ့ သူတွေအားလုံးကလည်း "ဩော် ဒို့မျှားမနေ့က မွေးဖွားတယ်၊ ဒီနေ့ ဒို့အကုန်သေကြတော့မှာ" အဲဒါ နတ်ပြည်ထဲမှာ အောက်ဆုံးဖြစ်တဲ့ နတ်စကားနဲ့ ပြောတာ

http://www.dhammadownload.com



ရှိသေးတယ်၊ မနေ့ကနဲ့ မနက်ဖန် ဒီလောက်ပဲ ပြောလို့ရတာ၊ သန်ဘက်ခါတောင် ပြောလို့မရဘူးဗျ၊ လူ့သက်တမ်းက အဲသလောက် နည်းလွန်းတာ။

တာဝတိံသာစကားနဲ့ ပြောစမ်းကြည့်ပါဦးဗျာ၊ လူ့ပြည်မှာနှစ်ပေါင်း၁၀၀-ရှိမှ တာဝတိံသာမှာ တစ်ရက်ပဲရှိသေးသတဲ့၊ အဲသလိုဆိုရင် လူတိုင်းလူတိုင်းဟာ အခုကာလမှာ အသက်တစ်ရာပြည့်အောင်နေဖို့ လွယ်မှ မလွယ်တော့ပဲ။

"သြော်-ဒို့များ ဒီနေ့ မွေးဖွားကြတယ်နော်၊ ဒီနေ့ပဲ ဒို့များ အကုန်သေကြတော့မှာပါလား၊ ဒို့နေ့ချင်းပြန် လူ့ပြည်လာကြတာပဲ"

ဒါဟာ တာဝတိံသာ စကားနဲ့ သံဝေဂဖြစ်အောင်လို့ ပြောစမ်းကြည့်တာပါ၊ သက်တမ်းတိုပုံလေးကို သတိပြုမိအောင်လို့ ပြောစမ်းကြည့်တာပါ။

အထက် အထက် နတ်ဗြဟ္မာသက်တမ်းတွေနဲ့ယှဉ်ကြည့်ရင် လူ့သက်တမ်းလေးဟာ နည်းနည်းလေးရယ်၊ တကယ့်မိနစ်ပိုင်း စက္ကန့်ပိုင်းလေးရယ်ဗျာ။

http://www.dhammadownload.com

# တစ်ရက်ကို တစ်သက်လောက် တန်ဖိုးထားပါ

သက်တမ်းရှည်တဲ့ ဗြဟ္မာကြီးတွေရဲ့ မျက်လုံးနဲ့ကြည့်ရင် လူကို ဘယ်လိုမြင်သလဲဆိုတော့ ရေပွက်ကလေးကို ကြည့်နေရသလို မြင်တာတဲ့။

"ဟော့–ဘယ်သူမွေးဖွားလာပြီ၊ ဟာ–သေသွားပြီကွာ၊ ဟင်–မြန်လိုက်တာဟော့"

"ဦးဘယ်သူ ဒေါ်ဘယ်သူမွေးဖွားလာပြီ, သေသွားပြီတဲ့"

သူတို့ မျက်လုံးနဲ့ကြည့်ရင် လူ့တစ်သက်ဆိုတာ ရေပွက်ကလေးလိုပဲတဲ့၊ တယ်မြန်ဆိုပဲ။

အဲသလိုဆိုရင် တစ်ရက်ကို တစ်သက်လောက်တန်ဖိုးထားမှ တော်ကာကျမှာပေါ့၊ ဟိုရွှေ့ဒီရွှေ့ရွှေ့ရင်းနဲ့ အိုတာရယ်, နာတာရယ် သေတာ

http://www.dhammadownload.com



ရယ်က လက်ဦး သွားမှာပေါ့၊ လက်ဆောင်တွေ အကုန်ရှုံးပြီး ခန္ဓာက အနိုင်ကျင့်သွားတာ ခံရမှာပါ၊ ဒါကြောင့် တစ်ရက်ကို တစ်သက်လောက်တန်ဖိုး ထားပါ။

http://www.dhammadownload.com

# ဉာဏ်သတိလွတ်သွားရင် လမ်းချော်သွားမယ်

မနက်အိပ်ရာထလာပြီဆိုရင် စဉ်းစားပါ၊ ဒီနေ့ဟာ ငါ့တစ်သက်၊ ဘဝလေးတစ်ခုလို သတ်မှတ်လိုက်ပါ၊ မနက်အိပ်ရာထလာတာနဲ့ ဘဝလေး တစ်ခုစပြန်ပြီလို့ သဘောထားပါ။

ဒီနေ့ဘာအရေးအကြီးဆုံးလဲ၊ ဉာဏ်သတိက ရှေ့ဆုံးကဝင်မှ လမ်းပေါ်ရောက်မှာဗျ၊ ဉာဏ်သတိလွတ်သွားတဲ့နေ့ကတော့ လမ်းချော်သွားမယ်၊ လက်ဆောင်ရှုံးသွားမယ်ဗျ။

ဉာဏ်သတိအားကောင်းတဲ့ ပုဂ္ဂိုလ်ဆိုရင် လက်ဆောင်ကောင်းတွေ ရလိမ့်မယ်၊ ဒါကြောင့်မို့ "ဒီနေ့ငါ့အတွက် ဘာအရေးအကြီးဆုံးလဲ၊ ဩော်–

http://www.dhammadownload.com



ပိုက်ဆံရဖို့က အရေးကြီးတယ်၊ ပစ္စည်းရဖို့က အရေးကြီးတယ်လေ”

“ကောင်းပြီ၊ ဒီပိုက်ဆံဒီပစ္စည်းက ကိုယ့်လက်ထဲဘယ်နှစ်ရက်နေမှာတဲ့တုန်း၊ ဘယ်နှစ်လ, ဘယ်နှစ်နှစ်လောက်များ သူနဲ့ကိုယ်နဲ့ အတူနေရမှာတဲ့တုန်း၊ သူရှိတော့ကော ကိုယ်ဧကန်ချမ်းသာမယ်လို့ တွက်လို့ကော ဖြစ်သတဲ့လား၊ ဒုက္ခသစ္စာထုပ်ကြီးတွေဆိုတာလည်း သေချာနေပြီပဲ”

အပ္ပမာဒလမ်းကြောင်းပေါ် တင်မပေးရင် သူတို့ အနိုင်ကျင့်တာ ခံရလိမ့်ဦးမယ်။

http://www.dhammadownload.com

# မျက်နှာကြီးဖို့လိုတယ်

ဒီတော့ဘာလိုသလဲဆိုတော့ မျက်နှာကြီးဖို့ အရေးအကြီးဆုံးဗျ၊ မျက်နှာကြီးဖို့လိုတယ်၊ ဘုရားမျက်နှာ၊တရားမျက်နှာနဲ့ မျက်နှာကြီးဖို့လိုတယ်၊ ကိုယ်ပိုင်စိတ်ကောင်းလေးတွေ ကိုယ့်သန္တာန်မှာ စတင်ဖြစ်ပေါ်ဖို့ လိုတယ်။

ဒါကြောင့် မနက်အိပ်ရာထရင် ဘုရားနဲ့ အရင် တွေ့ပါဦး၊ အရပ်စကားနဲ့ပြောတော့ ဘုရားနဲ့ အရင်နှုတ်ဆက်ပါ။

ဘုရားမျက်နှာ, တရားမျက်နှာ မပါတဲ့ ပုဂ္ဂိုလ်တွေ ပိုက်ဆံနဲ့ အရင်သွားနှုတ်ဆက်ရင် ပိုက်ဆံငေါက်တာခံရလိမ့်မယ်၊ ပိုက်ဆံဆူပူကြိမ်းမောင်းတာ ခံရလိမ့်မယ်။

http://www.dhammadownload.com



ဘုရားကို အရင်နှုတ်မဆက်သေးပဲ, တရားကို အရင်နှုတ်မဆက်သေးပဲ, ပစ္စည်းတွေနဲ့ အရင်သွားနှုတ်ဆက်ရင် ပစ္စည်းတွေက ဆူပူကြိမ်းမောင်းငေါက်တာခံရလိမ့်မယ်။

သူတို့အငေါက်မခံရအောင်ဆိုတာ မျက်နှာကြီးဖို့လိုတယ်ဗျ၊ ဒါကြောင့် အရင်ဆုံး ၁-မိနစ်ဆို ၁-မိနစ်ပေါ့၊ ၅-မိနစ်ဆို ၅-မိနစ်ပေါ့၊ ဘုရားနဲ့တွေ့ဖို့ တရားနဲ့တွေ့ဖို့ ကြိုးစားရမယ်ဗျ။

http://www.dhammadownload.com

# ဘုရားနဲ့၊ တရားနဲ့ အသိစိတ်ကလေး အရင်တွေ့ဖို့ အရေးကြီးတယ်

"ဘဝတစ်သိန်းကြာလို့တောင်မှ တစ်ခါတွေ့ဖို့မလွယ်တဲ့ ဘုရားနဲ့ ငါ့အသိစိတ်ကလေး အရင်တွေ့ဖို့အရေးကြီးတယ်၊ ဘဝပေါင်းတစ်သန်းကြာလို့တောင်မှ တစ်ခါတွေ့ဖို့မလွယ်တဲ့ ဘုရားနဲ့ ငါ့အသိစိတ်ကလေး အရင်ဆုံးတွေ့ဖို့လိုတယ်"တဲ့။

ဘုရား၊ တရားနဲ့မတွေ့ဘူးဆိုရင် ဟောဒီ အိုထုပ် နာထုပ် သေထုပ်ကြီးကို အိုစာ၊ နာစာ၊ သေစာကျွေးရုံလေးနဲ့ တစ်ဘဝရှုံးပြီးတော့ သွားနိုင်တယ်၊ ခန္ဓာနဲ့ပစ္စည်း အနိုင်ကျင့်တာတော့ ငါမခံဘူးဟေ့၊ ဘဝလက်ဆောင်ကောင်းကိုပဲ ရအောင်ယူမယ်"လို့ မှန်ကန်တဲ့ အသိရှိလာဖို့ဆိုရင် ဘုရားနဲ့ အရင်တွေ့ဖို့လိုတယ်၊ တရားနဲ့ အရင်တွေ့ဖို့လို

http://www.dhammadownload.com



တယ်၊ အပ္ပမာဒသတိကလည်း ဒါလည်းပါတာပေါ့ ဗျာ။

ဒါကြောင့် ဘုရားအာရုံပြု၊ ဘုရားရှိခိုး, ဘုရားဂုဏ်တော်ပွားများ ဘုရားဆုံးမတဲ့ တရားအလုပ်လေး, သရဏဂုံသီလတို့, မေတ္တာပို့တို့ ထွက်လေဝင်လေ ရှုးစိုက်တာတို့ ခန္ဓာဉာဏ်စိုက် ၁၀–မိနစ်, ၁၅–မိနစ်, နာရီဝက်စသည် ဝိပဿနာလေးတွေ ဆင်ခြင်နှလုံးသွင်းအားထုတ်တာတို့ပေါ့။

အဲသလိုတရားနဲ့ အရင်နှုတ်ဆက်တဲ့ ပုဂ္ဂိုလ်ဟာ အပ္ပမာဒလမ်းကြောင်းပေါ် ရောက်သွားပြီ၊ နေ့စဉ် လုပ်နေကျ, ဒီနေ့တစ်နေ့တာ လုပ်နေကျ အလုပ်တွေဟာ လမ်းကြောင်းပေါ် ရောက်သွားပြီ။

မပူနဲ့တော့, အကုန်လက်ဆောင်ပေးတော့မှာ၊ မျက်နှာကြီးသွားပြီပဲဗျာ၊ မျက်နှာကြီးရင် လက်ဆောင်ပေးတော့မှာဗျ။

http://www.dhammadownload.com

## မျက်နှာကြီးမှန်းသိတော့ မငေါက်တော့ဘူး

ဒါကြောင့် နေ့စဉ်နေ့စဉ် ဘုရားမျက်နှာ တရားမျက်နှာနဲ့ မျက်နှာကြီးအောင်လုပ်တဲ့ ပုဂ္ဂိုလ်, တစ်နည်းအားဖြင့် အပ္ပမာဒသတိအားကောင်းတဲ့ ပုဂ္ဂိုလ်ထံသို့ ပစ္စည်းရောက်လာပြီ။

ပိုက်ဆံတစ်သိန်းဆိုပဲ၊ သူတို့က လက်ဆောင်ပေးမယ့်ပုံစံလေးနဲ့ လေသံတစ်မျိုး ပြောင်းလာတယ်၊ မျက်နှာကြီးမှန်းသိတော့ မငေါက်တော့ဘူး၊၊။

"ကျွန်တော်ရောက်လာပါပြီ၊ တစ်သိန်းပါ ခင်ဗျာ၊ ဒီအိမ်မှာ ကျွန်တော်တစ်ပတ်လောက် တည်းခိုပါရစေခင်ဗျာ"

ညှိသည့်သဘောကိုလည်း သူပီပီပြင်ပြင် ပြောတယ်ဗျာ၊ အိမ်ရှင်မဟုတ်တဲ့အကြောင်းကို

http://www.dhammadownload.com



သူ ပြောတယ်၊ ဆိုလိုတာကတော့ ကိုယ်ရှာတဲ့ ပိုက်ဆံပစ္စည်းအားလုံးဟာ ဧည့်သည်တွေချည်းပါ၊ အငှားတွေချည်းပါ၊ ဒီသဘောကို သရုပ်ပေါ်အောင် ပြောခြင်းဖြစ်တယ်၊ဒါကြောင့်-

* **ခဏရောက်လာ, ကုန်သွားပါ၊**

  **ဥစ္စာသဘာဝ၊**

ကိုယ်ရှာတဲ့ ပိုက်ဆံတွေ ပစ္စည်းတွေကို စဉ်းစားပေါ့၊ ဒီနေ့ရှာ ဒီနေ့ကုန်တယ်၊ တချို့မနေ့ကရှာ ဒီနေ့ကုန်တယ်၊ တချို့ အရင်သီတင်းပတ်က ရှာတယ်၊ ဒီသီတင်းပတ်မှာ ကုန်သွားတယ်၊ တချို့ အရင်လကရှာတာ, ဒီလကုန်သွားတယ်။

ဘာပဲရှိရှိ, ဘယ်လောက်ပဲရှိရှိ, ကန့်သတ်ချိန်စေ့သွားရင် ကုန်ကြတာချည်းပဲ၊ ပြန်သွားမယ့် ဧည့်သည်တွေချည်းပါ၊ ခဏလေးလာကြတာပါ။

အဲသလို နားလည်ရင် သူတို့ကို အိမ်ရှင်ဖြစ်အောင် လုပ်ရမယ်၊ လက်ဆောင်နဲ့လဲရလိမ့်မယ်၊

http://www.dhammadownload.com

# တရားကြောင့် အရုပ်မဆိုးရဘူး

* **အမြဲနေဗြား၊ ကုန်မသွား၊ တရားလူ့အလှ၊**

အမြဲနေမယ့်အရာက ဘာလဲဆိုတော့တရား၊ ဒါကြောင့် ပစ္စည်းတွေကို ဒါနနဲ့ မြန်မြန်လဲပေး၊ သီလသမာဓိ ဝိပဿနာနဲ့ ခပ်သုတ်သုတ် ခပ်မြန်မြန်လဲပေး၊ အဲသလို ကိုယ်ပိုင်ရောက်လာရင် ပြန်မသွားတော့ပါဘူး။

ဉာဏ်ဦးဆောင်မှုကောင်းရင် နိဗ္ဗာန်ရောက်သည်အထိ သူတို့က သတ္တိအနေအားဖြင့် ကောင်းကျိုးပြုနေကြမှာပါ။

ပြန်မသွားတော့ပါဘူး၊ ကုန်မသွားတော့ပါဘူး၊ တရားကြောင့် လှလှသွားမယ်၊ ပစ္စည်းကြောင့် လှအမြဲမလှဘူး၊ တစ်ခါတစ်ရံ ပစ္စည်းကြောင့် အကျည်းတန် အရုပ်ဆိုးကြတယ်ဗျာ။

http://www.dhammadownload.com



ပစ္စည်းကြောင့် ညီအစ်မတွေရန်ဖြစ်၊ ပစ္စည်းကြောင့် ညီအစ်ကိုတွေရန်ဖြစ်၊ မောင်နှမတွေရန်ဖြစ်ကြနဲ့အကျည်းတန်အရုပ်ဆိုးကြတာတွေလောကမှာ ရှိတယ်။

တရားကြောင့်တော့ စိတ်သာချ၊ အရုပ်မဆိုးရပါဘူး၊ လှစေရပါမယ်။

http://www.dhammadownload.com

## တရားနဲ့ ကိုယ်ပိုင်နဲ့ လဲမယ်ဆိုရင်

* တရားစုဆောင်း၊ ချမ်းသာကြောင်း၊
အကောင်းကိုယ်ပိုင်ရ

တရားစုဆောင်းလိုက်ရင်, တရားနဲ့ကိုယ်ပိုင်နဲ့လဲမယ်ဆိုလို့ရှိရင်ချမ်းသာကြောင်းလည်းဖြစ်တယ်၊ အကောင်းလည်းဖြစ်သွားတယ်၊ အပိုင်လည်းရသွားတယ်၊ ချမ်းသာဖို့လည်း သေချာတယ်။

ဒါကြောင့် သူတို့က လက်ဆောင်ပေးပါမယ်ဆိုတဲ့ ပုံစံနဲ့ လာတဲ့သဘောလေးကို သရုပ်ပေါ်အောင်ပြောတာပါ။

* ခဏရောက်လာ၊ ကုန်သွားပါ၊
ဥစ္စာသဘာဝ၊

* အမြဲနေဖြား၊ ကုန်မသွား၊ တရားလှူ့အလှူ၊

* တရားစုဆောင်း, ချမ်းသာကြောင်း
အကောင်းကိုယ်ပိုင်ရ။

http://www.dhammadownload.com



* ဘဝလက်ဆောင်၊ စွမ်းအားပြောင်၊
မြင့်ခေါင်အေးချမ်းရ။

ဒါကြောင့် ပစ္စည်းတွေ လက်ထဲကိုရောက်လာပြီဆိုရင် မိတ်ဆွေပုံစံနဲ့ လာကြတယ်။

"ကျွန်တော် ဒီအိမ်မှာ တစ်ရက်လောက်, တစ်ပတ်လောက်, တစ်လလောက်,တစ်နှစ်လောက် တည်းခိုပါရစေခင်ဗျာ၊ ကျွန်တော်လက်ဆောင်တွေ အများကြီးပေးမှာပါ၊ ခဏတည်းတာမှန်သော်လည်း လက်ဆောင်တွေ ပေးမယ်ခင်ဗျ။

မိသားစုတွေကျွေးတာ အလှူပွဲကြီးဖြစ်အောင် ကျွန်တော်လုပ်ပေးမယ်၊ ကျွန်တော့်ကြောင့် တော့ စိတ်ချ, စိတ်လုံးဝမပူစေရဘူး, လုံးဝဒုက္ခမရောက်စေရဘူး, ဘာဆင်းရဲမှ မဖြစ်စေရဘူး"

ပစ္စည်းက အာမမခံလိုက်ပုံများ၊ (မျက်နှာကြီးတာကိုးဗျ) ဘုရားမျက်နှာ တရားမျက်နှာနဲ့ မျက်နှာကြီးတဲ့လူကို ပစ္စည်းက လုံးဝမငေါက်ရဲ မခြောက်ရဲပါဘူးဗျာ၊ လက်ဆောင်ပေးမှာပါတဲ့။

"မိသားစုကျွေးတာ အလှူပွဲကြီးဖြစ်အောင် လုပ်ပေးမယ်ခင်ဗျ၊ သီလ, သမာဓိ, ဝိပဿနာအထိ မြင့်တင်ပြီးတော့ ကျွန်တော်လက်ဆောင်ပေးမယ်၊

http://www.dhammadownload.com



ကိုယ့်အတွက်ကျွေးတာဖြစ်သော်လည်း သီလ, သမာဓိ, ဝိပဿနာဖြစ်အောင် ကျွန်တော်လုပ်ပေးမယ်ခင်ဗျ၊ အလကားမကုန်စေရဘူး၊ ကျွန်တော်လုပ်ပေးပါမယ်" ဆိုတော့ မျက်နှာကြီးတဲ့သူက

"ဪ-မင်းကဒို့အိမ်မှာ ခဏဝင်တည်းတယ်ဆိုပေမယ့် လက်ဆောင်ကျတော့ အများကြီးပေးမှာလား၊

"ဟုတ်တယ်ခင်ဗျ၊ ခင်ဗျားက မျက်နှာကြီးတယ်၊ နိဗ္ဗာန်အထိမကုန်နိုင်တဲ့ လက်ဆောင်တွေ အများကြီးပေးမှာပါဗျာ"

# လက်ဆောင်ကောင်းတွေပေးလိုက်ပုံ

မျက်နှာကြီးတော့ လက်ဆောင်ပေးမှာတဲ့၊ ဟော-ပေးပြီဗျာ နေ့တိုင်း မိသားစုကို ချက်ပြုတ်ကျွေးမွေးပြီဗျ၊ သူကနောက်က တဖွဖွ လိုက်ပြောနေပြီ၊ တရားသဘောနဲ့ ပြောတာပါ။

"ကျွန်တော် ဒါနလက်ဆောင်တွေ ပေးနေပါပြီ၊ အလကား အကုန်မခံပါနဲ့ဗျာ၊ ဒါနရနိုင်တဲ့

http://www.dhammadownload.com



နေရာ ဒါနလက်ဆောင်တွေယူထားပါခင်ဗျ၊ ကိုယ့်ဘက်က စိတ်ကောင်းအရင်းအနှီးစိုက်ရုံလေးပါ။

သဒ္ဓါတရားနဲ့ ကိုယ်ပိုင်စိတ်ကောင်းလေးကို ဖော်ထုတ်လို့ မေတ္တာစေတနာနဲ့ ကျွေးလိုက်ရင် ဒါဟာ အလှူပွဲကြီးတွေခင်ဗျ၊ သူများတွေမှာ ဖိတ်စာကမ်းပြီး တကူးတကတောင် လုပ်ကြရသေးတာ၊ ခင်ဗျားမှာ ဖိတ်စာမကမ်းရပဲနဲ့ ဘဝရေစက်ဆုံလာတဲ့ မိသားစုတွေ ကို စေတနာသဒ္ဓါ မေတ္တာလေးနဲ့ ကျွေးလိုက်တော့ နေ့တိုင်းအိမ်ထဲမှာ အလှူပွဲကြီးတွေပါလား၊ အဲဒါ လက်ဆောင်ကောင်းတွေဗျ"

အဲသလိုမြင်လာတော့ မိသားစုတာဝန်ထမ်းရတဲ့သူပျော်လို့၊ လက်ဆောင်ရတာကိုး၊ မိသားစုကျွေးရတာ အလကားကုန်တယ်လို့မမြင်၊ ဒါနထုပ်ကြီးတွေလို့မြင်လာတယ်၊ ဝေယျာဝစ္စသီလတွေလို့ မြင်လာတယ်။

သတိနဲ့ ဝီရိယတွဲ, သမာဓိလေးတွေရအောင်ယူတတ်လို့ သမာဓိလေးတွေအဖြစ်မြင်လာတယ်၊ မေတ္တာလေးတွေပွားပြီး ကျွေးပြန်တော့လည်း မေတ္တာသမာဓိလေးတွေရတယ်လို့ မြင်လာတယ်။

http://www.dhammadownload.com



သိတတ်တဲ့ စိတ်ကလေးနဲ့ သိစရာအာရုံလေးတွေ ဉာဏ်သတိစိုက်ပြီးကြည့်လိုက်ပြန်တော့ ဝိပဿနာအသိလေးတွေရလာလို့ ဝိပဿနာလက်ဆောင်တွေရတယ်လို့ ပျော်ပြီးတော့လာတယ်။

## အောက်ဆဲွတွေကများတယ်

အင်မတန်လေးတဲ့ မိသားစုဝန်ထုပ်ဟာ သူ့မှာများပေါ့လိုက်တာ၊ သူ့အထုပ်ကြီးဟာ အောက်မဆွဲဘူးဗျ။

အများအားဖြင့် အောက်ဆွဲတွေက များရတယ်လေ၊ မိသားစုတာဝန်လေးလိုက်တာ၊ စားဝတ်နေရေး တာဝန်ကြီးကလည်း လေးလိုက်တာ, မောလိုက်တာနဲ့လေ။

တရားအသိ အသိမပါသလောက်လေးမှာ ပေါ့၊ မောမှာပေါ့၊ မျက်နှာငယ်တာကိုးဗျ။

တရားဆိုတာ တတိယအရွယ်မှ၊ အခုတော့ စောသေးတယ်၊ မအားသေးဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေ မျက်နှာငယ်ကြမှာပေါ့ဗျာ။

http://www.dhammadownload.com



မိသားစုတာဝန်က နေ့တိုင်း, အချိန်က ရွှေ့လို့မရ၊ တရားမသိသေးတာ၊ စားဝတ်နေရေးကို ၃-နှစ်လောက်ဆိုင်းထားမယ် ဆိုပေမယ့် မရဘူး လေ၊ တစ်ရက်မှဆိုင်းလို့ မရတာကိုးဗျ။

အဲသလိုဆိုရင် အဲဒီအလုပ်တွေဟာ ကိုယ်ပိုင်ဖြစ်ဖို့ဆိုရင် တရားအသိလိုလာတာပေါ့၊ မျက်နှာကြီးဖို့လိုလာတာပေါ့၊ ဒါကြောင့် သူက လက်ဆောင်တွေပေးလာတယ်ဗျ။

## ဘယ်အလုပ်မှ အလကားမရှိဘူး

ကိုယ့်အတွက်ကျွေးတော့လည်း၊ ဒါက သီလ, ဒါကသမာဓိလေးတွေ, ဒါက ဝိပဿနာ, သိတတ်တဲ့စိတ်နဲ့သိစရာ (စားစရာသောက်စရာ) တွေကို ဉာဏ်သတိပိုင်း, ပိုင်းကြည့်စမ်းပါ၊ အဲဒါ ဝိပဿနာတွေခင်ဗျ၊ ထမင်းစားရတဲ့ ပုဂ္ဂိုလ်များ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေရလို့။

မျက်နှာကြီးတဲ့ပုဂ္ဂိုလ်တွေ ထမင်းစားတော့

http://www.dhammadownload.com



ထမင်းစားခရတယ်၊ လမ်းသွားတော့ လမ်းသွားခရတယ် (သီလ, သမာဓိ, ပညာတဲ့)။

ထမင်းချက်တော့ ထမင်းချက်ခရတယ်၊ ဈေးရောင်းပြန်တော့ ဈေးရောင်းခရတယ်၊ ဒါနသီလ ဘာဝနာအစုံရတယ်၊ ဘယ်အလုပ်မှ သူ့မှာ အလကားမရှိဘူး၊ ပစ္စည်းကလက်ဆောင်ပေးတာ (မျက်နှာကြီးတာကိုဗျ)

ဒါကြောင့် ကိုယ့်မှာ အရေးကြီးတာက မျက်နှာကြီးဖို့ အရေးအကြီးဆုံးပဲ။

## ပျော်စရာအပြင်မှာ မရှာရတော့ဘူး

နေ့တိုင်းစားဝတ်နေရေးဟာအပေါ်ကို တွန်းတင်တဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းလက်ဆောင်ကောင်းတွေဖြစ်လို့ဗျာ။

သူ့မှာ ဘာအတွက်မှ ပူတယ်လို့ မရှိပါဘူး၊ မားတယ်လို့မရှိပါဘူး၊ တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းစွာ နေတတ်လာပါတယ်။

ပျော်စရာအပြင်မှာ မရှာရတော့ပဲ အတွင်း

http://www.dhammadownload.com



မှာတန်းစိပြီး ရလာတာလေးတွေကို အံ့သြစရာတွေ့လာရပါလိမ့်မယ်။

လူ့ဘဝသက်တမ်းလေးက တိုတယ်၊ ပျော်စရာတော့ကောင်းသားပေါ့၊ ဒါပေမယ့် တရားမရှိရင် မပျော်နိုင်ပါဘူးဗျ။

တရားအသိလေးနဲ့ တွေ့နေရတဲ့ ပုဂ္ဂိုလ်တွေ ဘဝလက်ဆောင်ကောင်းလေးတွေရလို့ အင်မတန်မှ ပျော်ကြရတယ်။

ပျော်ဆိုတာ တဏှာပျော်ကို ပြောတာ မဟုတ်ပါ၊ သဒ္ဓါပီတိနဲ့ ပျော်ရတဲ့ ကိုယ်ပိုင်အပျော်ကို ပြောတာပါ။

http://www.dhammadownload.com

# အမှိုက်ပုံးထဲရောက်မယ့်ပစ္စည်းက လက်ဆောင်ပေးပုံ

ပစ္စည်းက ဘယ်အထိလက်ဆောင်ပေးသလဲ ဆိုတော့ အမှိုက်ပုံးထဲရောက်သည်အထိ လက်ဆောင်ပေးတယ်။

အမှိုက်ပုံးထဲပစ်ရတော့မယ်ဆိုရင် အမှိုက်ပုံးထဲသွားရမယ့် ပစ္စည်းတွေက ပစ်မယ့်ပုဂ္ဂိုလ်ကို သူတို့ (အမှိုက်)က လက်ဆောင်ပြန်ပေးတယ်ဗျ၊ တရားသဘောနဲ့ ပြောတာပါ၊ ပါးစပ်နဲ့ ပြောတာတော့မဟုတ်ပါဘူး။

"ခင်ဗျားရှာတုန်းက အမှိုက်ပုံးထဲထည့်ဖို့ ရည်ရွယ်ချက် မပါပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့က ရုပ်တွေ, ရုပ်တရားဆိုတာအကြောင်းဖောက်ပြန်ရင် ပြောင်းလဲရတာ။

http://www.dhammadownload.com



ဒါကြောင့် အကြောင်းတွေက သုံးလို့ကို မဖြစ်အောင်ပြောင်းလဲလာတော့ ရုပ်သဘောတွေလည်း ပြောင်းလဲသွားတာပေါ့၊ ပြောင်းလဲသွားလို့လည်း ဘယ်လိုမှသုံးလို့ မဖြစ်တော့ ကျွန်တော်တို့ကို အမှိုက်ပုံးထဲပစ်ရတာမဟုတ်လား၊ အဲဒါ အနိစ္စဗျ။

မဖြစ်ချင်တာဖြစ်ပြီဆိုရင် အဲဒါဟာ ဒုက္ခဗျ၊ အလိုမလိုက်, အကြိုက်မပါ သူ့သဘောအတိုင်းဆောင်နေတဲ့တရား၊ အဲဒါက အနတ္တ၊ ခုနပြောတဲ့ သင်္ခါရာအနိစ္စ၊ သင်္ခါရာဒုက္ခ၊ သဗ္ဗေဓမ္မာ အနတ္တာဆိုပြီး မျက်နှာငယ်တဲ့ ပုဂ္ဂိုလ်ဆိုရင် ခန္ဓာက ဆူပူကြိမ်းမောင်းငေါက်နေတော့တာတဲ့၊ ပစ္စည်းတွေကကိုယ့်ကို ဆူပူကြိမ်းမောင်းပြီး ငေါက်တဲ့စကား ၃-ခွန်းပါတဲ့၊ တရားမျက်နှာကြီးတဲ့ ပုဂ္ဂိုလ်ဆိုရင် လက်ဆောင်စကား ၃-ခွန်းလို့ ခေါ်တယ်။

ဒါကြောင့် အမှိုက်ပုံးထဲသွားမယ့် ပစ္စည်းတွေက ကိုယ့်ကို နိဗ္ဗာန်လက်ဆောင်ပေးခဲ့သေးတာဗျ။

ဒီတော့အမှိုက်ပုံးထဲပစ်ရတဲ့ သူကလည်း "အေးကွယ်, မင်းကို ငါရှာတုန်းကတော့

http://www.dhammadownload.com



အမှိုက်ပုံးထဲပစ်ရမယ့် ရည်ရွယ်ချက်မပါဘူး၊ အကုန်သုံးဖို့ ရှာတာပဲ၊ အခုတော့ မင်းက ရုပ်တရားဆိုတော့ အကြောင်းဖောက်ပြန်တယ်။

အကြောင်းဖောက်ပြန် ပြောင်းလဲသွားတော့ ဘယ်လိုမှ သုံးလို့မဖြစ်တဲ့အတွက် မင်းကို အမှိုက်ပုံးထဲငါပစ်ရတယ်ကွယ်၊ အနိစ္စမြင်အောင် မင်းပြတာရပါပြီ။

(လက်တွေ့ပြသွားပြီကိုး)

ဒုက္ခသဘောအနတ္တသဘောတွေကို မြင်အောင်မင်းကငါ့ကို ပြပေးဖော်ရပါပေတယ်၊ ငါ ပစ္စည်းရှာရကျိုး နပ်ပါပြီကွ" အံမယ်၊ လက်ဆောင်ကောင်းတွေ သူ့မှာရလို့ဗျ။

## နိဗ္ဗာန်လက်ဆောင်

ဒါကြောင့် သမ္မာဒိဋ္ဌိစစ်စစ် လူတစ်ယောက်ဖြစ်ရတဲ့ ပုဂ္ဂိုလ်ရဲ့ လက်ထဲရောက်တဲ့ပစ္စည်း ဘယ်ပစ္စည်းမှ အလကားမဖြစ်ဘူး၊ ကိုယ့်ကို အကုန်လက်ဆောင်ပေးသွားတယ်။

http://www.dhammadownload.com



တောင်းတာကအသိပဲတောင်းတယ်၊ အသိရှိရင် တည်းခိုလို့ရတာပေါ့ဗျ၊ အသိရှိရင် အမှိုက်ပုံးထဲကို ပစ်ရမယ့်ပစ္စည်း အပျက်တွေကတောင်မှ တည်းခိုခွင့်ပေးပါတယ်၊ ထောက်တည်ရာပေးသွားတယ်၊ လက်ဆောင်ကောင်းတွေ ပေးသွားတယ်၊

နိဗ္ဗာန်လက်ဆောင်တဲ့-

အမှိုက်ပုံးထဲကို အမှိုက်ပစ်တာ နိဗ္ဗာန်ရောက်ကြောင်းပါတဲ့၊ ပစ္စည်းကပေးသွားသောဘဝလက်ဆောင်ပေါ့။

တစ်ခါတစ်ရံ ပစ္စည်းက လုံတယ်ထင်ပြီး ကိုယ်ကထားလိုက်တယ်၊ မလုံဘူးဗျို့၊ သူခိုးကခိုးသွားပါလေရော၊

သူခိုးလက်ထဲရောက်သွားတော့ သူခိုးလက်ထဲကပစ္စည်းက ပစ္စည်းပိုင်ရှင်ကို (မျက်နှာငယ်ရင်) ငေါက်တာတဲ့။

"မှတ်ကရောဟဲ့၊ မင်းရှာတုန်းက သူခိုးအတွက်ပါလို့လား၊ ကဲ-အခု မင်းရည်ရွယ်ချက်နဲ့ကိုက်သေးလို့လား၊ မင်းရှာတုန်းက ချမ်းသာဖို့ရှာတာမဟုတ်လား၊ မင်း အခုချမ်းသာသေးလို့လား"

http://www.dhammadownload.com



ဘယ့်နှယ်ညာနှယ်နဲ့ သုခိုးလက်ထဲက ပစ္စည်းက မျက်နှာငယ်တဲ့ပစ္စည်းပျောက်တဲ့သူကို ငေါက်တာတဲ့။

ဒီမှာဖြင့် ပူလိုက်ရတာ၊ ပစ္စည်းက အငေါက်ခံရတာကတစ်မျိုး၊ ပျောက်သွားလို့ ပူရတာက တစ်မျိုး၊ ပျောက်သွားတာကတစ်သိန်း, နောက်ဆက်တွဲဒုက္ခတွေက ဆယ်သိန်းကျော်တယ်ဗျာ။

ဆုံးရှုံးလိုက်တာ၊ နစ်နာလိုက်တာ၊ ပူလောင်လိုက်တာ၊ မျက်နှာငယ်တာကိုးဗျ၊ မျက်နှာငယ်တော့ အနိုင်ကျင့်ခံလိုက်ရတော့တာ။

## လေသံပြောင်းသွားတယ်

ဘုရားမျက်နှာတရားမျက်နှာနဲ့ မျက်နှာကြီးအောင်လုပ်ထားတဲ့ ပုဂ္ဂိုလ်တွေ၊ ဝိပဿနာထိ အသိတွေမြှင့်တင်ထားတဲ့ ပုဂ္ဂိုလ်တွေကျတော့ သုခိုးလက်ထဲက ပစ္စည်းက လက်ဆောင်ပေးတာတဲ့၊ လေသံပြောင်းသွားတယ်။

http://www.dhammadownload.com



"ကျွန်တော်လက်ဆောင်ပေးဗျ၊ ဘယ်အရာမှအမြဲဆုပ်ကိုင်ထားလို့ မရဘူးဆိုတာ အခုလက်မတွေ့ပြတာဗျ၊ အခုပြောင်းလဲသွားပြီ မဟုတ်လားခင်ဗျာ၊ ဒါ အနိစ္စဗျ။

အခုမဖြစ်ချင်တာ ဖြစ်လာပြီမဟုတ်လား၊ အဲဒါဒုက္ခ၊ အလိုလည်း မလိုက်အကြိုက်လည်း မပါသူ့သဘောအတိုင်းဆောင်တယ်၊ ဒါဟာ အနတ္တခင်ဗျ"

သဗ္ဗေသင်္ခါရာ အနိစ္စာဆိုတာက ငါပြောင်းပြလိုက်ရမလား၊ သဗ္ဗေသင်္ခါရာ ဒုက္ခာဆိုတာက ငါ နှိပ်စက်ပြလိုက်ရမလား၊ သဗ္ဗေဓမ္မာအနတ္တာဆိုတာက ငါဆန့်ကျင်ဘက် လုပ်ပြလိုက်ရ မလားတဲ့။

ခန္ဓာကပြောတဲ့ စကားသုံးခွန်းလေ၊ တရားလက်ခံ တရားအသိမရှိရင်ငေါက်တဲ့ခြောက်တဲ့အသံသုံးခွန်း၊ တရားလက်ခံတရားအသိရှိသူအတွက် လက်ဆောင်ပေးတဲ့စကားသုံးခွန်းတဲ့။

ဒါကြောင့်သူက မျက်နှာကြီးတာကိုး၊ မျက်နှာကြီးတော့ သူခိုးလက်ထဲက ပစ္စည်းတွေက

http://www.dhammadownload.com



အနိစ္စမြင်အောင်လို့ လက်တွေ့ပြလာပါတယ်၊ ဒုက္ခသဘော အနတ္တသဘောမြင်အောင် လက်တွေ့ပြလာပါတယ်။

ဒီတော့ပစ္စည်းပျောက်သွားတဲ့သူက "ဩော်မင်းကငါ့ကိုနိဗ္ဗာန်လက်ဆောင်ပေးတာကိုးကွ၊ ငါပစ္စည်းရှာရကျိုး နပ်ပါပြီကွာ"တဲ့။

ပြုံးပြုံးပြုံးပြုံးနဲ့၊ ဟန်မဟုတ်ပါဘူးဗျာ၊ တကယ်တရားမျက်နှာကြီးတဲ့ သူဟာ ဟန်မလုပ်ပါဘူး၊ သာသနာတွင်းမှာ ဟန်ဘာလုပ်မတုန်း၊ အမှန်စွမ်းအားကိုပဲ ရအောင်ယူမှာပေါ့၊

ဒါကြောင့် ပစ္စည်းပျောက်တာကို နိဗ္ဗာန်ရောက်ကြောင်းလို့ သတ်မှတ်နိုင်တယ်ဆိုတာ အဲဒါဘဝလက်ဆောင်ဗျ။

တရားမျက်နှာငယ်တဲ့ပုဂ္ဂိုလ်တွေ ငိုကြမယ်၊ ပူကြမယ်၊ ဆွေးကြမယ်၊ အအိပ်အစားတွေပျက်ကြမယ်၊ လောင်ကြမယ်၊ တရားမျက်နှာကြီးတဲ့သူတွေ နိဗ္ဗာန်ရောက်ကြောင်းဆိုပဲ၊ တစ်ကွင်းထဲနဲ့ ပြတ်သွားတယ်၊ အေးသွားတယ်ဗျာ။

ဒါကြောင့် ပစ္စည်းပျောက်တာတောင် နိဗ္ဗာန်

http://www.dhammadownload.com



ရောက်ကြောင်းတရားကောင်းလို့ ယူဆနိုင်တယ်ဆို တော့ တကယ့်အသိသတိအားကောင်းသူတို့ရဲ့ အံ့ဩစရာကောင်းအောင် ရရှိသော ဘဝလက် ဆောင်တဲ့။

http://www.dhammadownload.com

## ပစ္စည်းကငေါက်တာ

တစ်ခါတစ်ရံကျတော့ ပစ္စည်းက အသုံးချရင်းနဲ့ အမှတ်တမဲ့ဆိုတော့ လက်ထဲက လွတ်ကျပြီး ကွဲသွားတယ်၊ ငွမ်ကနဲမြည်သွားတယ်။

တရားအသိ သတိမရှိတဲ့သူ၊ မျက်နှာငယ်တဲ့သူဆိုရင် အဲဒီငွမ်ကနဲအသံက ငေါက်တာတဲ့ဗျ။

"မှတ်ကရောဟဲ့၊ မင်းက အခိုင်အမြဲထားဖို့ ရှာတာမဟုတ်လား၊ အခုခိုင်မြဲသေးလို့လား၊ မင်း ချမ်းသာဖို့ ရှာထားတာမဟုတ်လား၊ အခုချမ်းသာသေးလို့လား၊ မင်းဒီလောက်ညံ့ရကောင်းလား" ဘယ့်နှယ်ညာ့နှယ်ဆိုပြီးတော့ ကွဲသွားတဲ့ ပစ္စည်းက ငေါက်တာဆိုပဲဗျာ။

http://www.dhammadownload.com



အို ပူလိုက်ရတာ, ပူလိုက်ရတာ, ဒီအထဲ ဘေားကလူကကူပြီးပြောသေးဗျာ၊ ညံ့ရကောင်းလား၊ ဘယ့်နှယ်ညာ့နှယ် စုံလို့။

ပစ္စည်းလည်း ကွဲသေး၊ ပူလည်းပူသေးဗျ။

http://www.dhammadownload.com

# ဒူးရင်းသီးလက်ဆောင်တဲ့

နေ့စဉ်နေ့စဉ် ဘုရားမျက်နှာ တရားမျက်နှာနဲ့ မျက်နှာကြီးအောင်လုပ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ အဲဒါလက်ဆောင်တဲ့၊ အရပ်စကားနဲ့ပြောရင် ဒူးရင်းသီးလက်ဆောင်ခေါ်တယ်ဗျ။

ဒူးရင်းသီးလက်ဆောင်ပေးရာမှာ ရုတ်တရက်ဆိုတော့ ဒူးရင်းသီးကို မြင်ရတာ တယ်စိတ်ပျက်စရာကောင်းတယ်၊ ကိုင်ကြည့်လိုက်ရင် ဆူးတွေချည်းပဲ၊ ခွဲကြည့်မှအထဲမှာစားစရာပါမှန်း သိရတာကိုးဗျ။

အဲဒါမျိုးလိုပဲ၊ သာသနာနဲ့ တကယ်တွေ့တဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ ကိုယ်မနှစ်သက်တဲ့ အာရုံနဲ့ တွေ့ရတဲ့အခါ "ဩော်၊ ငါ့ကို ဒူးရင်းသီး လက်

http://www.dhammadownload.com



ဆောင်ပေးပြီ၊ အို၊ ငါက ခွဲတတ်တယ်လေ၊ ဆူးစူး တော့ ငါမခံဘူး၊ ဆူးတွေကို ပွတ်တိုက်ပြီး ကိုင် နေပါတော့မလား၊ ခွဲမှာပေါ့"

သတိပဋ္ဌာန် ပုံစံလေးတွေနဲ့ သီလသမာဓိ ဝိပဿနာစွမ်းအားလေးတွေ ရအောင်ခွဲပြီးတော့ သုံးတတ်တယ်၊ ဒူးရင်းသီးလက်ဆောင်ပေးတာတဲ့၊

ငွမ်ကနဲကျကွဲသွားတဲ့ပစ္စည်းဟာ ကိုယ့်ကို ဒူးရင်းသီးလက်ဆောင်ပေးတာ၊ ခွဲမယ်လေ၊ ခွဲတတ် တယ်၊ ဆူးတွေကိုင်ပြီးတော့ စိတ်ညစ်မနေဘူးဗျ။

ခွဲကြည့်လိုက်တော့တွေ့ပြီ၊ အနိစ္စတဲ့၊ ပစ္စည်းက ကိုယ့်ကို ပြောတာ။

"ဒါဟာ အနိစ္စ၊ ဘယ်အရာမှ မခိုင်မြဲဘူး ဆိုတာ လက်တွေ့ပြတာဗျ၊ တော်နေကြာပစ္စည်း အခိုင်အမာထင်ပြီး မေ့နေမှာစိုးလို့ ကျွန်တော် သတိပေးနေတာပါ။

မဖြစ်ချင်တာဖြစ်လာပြီဆိုကတည်းက ဒုက္ခ သဘောပါ၊ အလိုမလိုက် အကြိုက်မပါ သူ့သဘော အတိုင်းဖြစ်နေတာက အနတ္တသဘောပါ၊ ခင်ဗျားကို နိဗ္ဗာန်လက်ဆောင်ပေးတာပါခင်ဗျ"

ဒီတော့ ပစ္စည်းလွတ်ကျကွဲသွားတဲ့သူက

http://www.dhammadownload.com



ပြုံးပြုံးပြုံးပြုံးနဲ့ပေါ့၊ တစ်ခါတစ်ရံ သတိလွတ်ပြီး အဲသလိုကျကွဲသွားလည်း ငါ့ကို နိဗ္ဗာန်လက်ဆောင် ပေးတာပဲ၊ ပစ္စည်းရှာရကျိုးနပ်ပါပြီကွာ” ဆိုပြီး နှလုံးတွေ အေးသွားတယ်။

## ပစ္စည်းတွေကအာမခံခဲ့ပြီ

ဒါကြောင့်မို့ စောစောပိုင်းမှာ ပစ္စည်းတွေက အာမခံခဲ့ပြီမဟုတ်လား၊

“ကျွန်တော့်ကြောင့်တော့ ဒုက္ခမဖြစ်ရဘူး၊ စိတ်သာချ၊ ကျွန်တော်ကြောင့်တော့ တစ်ခုမှ အလကား မဖြစ်စေရဘူး စိတ်သာချ”နဲ့ မျက်နှာကြီး သူ့လက်ထဲရောက်လာကတည်းက သူ့အာမခံပြီးပြီ လေ၊ သူ့အာမခံတဲ့အတိုင်း သွားတာပဲမဟုတ်လား။

အမှိုက်ပုံးထဲကို သွားတာတောင်မှ နိဗ္ဗာန် လက်ဆောင်ပေးခဲ့သေးတယ်၊ သူခိုးလက်ထဲရောက် သွားတာတောင် နိဗ္ဗာန်လက်ဆောင်ပေးခဲ့သေး တယ်၊ လက်ထဲက လွတ်ကျကွဲပြီးပျက်စီးသွားတာ

http://www.dhammadownload.com



တောင်မှ နိဗ္ဗာန်လက်ဆောင်ပေးခဲ့သေးတယ်ဆိုတာ (အမှန်တော့) သာသနာ့စွမ်းအားဗျ၊ သာမန်လူရဲ့ စွမ်းအားမဟုတ်ပါဘူးဗျာ။

သာသနာရတနာကြောပေါ်ရောက်ရှိနေသူတွေရဲ့အစွမ်းပါ၊ အသိသတိအားကောင်း သူတွေရဲ့ အစွမ်းတဲ့ဗျာ။

http://www.dhammadownload.com

# မျက်နှာငယ်မယ်ဆိုရင် ငိုရမှာပေါ့

အမှန်တော့ ဒါတွေဟာ ငိုစရာတွေချည်းပဲ၊ မျက်နှာငယ်မယ်ဆိုရင် ငိုရမှာပေါ့၊ ခုနခြောက်သံ ငေါက်သံ ၃–ခွန်းလေ၊ ငါက ပျက်စီးပြလိုက်ရ မလား၊ ပြောင်းလဲပြလိုက်ရမလား၊ ငါက နှိပ်စက် ပြလိုက်ရမလား၊ ငါက ဆန့်ကျင်ဘက်လုပ်ပြီး အာဏာဖီဆန်ပြလိုက်ရမလားဆိုတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ စကား ၃–ခွန်းပေါ့။

အဲဒီစကားတွေက တရားမျက်နှာမပါတဲ့ ပုဂ္ဂိုလ်အတွက်ဆိုရင် ခြောက်သံငေါက်သံတဲ့၊ တရားမျက်နှာကြီးတဲ့သူဆိုရင် လက်ဆောင်စကား ၃–ခွန်းတဲ့၊ အင်မတန်ချိုမြိန်ကောင်းမြတ်တဲ့ စကား လက်ဆောင်တဲ့။

http://www.dhammadownload.com



ခန္ဓာလည်း ဒီအတိုင်းပါပဲ၊ မျက်နှာငယ်တဲ့ သူဆိုရင် ဒီစကား ၃–ခွန်းနဲ့အမြဲငေါက်နေတယ် "မင်းက ဘယ်လောက်ကျွေးကျွေး ငါက အိုမှာ အိုမှာပဲ၊ နာမှနာမှာပဲ, သေမှာသေမှာပဲ"စသည်ဖြင့် ပေါ့ဗျာ၊ စိတ်တိုင်းမကျတိုင်း ပူစရာတွေက တန်းစီ လို့ဗျ။

မျက်နှာငယ်တဲ့သူဆိုရင် ခန္ဓာကဘယ် လောက်ကျွေးကျွေး အိုတာနာတာ သေတာတွေ က ဝိုင်းနေတာပဲ၊ မျက်နှာကြီးတဲ့သူဆိုရင် သူ(ခန္ဓာ)က လက်ဆောင်ပေးတယ်ဗျ။

http://www.dhammadownload.com

# ခန္ဓာအနိုင်ကျင့်တာခံရတာ

ဆိုကြပါစို့၊ တစ်ခါတရံ အကြောင်းဖောက်ပြန်လို့ ရောဂါဝင်လာတယ်၊ နေမကောင်းထိုင်မသာဖြစ်လာတယ်၊ မျက်နှာငယ်တဲ့ပုဂ္ဂိုလ်ဆိုရင် အဲဒါငေါက်တော့တာတဲ့၊ ဆူပူကြိမ်းမောင်းတော့တာတဲ့။

ရောဂါဝေဒနာဖြစ်တာက ၁-ကျပ်သားလောက်၊ ငိုလိုက်ရ၊ ပူလိုက်ရ၊ ကြောက်လိုက်ရ၊ အားငယ်လိုက်ရတာက ၁-ပိသာကျော်တယ်။

ဟုတ်,ဟုတ်ပါတော့မလား၊ ဆေးကလည်းတော်တော်နဲ့ တွေ့ပါ့မလား၊ ဒီဘဝမှာ ငါနေမှနေရပါတော့မလားနဲ့ အတွေးတွေကလွန်လို့၊ ရှိတာထက်ပိုပြီး ပူလောင်ရတယ်ဗျာ၊ ခန္ဓာအနိုင်ကျင့်တာခံရတာလေ။

http://www.dhammadownload.com



တရားမျက်နှာအားကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ မျက်နှာကြီးတဲ့ ပုဂ္ဂိုလ်တွေကျတော့ ရောဂါဝေဒနာ လေသံပြောင်းသွားတယ်။

"ကျွန်တော်လက်ဆောင်ပေးတာလေ, ဘယ်အရာမှ ဒီအတိုင်း အမြဲဆုပ်ကိုင်ထားလို့ မရဘူးဆို တာသိအောင်လို့ ကျွန်တော်ပြတာ၊ တော်နေကြာ ဘဝခန္ဓာ အခိုင်အမာကြီးထင်ပြီး ခင်ဗျားမေ့သွားရင် လမ်းချော်သွားမယ်၊ ဒါကြောင့် ကျွန်တော် သတိပေးတဲ့ အနေနဲ့ လက်ဆောင်ပေး တာ"

အဲသလိုလေသံပြောင်းသွားတယ်။

http://www.dhammadownload.com

# နတ်တွေအပါယ်ကို
# တန်းဆင်းသွားကြတာ မေ့လို့တဲ့

နတ်ရဲ့ခန္ဓာကိုယ်က လိမ်သလိုကြီး ဖြစ်နေတယ်ဗျ၊ အိုတာကို အိုရုပ်မပြဘူးဆိုပဲ၊ နတ်သားတွေဆို အသက် ၂၀–အရွယ်ချည်းပဲ၊ နတ်သမီးတွေဆို ၁၆–နှစ်အရွယ်ချည်းပဲ

– အိုတော့အိုတယ်၊ အိုရုပ်ကမပြ၊ နတ်တွေမေ့လိုက်တာတဲ့။

– ဆေးစားရတဲ့ နတ်, ဆေးခန်းပြရတဲ့နတ် ဆေးရုံတက်ရတဲ့နတ်တွေမရှိ, နာတော့နာတယ်၊ နာရုပ်က ထင်ထင်ရှားရှား မပြ၊ မေ့လိုက်ကြတဲ့ နတ်တွေ။

– သေတော့လည်း အလောင်းချန်မထားခဲ့ဘူးတဲ့၊ ဒီပြင်နတ်တွေကြည့်စရာ, အသုဘရှုစရာ,

http://www.dhammadownload.com



သံဝေဂဖြစ်စရာ ဘာမှ ချန်မထားတော့ မေ့လိုက်တာတဲ့။

ဒါကြောင့်မို့ တချို့နတ်တွေ နတ်ပြည်ကနေ အပါယ်ကို တန်းဆင်းသွားတာ အများကြီးပဲ၊ မေ့ကြတာကိုး။

http://www.dhammadownload.com

# သံသရာဆင်းရဲရဲ့ တစ်စိတ်တစ်ဒေသ

ခန္ဓာက ပြောတယ်လေ၊

"ကျွန်တော် လူ့ခန္ဓာပါ၊ လူ့ခန္ဓာက မလိမ်ပါဘူး၊ အရှိကိုအရှိအတိုင်းပြတာဗျ၊ အခု ကျွန်တော့်မှာ ရှိတာပြနေပါပြီ၊ မလိမ်ပါဘူး၊ အိုတာအိုရုပ်ပြတယ်၊ နာတာကို နာရုပ် ထင်ထင်ရှားရှားကြီးပြတယ်၊ သေတော့ သေရုပ်ကို ပြဦးမှာ၊ ဒါကြောင့်ခင်ဗျားကို အသိသတိပေါ်လွင်အောင် သံဝေဂဖြစ်အောင်ဆိုပြီး ခပ်မြန်မြန် ကိုယ်ပိုင်အလုပ်လုပ်နိုင်အောင် ကျွန်တော်က လက်ဆောင်ပေးတာပါဗျာ။

ဘယ်အရာမှာ အမြဲဆုပ်ကိုင်ထားလို့မရဘူး၊ အကြောင်းဖောက်ပြန်ပြောင်းလဲတယ်ဆိုတာ အခု လက်တွေ့အနီးစွပါ။

http://www.dhammadownload.com



အခုနှိပ်စက်နေပြီလား၊ အဲဒါဒုက္ခဗျ၊ ဒါဟာ သံသရာဆင်းရဲရဲ့တစ်စိတ်တစ်ဒေသ အသေးအမွှားလေးရှိသေးတာ၊ ဒုက္ခက မပြောလောက်သေးဘူး။

ဒါပေမယ့် မပူနဲ့၊ အဲဒီဒုက္ခက အပါယ်ပို့မယ့်ဒုက္ခမဟုတ်ဘူး၊ မဂ္ဂင်လမ်းကြောင်းပေါ်က ဒုက္ခဖြစ်လို့ ကိုယ့်ကို အပေါ်ပို့မယ့် တွန်းအားခေါ်တယ်၊ တရားမျက်နှာ မပါတဲ့သူရဲ့ ဒုက္ခက အောက်ကိုတွန်းချမှာ။

တရားမျက်နှာကြီးသူအတွက် ဒုက္ခသည် တွန်းအားသာဖြစ်တယ်၊ သတိပေးခြင်းသာဖြစ်တယ်၊ လက်ဆောင်ပေးခြင်းသာဖြစ်တယ်။

ဒါကြောင့် အခုနှိပ်စက်နေတာ ဒုက္ခဗျ၊အလိုမလိုက် အကြိုက်မပါ, သူ့သဘောအတိုင်း ဆောင်နေတယ်၊ ကိုယ့်ကို ဆန့်ကျင်ဘက် လုပ်နေတယ်၊ အဲဒါ အနတ္တဗျ၊ ကျွန်တော်လက်ဆောင်ပေးတာ၊ ကျေးရကျိုးနပ်အောင်လို့၊ လူ့ဘဝရကျိုးနပ်အောင်လို့ပါဗျ” ဆိုတော့ နာတဲ့သူက နာပြုံးလေး ဖြစ်လာတယ်ဗျ။

http://www.dhammadownload.com

# ရောဂါဝေဒနာ အနိုင်ကျင့်တာမခံဘူး

"ဩော်–မင်းက ငါ့ကို နိဗ္ဗာန်လက်ဆောင် ပေးတာကိုးကွ၊ ဆင်းရဲနောက်မှာ ချမ်းသာရှိတယ် ဆိုတာ မှန်တယ်ဟေ့၊ ဆင်းရဲက ချမ်းသာဘက်ကို တွန်းတင်ပေးမယ့် ဆင်းရဲပါလားကွ"

ရောဂါဝေဒနာ အနိုင်ကျင့်တာ မခံဘူးဗျ၊ သတိပဋ္ဌာန်လမ်းစဉ်လေးနဲ့ သတိဉာဏ်စိုက်ပြီးမှ သီလအင်အားတွေ, သမာဓိအင်အားတွေ, အထူး အားဖြင့် ဝိပဿနာစွမ်းအားတွေ ပေါ်ပေါက်လို့ လာအောင် ရှုမှတ်ပွားများ အားထုတ်လိုက်တော့ ဒီရောဂါသည်ပင် သူ့အတွက် ဘဝလက်ဆောင် ဖြစ်သွားတယ်။

ဒါကြောင့် လက်ဆောင်ဟာ ကောင်းအောင် ပြုပြင်ပြီး ယူမှ လက်ဆောင်လို့ ခေါ်တာဗျ။

http://www.dhammadownload.com



အကောင်းဘက်ကိုရောက်မှ, ကိုယ့်ကိုချမ်းသာအောင်, အငိုတတ်အောင်, အကြောက်ပြေအောင်, အပူငြိမ်းအောင်, သတ္တိရှိအောင်, ပြုလုပ်ပေးနိုင်တဲ့ စွမ်းအားပေါ်လာမှ ဘဝလက်ဆောင်လို့ ခေါ်ပါတယ်။

ဒါကြောင့် ယခုပရိသတ်အပေါင်း သူတော်ကောင်းတွေ လက်ဆောင်ကောင်းကိုရအောင် ယူပြီးတော့နေကြတယ်။

လက်ဆောင်ကောင်းဆိုတာ ကိုယ့်ကို အငိုတိတ်စေတယ်၊ အပူငြိမ်းစေတယ်, အကြောက်ပြေစေတယ်၊ သတ္တိရှိစေတယ်။

http://www.dhammadownload.com

# ကောင်းတော့မကောင်းဘူး ဒါပေမယ့် ကောင်းတယ်လို့ ပြောရတာက

ဘဝဟာ ကောင်းတော့မကောင်းဘူးပေါ့လေ၊ အိုထုပ်, နာထုပ်, သေထုပ်ကြီးရထားတာပဲ၊ သို့သော်လည်း စိတ်ကြိုက်သုံးလို့ ရနိုင်တာမို့ ပစ္စုပ္ပန်မှာ အာရုံနဲ့စိတ်အဆင်ပြေအောင်, ငြိမ်းချမ်းအောင် နေတတ်တဲ့ အစွမ်းရနိုင်တာမို့၊ ဘဝကူးစိတ်အေးရအောင် ကြိုတင်ပြင်ဆင်နိုင်ခွင့် ရှိတာမို့, ဘဝလွတ်မြောက်ရေးအထိ စိတ်ကြိုက်ပြင်ဆင်အားထုတ်နိုင်ခွင့်ရှိတာမို့ ဘဝကောင်းလို့ ပြောတာပါ။

လက်ဆောင်ကောင်းတွေကို ပေးစွမ်းနိုင်တာမို့ ဘဝကောင်းလို့ပြောတာ၊ ဘဝသည် အမှန်မှာ ကောင်းတော့မကောင်းပါ၊ ဒုက္ခသစ္စာထုပ်ကြီးပဲ၊ ဘယ်ကောင်းလိမ့်မတုန်း။

http://www.dhammadownload.com



သို့သော် မဂ္ဂသစ္စာယဉ်ပေါ်တင်ပေးရင်တော့ သက်သာခွင့် အများကြီးရပါတယ်၊ ချမ်းသာအစစ်တော့ မဟုတ်ဘူးပေါ့။

ချမ်းသာအစစ်ဆိုတာက နိရောဓသစ္စာဆိုတဲ့ ချမ်းသာအစစ်ဆိုတာရမယ်၊ ခန္ဓာကတော့ ခဏသက်သာရုံပဲ လုပ်နိုင်ကြမှာပါ။

သက်သာခွင့် စွမ်းအား ရရင်ဒါကိုပဲ လက်ဆောင်ကောင်းလို့ ဆိုလိုက်တာပါပဲ၊ အရေးကြီးတာက သတိအားကောင်းဖို့ပဲ။

http://www.dhammadownload.com

# သတိ+ ဝီရိယ = သမာဓိ

သတိလို့ ပြောလိုက်တယ်ဆိုရင် သဒ္ဓါတို့၊ ဝီရိယတို့၊ သမာဓိတို့၊ ပညာတို့ပေါ်လာပါပြီဗျ။ ဒါကြောင့် သတိ + ဝီရိယ = သမာဓိ။

**သတိနဲ့ ဝီရိယ ။** ။နေ့စဉ် အားထုတ်နေသော ဝီရိယကို အဲဒီသတိလေးနဲ့သာ တွဲလိုက်= သမာဓိ။ ခဏကသမာဓိလေးတွေ ရှင်းကနဲ ရှင်းကနဲ လာလိမ့်မယ်။

ပူလောင်မှုတွေ အများကြီး သက်သာလိမ့်မယ်၊ စိတ်ယောက်ရက်ခတ်မှုတွေ ထိန်းမိသွားလိမ့်မယ်၊ စိတ်ပူလောင်မှုတွေ အများကြီး ငြိမ်းလိမ့်မယ်။

လုံးလုံးကြီးငြိမ်းတာ မဟုတ်ပေမယ့် သက်သာခွင့်အများကြီး ရသွားလိမ့်မယ်၊ အားထုတ်နေသော၊ နေ့စဉ်ဆောင်ရွက်နေသော ဝီရိယထဲမှာ၊ လုပ်ငန်းထဲမှာ သတိတွဲပေးလိုက်။

http://www.dhammadownload.com



သတိဆိုတာ (၁) အာရုံကို ပုံဖော်ရခြင်း (၂)အာရုံနဲ့စိတ်ချပ်ကနဲ ကပ်ရခြင်း (၃) အလုပ်မပြီးခင် အာရုံမပျောက်ရအောင်ထိန်းထားရခြင်း (၄) ဒီအလုပ်လုပ်နေစဉ်မှာ အခြားမဆိုင်တဲ့ အာရုံကြားဖြတ်ဝင်မလာရအောင် ကာကွယ်စောင့်ရှောက်ထားရခြင်း (၅) အလုပ်မပြီးခင် ရှေ့အသိနဲ့ နောက်အသိ, အသိချင်းစပ်ထားရခြင်း၊ ဒါကိုသတိခေါ်တယ်။

ထမင်းချက်ရင်းလည်း ရတာပဲ၊ ထမင်းစားရင်းလည်းရတာပဲ၊ ဈေးရောင်းရင်းလည်းရတာပဲ၊ နိုင်ငံ့တာဝန်ထမ်းရင်းလည်း ရတာပဲ၊ မရတဲ့အချိန် ဘယ်အချိန်မှ မရှိဘူးဗျ။

http://www.dhammadownload.com

# သတိရဲ့ အရေးတကြီး တောင်းဆိုချက်

သတိရဲ့ အရေးတကြီး တောင်းဆိုချက်က လောကမှာ ဘယ်အချိန် အဖိုးအတန်ဆုံးလဲ ဆို လိုက်တော့ သတိအားကောင်းတဲ့ ပုဂ္ဂိုလ်အတွက် ပစ္စုပ္ပန်ရောက်ဆဲအချိန်သာ အဖိုးအတန်ဆုံး။

လောကမှာ ဘယ်အလုပ်အဖိုးအတန်ဆုံးလဲ ဆိုတော့ လောလောဆယ်လုပ်နေတဲ့ ပစ္စုပ္ပန်အလုပ်သာ အရေးအကြီးဆုံးပါ၊ သတိရဲ့ အရေးတကြီး တောင်းဆိုချက်က ဒါပဲဗျ။

ပစ္စုပ္ပန်က ကိုယ်သုံးလို့ရတာ၊ အတိတ်နဲ့ အနာဂတ်က စကားအဖြစ်သာသုံးလို့ရတာ၊ သုံးလို့ မဖြစ်ဘူး။

အခု ဘာလုပ်နေတုန်း၊ လမ်းသွားနေတယ်လေ၊ လမ်းသွားတာ အရေးကြီးတယ်နော်၊ သတိ

http://www.dhammadownload.com



ဉာဏ်ကပ်ထား၊ သီလ သမာဓိပညာ အပြည့်ပါ တယ်နော်၊ လမ်းသွားခရမယ်၊ ခြေလှမ်းတိုင်း ဘဝလက်ဆောင်ရတယ်။

သတိလွတ်သွားတာနဲ့ ဒဏ်တပ်လိမ့်မယ် နော်၊ ဆူးစူးမယ်၊ ခလုတ်တိုက်မယ်။

အခုဘာလုပ်နေတုန်း၊ ထမင်းစားနေတယ်၊ ထမင်းစားတာ အရေးကြီးတယ်နော်၊ သတိဉာဏ် ကပ်ထား၊ သီလ သမာဓိ ဝိပဿနာအပြည့်ပါတယ်၊ လက်ဆောင်ကောင်းတွေယူထား။

အခု ဘာလုပ်နေတုန်း၊ နိုင်ငံ့တာဝန်ထမ်းနေ တယ်၊ ရုံးမှာ အလုပ်လုပ်နေတယ်၊ အဲဒီအလုပ် ရေးကြီးတယ်နော်၊ သတိဉာဏ်ကပ်ထား၊ သီလ သမာဓိ ဝိပဿနာ အပြည့်ပါတယ်။

အခု ဘာလုပ်နေတုန်း၊ ဈေးဆိုင်ထဲဈေး ရောင်းနေတယ်၊ ဈေးရောင်းတာအရေးကြီးတယ် နော်၊ သတိဉာဏ်ကပ်ထား၊ ဒါနအပြည့်ပါတယ်၊ သီလသမာဓိ ဝိပဿနာအစုံပါတယ်၊ ဘဝလက် ဆောင်ရအောင် ယူထား။

http://www.dhammadownload.com

## အလုပ်များတယ်, မရှုပ်ပါ

ဆိုလိုရင်းကတော့ သတိဟာ စားဝတ်နေရေးနဲ့တရားကို တစ်သားထဲပေါင်းပေးတာ၊ စီးပွားရေးနဲ့ တရားကို တစ်သားထဲပေါင်းပေးတယ်၊ လူမှုရေးနဲ့ တရားကို တစ်သားထဲပေါင်းပေးတယ်။

သူ့မှာ မအားဘူးဆိုတဲ့ အနေအထားမရှိတော့ဘူး၊ မအားတာဟာ တရားအလုပ် ဖြစ်သွားတယ်။

သူ့မှာ အလုပ်ရှုပ်တယ်လို့ ဘယ်တော့မှ မရှိဘူး၊ ရှုပ်စကားကို ဘယ်တော့မှ မပြောတော့ဘူး၊ သူပြောတာက အလုပ်များတယ်လို့ ပြောတယ်။

အလုပ်များတယ်၊ မရှုပ်ပါ၊ မလေးပါ၊ မပူပါ၊ မမှားပါ၊ စွမ်းအားလေးကို ရအောင်ယူသွားတယ်။

http://www.dhammadownload.com



ဒါကြောင့် ပစ္စုပ္ပန်လုပ်ဆဲအလုပ်သာ အရေးအကြီးဆုံးတဲ့၊ သတိအားကောင်းရင် လမ်းသွားတော့ လမ်းသွားရတယ်၊ ထမင်းစားတော့ ထမင်းစားခရတယ်၊ အိုတော့ အိုခရတယ်။

နာတော့နာခရတယ်၊ သေတော့ သေခရဦးမယ်၊ နောက်ပိတ်ဆုံးကိလေသာဖြစ်တာတောင်ဖြစ်ခရတယ်၊ လက်ဆောင်ပြန်ပေးတယ်ဗျ။

http://www.dhammadownload.com

# ကိလေသာဖြစ်ခရတယ်ဆိုတာက

ကိလေသာ ဖြစ်ခရတယ်ဆိုတာ နေ့စဉ် သတိနဲ့ အလေ့အကျင့်ရအောင် ဘုရားနဲ့ အရင်တွေ့ ထားတဲ့သူ၊ တရားနဲ့ အရင်တွေ့ထားတဲ့ သူတွေဟာ ပုထုဇဉ်ပဲ၊ ကိလေသာတော့ ဖြစ်ကြတာပဲ။

လောဘဖျတ်ခနဲဖြစ်လာတယ်၊ ချက်ချင်း သိတယ်၊ ငါ့စိတ်ကလေး ဘာဖြစ်တာလဲ၊ သြော်– လောဘပါလား၊ လောဘမှန်းသိတော့ လောဘက ဖြောင့်ချက်ပေးတယ်။

"ဟုတ်ပါတယ်၊ ကျွန်တော် လောဘပါ၊ ခင်ဗျားမှာ တရားလက်နက်မရှိဘူး မှတ်ပြီး ကျွန်တော်တိတ်တိတ်တိုးဝင်မိပါတယ်၊ ကျွန်တော် လျော်ကြေးပြန်ပေးပါ့မယ်၊ ခင်ဗျားရဲ့နှလုံးသားကို ကျွန်တော် ကျူးကျော်မိတဲ့အတွက်လျော်ကြေး ပြန် ပေးပါ့မယ်၊ ကျွန်တော့်ကို သတိဉာဏ်နဲ့ ပြန်စူး

http://www.dhammadownload.com



စိုက်ပြီး ရှုမှတ် ပေးပါခင်ဗျာ”

* **ရှေ့စိတ်ဖြစ်ဘိ၊ နောက်စိတ်သိ၊ သိတိုင်းအပူစင်၊**
* **အာရုံနှင့်သိ၊ ထိတိုင်းသိ၊ သိတိုင်းအပူစင်၊**
* **ကိုယ်မှာဖြစ်ဘိ၊ ဖြစ်တိုင်းသိ၊ သိတိုင်းအပူစင်၊**

“ကျွန်တော့်ကို စိတ်စူးစိုက်ရှုမှတ်ပေးပါခင်ဗျာ၊ ရှေ့ကဖြစ်ပျက်တွေကို နည်းသွားအောင် ရှုမှတ်ပေးပါခင်ဗျာ”ဆိုတော့ သတိဉာဏ်အားကောင်းတဲ့ သူက ရှေ့က လောဘကို စိတ်စူးစိုက်ရှုမှတ်ပေးတော့ နောက်ထပ်လောဘပေါ်မလာဘူး။

ဒီလောက် နာမည်ကြီးတဲ့ လောဘတောင် ပေါ်မလာတော့ပါလား၊ ငါနိုင်သွားပြီဟဲ့၊ အဲဒါ ဝိပဿနာလုပ်ခပေးသွားတာလေ။

သံသရာကို ချုပ်ကိုင်ထားတဲ့လောဘတောင်မှ သတိဉာဏ် အားကောင်းတဲ့ပုဂ္ဂိုလ် အတွက်ဆိုရင် လက်ဆောင်ကောင်းတွေ ပေးကြသေးတယ်၊ လောဘဖြစ်ခပေးတယ်၊ လျော်ကြေးပေးသွားတယ်ဗျ။

http://www.dhammadownload.com

# ဒေါသကဖြောင့်ချက်ပေးတယ်

တစ်ခါတစ်ရံ ဒေါသက ရှုးကနဲဖြစ်လာတယ်။

"ဟဲ့ ငါ့စိတ်တွေ ပူလည်းပူသေး၊ လောင်လည်းလောင်သေး, ဘယ့်နှယ်ဖြစ်တာလဲဟေ့ သြော် ဒေါသပါလား"

ဒေါသမှန်း သိသွားတော့ ဒေါသကဖြောင့်ချက်ပေးပြန်တယ်။

"ဟုတ်ပါတယ်၊ ကျွန်တော်ဒေါသပါခင်ဗျာ၊ ခင်ဗျားမှာ သတိပညာလက်နက်မရှိဘူးမှတ်ပြီး တိတ်တိတ်ခိုးဝင်မိတာပါ၊ ကျွန်တော်ဟာ ခင်ဗျားရဲ့ နှလုံးသားခန္ဓာအစဉ် ကျူးကျော်ဝင်ရောက်မိတဲ့အတွက် လျော်ကြေးပြန်ပေးပါ့မယ်၊ ကျွန်တော့်ကို သတိဉာဏ်နဲ့ စူးစိုက်ရှုမှတ်ပေးပါ

http://www.dhammadownload.com



ခင်ဗျာ”

ရှုမှတ်ပေးလိုက်တဲ့အခါမှာဒေါသက အနိစ္စ သဘော ပေါ်လာတယ်၊ ဒုက္ခ အနတ္တသဘောပေါ် လာတယ်၊ ဩော်-နာမည်ကြီးတဲ့ ဒေါသတောင် မှ တရားလက်နက်ရှိတဲ့ ပုဂ္ဂိုလ်အတွက် ဘဝ လက်ဆောင်ပေးသွားပါသေးလား၊ တုတ်ဓားကိုင်ဖို့ မလိုပဲ အနိုင်ရသွားတာ၊ လက်ဆောင်ကောင်းရတာ၊ ကိလေသာဖြစ်တာတောင်မှ ကိလေသာဖြစ်ခ ပေး သွားတယ်။

ဒါကြောင့် သာသနာနဲ့တွေ့တဲ့ပုဂ္ဂိုလ်တွေမှာ အပ္ပမာဒသတိ ကိုင်ထားရင် ခန္ဓာတစ်ခုလုံးလည်း လက်ဆောင်ပေးတယ်၊ တစ်ခုမှ အလကားမဖြစ် ဘူး၊ ပစ္စည်းအားလုံးလည်း ကိုယ့်ကို လက်ဆောင် ပေးတယ်၊ တစ်ခုမှအလကား မဖြစ်ဘူး။

ဘုရားလက်ထက်က ထေရိကာ အိမ်ရှင်မ ကြီး မီးဖိုချောင်ထဲချက်ရင်း ပြုတ်ရင်းနဲ့ ထမင်းချက် တာနိဗ္ဗာန်ရောက်ကြောင်းလေ၊ ဆန်, ဟင်းသီးဟင်း ရွက်တွေပြောင်းလဲသွားတာကိုကြည့်ပြီး မခိုင်မြဲပါ လား၊ သံဝေဂဉာဏ်ထဲမြင်လာ၊ ခန္ဓာဘက်ဉာဏ် လှည့်လိုက်တော့ မခိုင်မြဲခြင်း အသိတွေပေါ်၊

http://www.dhammadownload.com



ဝိပဿနာပွား၊ ခန္ဓာဗွိဒိယို, ခန္ဓာတီဗွီ, ခန္ဓာရုပ်မြင် နာမ်ကြားစက်ကြီးဖွင့်ကြည့်၊ ချက်ရင်းပြုတ်ရင်းနဲ့ ဝိပဿနာပွားတာ၊ မီးဖိုချောင်ထဲမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်ဖြစ်တယ်။

နောက်တော့ သာသနာဝင်ပြီး ဆက်အား ထုတ်တာ ရဟန္တာဖြစ်သတဲ့ဗျ။

ရှေးတုန်းက ကိုဉာဏ်ထူးဆိုတဲ့သူဟာ အကြောင်းအားလျော်စွာ အကျဉ်းထောင်ထဲရောက် သွားပေမယ့်၊ မေတ္တာပွား၊ ဝိပဿနာရှုမှတ်လိုက် တာ ထောင်ထဲမှာ သောတာပန်ဖြစ်တယ်၊ ဘဝ လက်ဆောင်လေ။

# တရားအသိမရှိရင် ငိုချင်စရာချည်းပဲ

လောကခံဆိုတာ တရားအသိမရှိသူတွေ အတွက် ငိုချင်စရာချည်းပဲ၊ အောက်တွန်းချတာ ချည်းပဲ၊ တရားအသိရှိသူအတွက် အပေါ်ကို တွန်း တင်တာ။

http://www.dhammadownload.com



အဆိုးတွေကလည်း ခုနပြောတဲ့ ဒူရင်းသီး ဥပမာလိုပဲ၊ ဆူးကို အစူးခံပြီးလျှောက်ကိုင်မနေဘူး၊ ခွဲမှာဗျ။

သာသနာအသိလေးတွေ ရထားတော့ ဆင်းရဲဒုက္ခတွေကို အသိလေးနဲ့ မျက်ခြည်မပြတ်အောင် သတိနဲ့သွင်းပြီး အသုံးချနိုင်အောင် ထုံနေအောင် လေ့ကျင့်ထားရလိမ့်မယ်။

ဒါကြောင့် မနက်အိပ်ရာထလာတာနဲ့ ဘုရားနဲ့တွေ့လို့၊ တရားနဲ့တွေ့လို့၊ ၁-မိနစ်ဆို ၁-မိနစ်၊ ၅ မိနစ်ဆို ၅ မိနစ်၊ ထပ်မလျော့စေနဲ့၊ တိုးသာတိုးပါစေ၊ နောက်ဆုံးတော့ တစ်နေ့လုံး အသိချင်းစပ်ထားအောင်ပြုလုပ်ကြရမယ်၊ဒါကြောင့်-

အပ္ပမာဒံ ပသံသန္တိ ပုညကြိယာသု ပဏ္ဍိတာ

ပုညကြိယာသု- ကောင်းမှုတရားကို ပြုလုပ်အားထုတ်ခြင်း၌၊ အပ္ပမာဒံ-မမေ့မလျော့ မပေါ့မတန်ထက်သန်ထူးခြား အပ္ပမာဒတရားကို၊ ပဏ္ဍိတာ -ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့သည်၊ ပသံသန္တိ-ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် ဘဝလက်ဆောင်စွမ်းအား

http://www.dhammadownload.com



ပြောင်တရားကို နာကြားကြရသော ဓမ္မသဝန မင်္ဂလာနှင့် ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့်၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဘေးရန်အနှောင့်အယှက် အတားအဆီးအချုပ်အချယ် အရှုပ်အထွေး အပူခပ်သိမ်း ထိတ်လန့်တုန်လှုပ်ဖွယ် ခပ်သိမ်းတို့မှ လွတ်ငြိမ်းကြပါစေကုန်သတည်း။

ကောင်းကျိုးချမ်းသာ ကျက်သရေ မင်္ဂလာအကြံအစည်ကောင်းများ ပြီးစီးထမြောက်အောင်မြင်ကြ၍ အပူအလွန်ပေါလှတဲ့ လောကကြီးမှာအားကိုးစရာ သူတော်ကောင်း တရားတိုးပွားအောင်ကြိုးစားဖြည့်ကျင့် စုဆောင်းအားထုတ်နိုင်လွယ်ကြပါစေကုန်သတည်း။

အားထုတ်နိုင်လွယ်ကြ၍ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ အသခ်ီတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကိုလွယ်ကူသောအကျင့် လျင်မြန်သော အသိဉာဏ်ဖြင့်အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

လက်ဆောင်ဆိုတာ
ကောင်းတဲ့အရာကိုသာ
လက်ဆောင်လို့ခေါ်ကြပါတယ်။
မကောင်းတာကို
လက်ဆောင်လို့မခေါ်ပါ
ဘဝလက်ဆောင်ဆိုတာလည်း
ကောင်းတာကိုပဲ
ဘဝလက်ဆောင် ခေါ်ပါတယ်

(ယော)ဆရာတော်

http://www.dhammadownload.com

ဘဝပင်လယ်ကြီးထဲမှာ
သံသရာခရီးသည်တစ်ယောက်
ဖြစ်ရခြားသော်လည်း
ဗုဒ္ဓသာသနာအလင်းရောင်အောက်မှာ
ရောက်နေတာဖြစ်လို့
အားရှိစရာစွမ်းအားတွေကို
စိတ်ကြိုက်ရယူနိုင်ကြပါတယ်

(ယော)ဆရာတော်

http://www.dhammadownload.com

ပုထုဇဉ်တွေမှာ

အခဲမကျေ သတ္တိတွေရှိတယ်

ကိုယ့်ဟာကိုယ်တောင်မှ

မကျေနပ်တာတွေ အများကြီး

ဘယ်အာရုံမှ

ကျေကျေနပ်နပ်မရှိချင်ဘူး

ဘယ်သူ့ကိုမှ

ကျေကျေနပ်နပ်မရှိချင်ဘူး

အခဲမကျေသတ္တိတွေပေါ့

(ယော)ဆရာတော်

http://www.dhammadownload.com

လောဘ ဒေါသ မောဟဆိုတဲ့
အပူငွေ့တွေ
နေ့စဉ်ထွက်နေကြပါတယ်
အသက်ကြီးလေ တိုးလေ
အားလေတိုးလေ
အားလေဆိုးလေ
သူတို့ကိုနိုင်တာ
တရားတစ်ခုပဲရှိပါတယ်

(ယော)ဆရာတော်

http://www.dhammadownload.com

လောကလူသားဆိုတာ

စားဝတ်နေရေး စီးပွားရေးလူမှုရေး

အလုပ်တွေနဲ့

လုံးလည်ချာလည်လိုက်လို့

အာရုံဖိစီးမှု ဒုက္ခအောက်မှာ

စိတ်ကလေး ပြားပြားဝပ်ပြီးတော့

ပူလောင်ရှုပ်ထွေးစွာနေရတဲ့

အဝိဇ္ဇာတဏှာမြစ်ကြီးရဲ့

ဒီမှာဘက်ကမ်းက လူသားတွေ

(ယော)ဆရာတော်

http://www.dhammadownload.com

မြေမရှိ ငွေမရှိပဲ ဘုရားတည်နည်း၊
နှလုံးသားဝယ် တရားတည်မှ
ဘုရားတည်သည် ခေါ်နိုင်ကြောင်း
စသည့် အယူအဆ ဩဝါဒများဖြင့်

# နှလုံးသားဝယ် ဘုရားတည်

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေမှ ဖြန့်ချိပါမည်။

စာမူစွင့်ပြုချက် ၂၅၃/ ၂၀၀၃ (၄)

http://www.dhammadownload.com

ဗုဒ္ဓ၊ ဓမ္မ၊ သံဃ အဓိပ္ပာယ်
ဘာဝနာ၊ ဝိပဿနာ၊ သမာဓိ၊ ပညာ၊
ဒါန၊ သီလ၊ ကုသိုလ်၊ သဒ္ဓါ၊ စေတနာ၊
ကံ၊ သတိ၊ စိတ်တို့၏
အထွေထွေသဘောတရား
သူတော်ကောင်း၊ ပုထုဇဉ်၊ ခန္ဓာ၊
အချိန်တို့၏ ဖွင့်ဆိုချက် အမျိုးမျိုးတို့ကို
လိုရင်းတိုရှင်း ထုတ်နုတ်ထားသော

# ဩဝါဒပဒေသာ (၂)

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေမှ ဖြန့်ချိပါမည်။

စာမူခွင့်ပြုချက် ၁၅၃/ ၂၀၀၃ (၄)

http://www.dhammadownload.com

# ရွှေစန္ဒာထွန်းစာပေတိုက်မှ ထုတ်ဝေပြီးသော (ယော)ဆရာတော်၏ တရားဒေသနာများ

(၁) မေတ္တာနှလုံးအလှဆုံး

(၂) အဆင်းအတက်လမ်းနှစ်ဖက်

(၃) အသိမှန်ကန်အဖိုးတန်

(၄) ကုသိုလ်လည်းရ ဝမ်းလည်းဝ

(၅) ဆင်းရဲ၏နောက် ချမ်းသာရောက်

(၆) စိတ်အေးစရာသာသနာ

(၇) အိမ်တွင်းမင်္ဂလာလှ့ကျင့်စဉ်

(၈) မေတ္တာတရားလှ့စွမ်းအား

(၉) သမုဒ္ဒရာဝမ်းတစ်ထွာ

(၁၀) စိတ်စွမ်းရည်

(၁၁) ဘဝဇာတ်ခုံပုံစံခုံ

http://www.dhammadownload.com

(၁၂) ပညာလမ်းပြလူ့အလှ

(၁၃) အပေါင်းလက္ခဏာ

(၁၄) ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း

(၁၅) အသီးတစ်ရာအညှာတစ်ခု

(၁၆) တရားပြည့်ဝအရိပ်ရ

(၁၇) အဆိုးကိုရှောင်အကျိုးဆောင်

(၁၈) ဘဝတစ်ခေါက်ခဏရောက်

(၁၉) ဩဝါဒပဒေသာ

(၂၀) အချိန်တန်ဖိုးလူ့တန်ခိုး

(၂၁) ယောတရားတော်

(၂၂) ဗုဒ္ဓလမ်းညွှန်အကျင့်မှန်

(၂၃) ပစ္စည်းတန်ဖိုးလူ့တန်ခိုး

(၂၄) ဘဝပင်လယ် ခရီးသည်

http://www.dhammadownload.com

ရွှေစန္ဒာထွန်းစာပေတိုက်မှ
ဆက်လက်ထွက်ရှိမည့်
(ယော)ဆရာတော်၏
တရားဒေသနာများ

(၁) နှလုံးသားဝယ် ဘုရားတည်
(အသစ်စက်စက်တရားတော်)
(၂) ဩဝါဒပဒေသာ (၂)

http://www.dhammadownload.com

ရွှေစန္ဒာထွန်းစာပေတိုက်မှ
စီစဉ်နေဆဲ
(ယော)ဆရာတော်၏
တရားဒေသနာများ

(၁) လူ့ဘဝထဲ စာမေးပွဲ
(၂) အား တရားတော်

မှာကြားနိုင်ပါသည်
ရွှေစန္ဒာထွန်းစာပေ
အမှတ် ၉၆ (မြေညီ)၊ ၃၈ လမ်း
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

http://www.dhammadownload.com